www.burmeseclassic.com

TWO CATS PUBLICATION




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၀၃၁၀၀၆၀၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၅၆၁၀၆၀၅
ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၆ ခုနှစ် ဇူလိုင်လ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"နွေ"ဆိုတာ. . . တကယ်တော့ အပူရောင်တွေသွန်းကြပက်ချခံထားရတဲ့ ရာသီဥတုတစ်ခုပဲ. . .။ ကျွန်တော်က. . . နွေရာသီကို မနှစ်သက်ဘူး။ အညိုးအတေးရှိကြသူများ မဟုတ်တဲ့အတွက် နွေရာသီကိုမုန်းတယ်. . . လို့တော့ ကျွန်တော်မပြောချင်ပါဘူး. . .။ သေချာတာကတော့ ကျွန်တော်က သွေ့ခြောက်မှုနဲ့ ပူပြင်းမှုတွေကို သိပ်မနှစ်လိုတတ်ဘူး။

ဒီနေ့မနက်လည်း ကျွန်တော်အိပ်ရာကနိုးတော့ (၆)နာရီပဲရှိသေးတယ်။ ဒါတောင်မှ နေကထွက်ပြီးနေပြီ။ တစ်ညလုံးအပူရှိန်ကြောင့် အိပ်မပျော်ပေမယ့် မနက်ကျတော့လည်း စောစောနိုးနေပြန်တယ်။ ကပျာကယာရေထချိုး၊ အဝတ်အစားလဲပြီး ထွက်မယ်အလုပ်မှာ တံခါးဝက ရွက်ဆုတ်ပြက္ခဒိန်ကိုတွေ့လို့ သတိတရဆုတ်ပစ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"သွားလေရော ဓမ္မြိလှ. . .။ နွေတစ်လတော့ ကုန်ဆုံးသွားပြန်ပြီ. . .။

ဒီနွေမှာလဲ (၁)ရက်. . .။ ဒီလကုန်ရင်တော့ မိုးဦးကျလောက်ပြီ. . . လို့တွေးရင်း ကျွန်တော်စိတ်ရှုပ်သွားရပြန်ပါတယ်။ ဟုတ်တယ်။ ကျွန်တော်က. . . မိုးရာသီကိုလည်း မကြိုက်ဘူး။ အပူတွေတော့ လျော့သွားမှာပေါ့လေ။

အခန်းထဲခါးကို ပိတ်နေတုန်းတစ်ဖက်ခန်းက. . . မင်းသော် ထွက်လာပြီး အိပ်မှုန်စုံမွှားပုံနဲ့ နှုတ်ဆက်တယ်. . .။

"ဟင်. . . သွားတော့မလို့လား"

"အေးကွ. . . ခုရက်တွေ တအားပူလို့ စောစောထွက်တယ်၊ ဆယ်နာရီခွဲနဲ့ ဆယ့်တစ်နာရီလောက်ဆိုပြန်လာပြီး ညနေလေးခွဲငါးလောက်မှ ပြန်ထွက်တယ်"

"ကောင်းသားပဲ. . . ညနေထွက်ရင်. . . ကျွန်တော်ကားကြုံလိုက်ဦးမယ်"

"လိုက်လေ. . ."

မင်းသော်ကို နှုတ်ဆက်ပြီး ကျွန်တော်ထွက်လာခဲ့လိုက်တယ်။ ကျွန်တော်က TAXI မောင်းတယ်။ ငှားမောင်းတာတော့ မဟုတ်ဘူး။ ကျွန်တော့်ကိုယ်ပိုင်ကားပါ။ ကျွန်တော်က မျှော်လင့်ချက်ကြီးကြီးနဲ့ ငယ်ငယ်တည်းက နိုင်ငံခြားမှာ အလုပ်သွားလုပ်ခဲ့တယ်။ ပြည်စုံလို့ ပြန်လာမယ်ပြင်တော့ မိသားစုတစ်စုလုံး ကားအက်ဆီးဒင့်နဲ့ဆုံးသွားကြတယ်။ ဖေဖေရယ်၊ မေမေရယ်၊ မမနဲ့ ညီမလေးရယ်။

ဘယ်သူမှမရှိတော့တဲ့ အိမ်အကြီးကြီးမှာ ကျွန်တော်တစ်ယောက်တည်းဘယ်လိုအင်အားနဲ့မှ ဆက်မနေနိုင်တော့တာကြောင့် သူငယ်ချင်းနှစ်ယောက်နဲ့အတူ တိုက်ခန်းလေးတစ်ခန်းငှားနေကြတယ်။ အိမ်ကြီးကိုတော့ ငှားထားလိုက်တယ်။





ဒီတိုက်ခန်းလေးမှာက. . . အခန်းနှစ်ခန်းပဲပါတယ်။ လူက သုံးယောက်။ ဒါကြောင့် နောက်ဖေးက ထမင်းစားခန်းကို အခန်းလုပ်ပြီး တစ်ယောက်ကနေတယ်။ မင်းသော်က ကွန်ပျူတာပညာရှင်. . . (ဒါ. . . ကျွန်တော်ကခေါ်တာ)။ နောက်တစ်ယောက်ဖြစ်တဲ့ 'သီလ'က ကျူရှင်ဆရာ. . .။ တကယ့် ဝိုင်းကြီးကြီးတွေမှကိုင်တဲ့ဆရာမျိုးပါ။ နာမည်လည်းကြီးတယ်။ ကျွန်တော့်ကိုတော့ သူတို့က ဘုရှာအသေး. . . လို့ခေါ်ကြတယ်။ ကျွန်တော့်မှာ ပိုင်ဆိုင်တာက ငွေနဲ့ဥစ္စာပဲကိုး။ ခု. . . ကားမောင်းရင်း. . . ကျောင်းပြန်တက်ရကောင်းမလားစဉ်းစားတာ မတက်ဖြစ်ပါဘူး။

ထုံးစံအတိုင်း ကျွန်တော်ထိုင်နေကျ လက်ဖက်ရည်ဆိုင်လေးမှာ ထိုင်တယ်။ ဆိုင်ရှင်က 'ဟိုဆရာလေးတောင်လာသွားပြီ'တဲ့။ ထုတ်မှာ ပေါ့။ သီလက မနက်(၇)နာရီဝိုင်းတစ်ဝိုင်းရှိတယ်။ ကျွန်တော် စားသောက်ပြီး ထွက်လာတော့ ခုနှစ်နာရီတောင် မရှိချင်သေးဘူး ခုထိလည်း ဈေးဦးမပေါက်သေးဘူး။ ဒါပေမယ့် ကျွန်တော်စိတ်မပျက်ပါဘူး။ စောစောစီးစီး ကားလျှောက်မောင်းရတာ တစ်မျိုးပျော်စရာကောင်းပါတယ်. . .။

တော်တော်လေးလည်းမောင်းလာမိရော. . . မမျှော်လင့်ထားတာကိုတွေ့လိုက်ရတယ်။

"အဲ. . ."

ပထမတော့. . . ကျွန်တော် ဓာတ်တိုင်ကိုပဲမြင်တာပါ။ ပြီးမှ. . . ဓာတ်တိုင်နောက်က လက်ဖြူဖြူသွယ်သွယ်လေးတစ်ဖက် ထွက်လာပြီး ကားတားတာကိုတွေ့လိုက်ရတာမို့. . . အံ့ဩသွားရတာ ကျွန်တော်ကားကိုရပ်ပေးလိုက်တယ်ဆိုရင်ပဲ. . . ဓာတ်တိုင်အကွယ်က ဖြူဖျော့ဖျော့မိန်းကလေးတစ်ယောက်ထွက်လာပြီး၊ ကားနောက်ခန်းတံခါးကို ဆွဲဖွင့်ထိုင်လိုက်တယ်။

www.burmeseclassic.com



တခြားမိန်းကလေးတွေလို ဈေးစကားအရင်မမေးတာကြောင့် နှ်တော်တောင်အံ့ဩရသေးတယ်။ ခက်တာက ဘယ်မောင်းရမလဲ သိတာ။ ဒီတော့ ကျွန်တော်ပဲ မေးလိုက်ရတယ်။

"ဘယ်လဲ. . . ဘယ်သွားမှာလဲ"

ကျွန်တော်က လှည့်မေးလိုက်ပေမယ့်. . . ကောင်မလေးက က်ချင်းမဖြေနိုင်သေးဘူး။ အသက်ကိုခပ်ပြင်းပြင်းအားယူပြီး ရှူနေရာ ယ်။ သူကြည့်ရတာလည်း အရမ်းမောပန်းလာတဲ့ တာဝေးအပြေး မားတစ်ယောက်လိုပဲ။ မိနစ်ဝက်လောက်ကြာမှ. . . အသံထွက်လာ ယ်။

"အာရှတော်ဝင်"

"ဗျာ. . . ဆေးရုံလား"

သူမ. . . အသာခေါင်းညိတ်ပြတာမို့ ကျွန်တော်. . . မောင်းဖို့ ရတော့တာပေါ့။ ဒါပေမယ့် မမောင်းခင်. . . သူမကိုအရင် စူးစမ်း တယ်။ လက်ထဲမှာ . . . အနက်ရောင်လယ်သာဖိုးစာအုပ်တစ်အုပ် လွဲပြီး ဘာမှပါမလာဘူး။ (ပိုက်ဆံအိတ်တောင် မတွေ့ဘူး)။ ဆေးရုံ ဆေးခန်းသွားတယ်ဆိုတာ ကျွန်တော်နားလည်သလောက်က ဆေး ာအုပ်ပါရမယ်၊ အဖော်ပါရမယ်၊ ယုတ်စွအဆုံး. . . ငွေပါရမယ်။ ဟာက တစ်မျိုးပဲ။ ထူးဆန်းနေတယ်။ ပြီးတော့. . . သူကြည့်ရတာ ည်း အတော့်ကို သွေးဆုတ်ဖြူရော်မောပန်းနေသလိုပဲ။

"ခင်ဗျား. . . အဖော်မပါဘူးလား"

သူမက. . . ခေါင်းခါပြတယ်။ ပြီး. . . ကျွန်တော့်ကို လက်ဟန် ပြီး မောင်းခိုင်းတယ်။ ဒါကြောင့် ကျွန်တော်မောင်းထွက်ခဲ့လိုက်တယ်။ ျွန်တော်ရောက်နေတဲ့နေရာက ဝေဇယန္တာလမ်းမကြီးဘက်မှာပါ။ ာရှတော်ဝင်ကိုရောက်အောင် တော်တော်မောင်းရဦးမှာမို့ သူမကို တ်မသက်မသာတစ်ချက်ကြည့်မိပြီး ကျွန်တော်ရင်မောသွားရတယ်။



အတိုဆုံးနဲ့ အမြန်ဆုံးရောက်နိုင်မယ့်လမ်းကို စဉ်းစားတွက်ချက်ရင်း ခပ်သွက်သွက်လေးမောင်းခဲ့လိုက်တယ်။

ကျွန်တော့်ဘဝမှာတော့ ဒါဟာ ပထမဆုံးကားကို အမြန်မောင်း မိခြင်းပါပဲ။ ကျွန်တော့်မိသားစုဟာ ကားနဲ့အသက်ဆုံးရှုံးခဲ့ကြရတာ ကျွန်တော်ဘယ်တော့မှ ကားကိုမြန်မြန်မောင်းလေ့မရှိဘူး။ ဘယ်သူက ဘယ်လိုစည်းဖောက်လာလာ ကျွန်တော်ကပဲ သည်းခံရှောင်လေ့ရှိတယ်။ အရက်သေစာလည်း မသောက်တော့ဘူး။ ခုတော့. . . ဒီကောင်မလေး အတွက် ကျွန်တော်ကားကို မြန်မြန်လေးစ,မောင်းနေမိပြီ။ သူ. . . ဆေးရုံရောက်ဖို့အရေးကြီးတယ်ဆိုတာ ကျွန်တော့်ရင်ထဲမှာ အလိုလို သိနေသလိုပဲ။

"ဒီမှာ. . ."

ချော်တွင်းကုန်းမီးပွိုင့်ကျော်တော့ ကျွန်တော့်ကို သူ. . . လှမ်း ခေါ်ပါတယ်။

"ဗျာ"

ကျွန်တော်တစ်ချက်ဖျပ်ခနဲ လှမ်းကြည့်ပြီး ထူးလိုက်တော့ ကောင်မလေးက မှာတယ်။

"ဟိုရောက်လို့. . . ကျွန်မတစ်ခုခုဖြစ်ခဲ့နေရင်. . . ဒေါက်တာ ဦးတင်လတ်ကို ခေါ်မေးဖို့ ပြောပေးပါနော်"

"ဟုတ်. . ."

ကြည့်ရတာ ကျွန်တော့်တာဝန်က ကားမောင်းဖို့ရုံသက်သက် မဟုတ်တော့ဘူး။ သူ့တာဝန်ပါ ယူရတော့မယ့်ပုံပဲ။ သူ့ဆွေမျိုးသားချင်း ကို မှာနေသလိုမျိုး. . .။ ဘာပဲပြောပြော ခုလိုကြိုပြီးသတိပေးထား သတိရတဲ့ကောင်မလေးကိုပဲ ချီးကျူးရဦးမယ်။ ပြောပြီးတာနဲ့ သူ့ခေါ စိတ်အေးသွားပုံနဲ့ ပြန်ငြိမ်သွားတယ်။

လှည်းတန်းမီးပွိုင့်ရောက်တော့ မီးနီနဲ့ တည့်တည့်တိုးပါလေ



www.burmeseclassic.com

www.burmeseclassic.com



ရော။ ရန်ကုန်မြို့မှာတော့ ပျင်းစရာအကောင်းဆုံးမီးပွိုင့်တွေထဲက တစ်ခုပေါ့။ ကျွန်တော် စိတ်ပျက်လက်ပျက်နဲ့ ကားရပ်ထားတုန်းမှာပဲ ကောင်မလေးက ထပ်ခေါ်ပြန်တယ်။

"ဒီမှာ. . ."

"ပြော. . ."

ဒီတစ်ခါတော့ ကျွန်တော် ကားရပ်ထားတာမို့ သူမကိုသေသေချာချာလှည့်ကြည့်လိုက်တယ်။ သူမရဲ့မျက်နှာက ကြောက်စရာကောင်းလောက်အောင် သွေးဆုတ်ဖြူရော်နေသလိုပဲ။ ဒါပေမယ့် မျက်နှာလှလှလေးက ပြုံးနေတယ်။

"ရှင်သိလား. . . ဒီနေ့ဘာနေ့လဲဆိုတာ. . ."

"အင်း. . . သိတယ်၊ သောကြာနေ့လေ. . ."

"မဟုတ်ဘူး. . . ဒီနေ့. . . ဧပြီလ (၃၁)ရက်နေ့. . ."

မြတ်စွာဘုရား. . .။

ကျွန်တော်. . . တကယ့်ကို နှုတ်က လေသံမထွက်ရုံတမယ်ဘုရားတ,မိတာပါ။

"ကြံကြီးစည်ရာဗျာ. . . ဧပြီလက. . . ရက်(၃၀)ထဲရှိတဲ့ဟာ၊ ဒီနေ့ မေလ(၁)ရက်နေ့ပါ. . ."

ကျွန်တော့စကားကြောင့် သူမကပြုံးတယ်။ ခေါင်းကိုတောင်ယောင်ယောင်ကလေးခါလိုက်သေးသလိုပဲ။

"မဟုတ်ပါဘူး၊ ဧပြီလ (၃၁)ရက်နေ့ပါ. . . ဧပြီလမှာ. . . (၃၁)ရက်မရှိဘူးလို့ ခင်ဗျားကို ဘယ်သူကပြောလဲ. . ."

"အဲ. . ."

လေသံကဖျော့ဖျော့လေးပေမယ့်. . . ငြင်းဆန်ပုံက တင်းမာပြတ်သားတယ်။ ကျွန်တော်တောင် ဘာပြောရမှန်း မသိဘူး။ ပြက္ခဒိန်တွေကိုလုပ်ခဲ့တယ်ဆိုတဲ့ သူကိုပဲ ပြေးတ,ရတော့မလို။ 30 days in September, April, June and November ဆိုတဲ့လင်္ကာကိုပဲ. . . ရွတ်ပြရတော့မလိုနဲ့ ဘာလုပ်ရမှန်း မသိတော့ဘူး။ သူမကတော့ ငြိမ်နေမိတဲ့ ကျွန်တော့်ကို အောင်နိုင်သူ အပြုံးနဲ့ပြောတယ်။



"ဒီနေ့. . . ဧပြီလ (၃၁)ရက်နေ့မှာ ကျွန်မနဲ့ မောင်နဲ့ လက်ထပ်ကြမှာ. . . ခု. . . ကျွန်မက အတော်နေမကောင်းနေလို့. . .၊ ဒါပေမယ့် ဆရာကြီးဆီရောက်ရင် ကျွန်မနေကောင်းသွားမှာပါ. . . ကျွန်မတို့ လက်ထပ်တဲ့အခါ အရမ်းပျော်စရာကောင်းမှာပဲ. . . ရှင်သိလား"

ကျွန်တော်ဘယ်လိုလုပ်မှ မသိနိုင်ပါဘူး။ လောလောဆယ်ကျွန်တော်သိတာက အဲလိုပြောနေတဲ့အချိန်မှာ သူမရဲ့ဖြူဆုတ်ပြာရော်နေတဲ့ နှုတ်ခမ်းလေးတွေက ပြုံးယောင်သန်းနေတယ်။ ခေါင်းလေးကိုနောက်မှီပေါ် ခပ်လျောလျောလေး မှီထားပုံကတော့ ရှော့ရဲရဲပဲ။ ကျွန်တော်, ကျွန်တော့်ရှေ့က ပိုးဟပ်ဖြူရုပ်ကလေးကို ကရုဏာသက်တဲ့အကြည့်နဲ့ တစ်ချက်ကြည့်မိလိုက်တယ်။ သူမကတော့ ကားမှန်ကတစ်ဆင့် အပြင်ကိုကြည့်နေတယ်။ သူ့အကြည့်တွေက အဝေးကြီးကိုမှန်းရော်ကြည့်နေသလိုပဲ. . .။

အဲဒီအချိန်မှာပဲ. . . မီးစိမ်းသွားတယ်။

အစိမ်းရောင်မီးကိုတွေ့လို့ ပျော်သွားရတာ ဘဝမှာ ဒီတစ်ခါမှတ်မှတ်ရရရှိလိမ့်မယ်ထင်ပါတယ်။

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဟော့. . . ဆေးရုံရောက်ပြီ. . "

အာရှတော်ဝင်ရှေ့ကားရပ်လို့ လှည့်ကြည့်မိတော့ သူမက. . . အိပ်ပျော်နေတာလား၊ မှိန်းနေတာလားမသိဘူး၊ မျက်စိစုံမှိတ်ထားတယ်။ ကျွန်တော်ပြောတာလည်း သူမကြားဘူး။

"ဟော့. . . ဆေးရုံရောက်ပြီကွ. . . "

မလှုပ်ပါဘူး။ ကျွန်တော်စိုးရိမ်သွားရတယ်။ သူမပြောခဲ့သလို သတိလစ်မေ့မျောသွားတာမျိုးလား။ ထပ်ခေါ်ပေမယ့် မနိုးဘူး။ ထိလည်းမထိရဲတာကြောင့် ဆေးရုံထဲပြေးဝင်ပြီး အကျိုးအကြောင်းပြောပြတော့ ဆေးရုံက စထရက်ချာနဲ့ လာမ,ထုတ်သွားတယ်။ emergency room ထဲကို ရောက်တယ်ဆိုရင်ပဲ. . . ကျွန်တော်က သူမ,မှာခဲ့တဲ့အတိုင်း Dr. ဦးတင်လတ်ကို ခေါ်ပေးဖို့ တာဝန်ကျ M.C ပြောပေး





လိုက်တယ်။

M.O က ကျွန်တော့်ကိုစစ်ဆေးနေရာကပြန်မေးတယ်။

'လူနာက. . . ခင်ဗျားနဲ့ဘာတော်လဲ. . . "

"ဗျာ. . . ဘာမှမတော်ဘူး. . . သူ ကျွန်တော့်ကားကို ငှားစီးလာတာ၊ လမ်းမှာ. . . သူတစ်ခုခုဖြစ်ရင် ဒီဆရာဝန်ကို ခေါ်ခိုင်းပေးပါလို့ကြိုမှာထားခဲ့လို့. . . "

"ခေါ်စရာမလိုတော့ပါဘူး"

"ဗျာ. . . ဘယ်လို. . . ဘာဖြစ်လို့. . . "

"လူနာက အသက်မှမရှိတော့တာ. . . "

"ဗျာ. . . "

ကျွန်တော် ခုတင်ပေါ်မှာ အရုပ်ဖြူဖြူလေးတစ်ခုတင်ထားသလို မလှုပ်မယှက်ရှိနေတဲ့ ကောင်မလေးကို ကျွန်တော်ကြည့်လိုက်မိတယ်။ အို. . . သူ့မျက်နှာက ပြုံးနေသေးသလိုပဲ။ စောစောကလှည်းတန်းမီးပွိုင့်မှာ သူချစ်သူနဲ့လက်ထပ်မယ်လို့ပြောတုန်းက ပြုံးသော်သန်းနေပုံမျိုး။ ဘုရားသခင်. . . ။ သူမ အဲဒီကတည်းက အသက်ထွက်သွားခဲ့တာလေလား။

M.O က ကျွန်တော့်ကို စူးစမ်းသလိုကြည့်ပြီးမေးတယ်။

"ခင်ဗျားသူ့ကို ဘယ်နားက တင်ခေါ်လာတာလဲ. . . "

"ဝေဇယန္တာလမ်းမပေါ်က. . . "

အင်မတန်ရှည်လျားတဲ့လမ်းတစ်ခုဖြစ်တာမို့ M.O က ဘာဆက်မေးရမှန်းမသိပုံနဲ့ ငြိမ်သွားတယ်။ ပြီးမှ. . .

"ခင်ဗျားကလည်း ဘာမှမဆိုင်တဲ့လူဆိုတော့ ဒုက္ခပဲ. . . ဦးတင်လတ်ရဲ့ပေးရှင့်ဆိုပေမယ့် လူနာမှတ်တမ်းရှာရအောင်လည်း မှတ်တမ်းစာအုပ်က လူနာလက်ထဲမှာပဲရှိမှာ. . . မရရင်တော့. . . "

မရရင်သူဘာဆက်လုပ်မှာလဲ. . . ။ သူ့ဘာသာသူလည်း



www.burmeseclassic.com

www.burmeseclassic.com



သိသေးပုံမရဘူး။ ကျွန်တော်ကလည်း ဘာလုပ်ပေးရမှန်းမသိဘူး။

"ဟာ. . . ခုမှသတိရတယ်. . ."

ကျွန်တော် သူ့မလက်ထဲက လယ်သာဖုံးစာအုပ်အနက်ကလေးကို အားသတိရမိလို့ပါ။ ကျွန်တော့်စကားကြောင့် ဆရာဝန်လေးက မျှော်လင့်ချက်နဲ့ ကျွန်တော့်ကို လှမ်းကြည့်တယ်။ ဘာလဲပေါ့။

"ခုနက. . . ကားပေါ်တက်လာတုန်းက သူ့လက်ထဲမှာ ဒိုင်ယာရီလိုစာအုပ်တစ်အုပ်ပါလာတယ်. . . ကားပေါ်မှာကျခဲ့လားမသိဘူး။ ကျွန်တော်သွားကြည့်လိုက်ဦးမယ်. . ."

ပြောပြောဆိုဆို ကျွန်တော်လှည့်အထွက်မှာ M.O လေးက ကျွန်တော့်နောက်က ပြေးလိုက်လာတယ်။ ကားတံခါးကို ဖွင့်လိုက်တယ်ဆိုရင်ပဲ ကားရှေ့ကြမ်းပြင်မှာကျနေတဲ့ လယ်သာအနက်ဖုံးစာအုပ်ထူထူလေးကို တွေ့လိုက်ရတယ်။

ကပျာကယာကောက်ယူလိုက်ပြီးစာအုပ်ကို ဖွင့်လိုက်တယ်ဆိုရင်ပဲ ကျွန်တော်ကော ဆရာဝန်လေးပါ. . . မျှော်လင့်ချက်တစ်ဝက်မဲ့သွားရတယ်။ ရှေ့က personal data မှာ ဘာမှရေးထည့်မထားဘူး။ ပြီးတော့စာအုပ်ဟာ ရိုးရိုးစာအုပ်တစ်အုပ်ပဲ၊ ဒိုင်ယာရီလည်း မဟုတ်ဘူး။ စာအုပ်အဖုံးကြားမှာ ညှပ်ထားတဲ့ထောင်တန်တချို့ကိုတွေ့ရတော့ ပိုက်ဆံအိတ်အစားယူလာတာနေမှာလို့တောင် တွေးမိတယ်။

"ဟာ. . . ဟိုမှာ. . ."

ဆရာဝန်လေးရဲ့အသံပါ. . .။ တဖျပ်ဖျပ်လှန်နေတဲ့ စာရွက်ဖြူဖြူတွေကြားမှာ မင်အနက်နဲ့ ရေးထားတဲ့စာကြောင်းတချို့ကို တွေ့လိုက်ရလို့ပါ။ ကျွန်တော်တို့နှစ်ယောက်ဝမ်းသာသွားပုံက ပြောပြစရာစကားလုံးတောင်မရှိဘူး။ ဒါပေမယ့် ရေးထားတဲ့စာလုံးလေးက ကျွန်တော်တို့အတွက် ဘာအထောက်အကူမှ မပြုပါဘူး။ ရင်ထဲမှာ မောဟိုက်လေးလံသွားကြရတာက လွဲရင်ပေါ့။





"ဧပြီလ (၃၁)ရက်နေ့. . .
မောင်နဲ့ ယုစံ. . . လက်ထပ်ကြမယ်. . ."

အဲဒီစာသားလေးတွေက "ယုစံ"ဆိုတဲ့ကောင်မလေးရေးထားတာလား၊ "မောင်"ဆိုတဲ့လူ. . . ရေးထားတာလားတောင် ကျွန်တော်တို့ မသိနိုင်ပါဘူး။ ဆရာဝန်လေးကတော့ ဧပြီလ (၃၁)ရက်ဆိုတာကို သိပ်ပြီးသတိထားပုံတောင် မပေါ်ဘူး။ ကျွန်တော့်မှာသာ အဲဒီ ဧပြီ (၃၁)ရက်ဆိုတာကြီးက အာရုံထဲလာရှုပ်နေတယ်။ တကယ်ပဲ ကျွန်တော် မသိလိုက်ခင်မှာ ပြက္ခဒိန်တွေပြောင်းသွားခဲ့တာလား. . .။

"ဒီမှာ. . ."

ဆရာဝန်လေးက. . . ကျွန်တော့်ကိုခေါ်တယ်။

"ဟုတ်ကဲ့. . . ပြောပါ. . ."

"ခင်ဗျားနာမည်က. . ."

"သိုးထိန်းသား . . ."

"ခက်တာပဲ. . . ခင်ဗျားနာမည်သိလို့လည်း ဘာမှလုပ်လို့မရဘူး"

ခေါင်းကိုခပ်ဖွဖွကုတ်ပြီး ညည်းတယ်။ ဘာမှလုပ်လို့မရရင် နဂိုတည်းက ကျွန်တော့်နာမည်ကို မမေးပါနဲ့လား။ ပြီးတော့မှ ကျွန်တော့်ကို ပြောတယ်။

"ခင်ဗျားခေါ်လာတာမို့ ခင်ဗျားမှာတော့ တာဝန်ရှိတာပဲ. . ."

"ကျွန်တော်က TAXI DRIVER ဆိုတာ မမေ့မသွားနဲ့နော်. . . လူမှုရေးစိတ်ရှိလို့ ဆေးရုံထဲထိဝင်အကြောင်းကြားပေးတာ. . ."

"ခု. . . ဘယ်လိုလုပ်ကြမှာလဲ. . . ဘယ်ကမှန်းမသိ၊ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



မှန်းမသိနဲ့. . . ကျွန်တော်တို့က နာရေးကူညီမှုအသင်းကိုပဲ အကြောင်းကြားရတော့မယ်ထင်တယ်. . . ပိုင်ရှင်မဲ့အလောင်းပေါ့. . . ”

အဲဒီဆရာဝန်ရဲ့ဆုံးဖြတ်ချက်က မှန်ပါတယ်။ ဒါပေမယ့်. . . နည်းနည်းတော့ ဥပက္ခာဆန်လွန်းသလိုပဲ. . .။ အင်းလေ. . . သူ့အမှားမှ မဟုတ်တာ။ သူနဲ့ ဒီလူနာကောင်မလေးကလည်း အသိတွေမှ မဟုတ်တာ။ သူက ကျွန်တော့်ထက် နာရီပိုင်းလောက်နောက်ကျပြီး တွေ့တာ တစ်ခုပဲရှိတာမို့ ဘာကရုဏာမှလည်း သူ့မှာရှိမနေတာ သူမှန်တာပဲ။ မှားတာက ကျွန်တော်လေ။ ကျွန်တော်က ဒီကောင်မလေးကို ပိုင်ရှင်မဲ့အလောင်းအဖြစ် မသင်္ဂြိုဟ်ပစ်ချင်ဘူး။ တာဝန်ယူလိုက်ရအောင်ကလည်း ကျွန်တော်နဲ့သူ့ က ဘယ်လိုမှပတ်သက် မနေဘူး။ တော်ကြာ. . . တာဝန်ယူလိုက်ပြီးကာမှ သူ့စာအုပ်ထဲက ‘မောင်’ ဆိုတာရယ်. . . သူ့မိဘမောင်ဘွားဆိုတာတွေရယ် ရောက်လာပြီး ကျွန်တော့်ကို အမှုလာပတ်နေမှ အလကားနေရင်း ပြဿနာတက်နေဦးမယ်။

“ကဲကဲ. . . ခင်ဗျားလည်း ဘာမှတာဝန်မယူရင်ပြန်တော့. . . ကျွန်တော်ပဲ ဆက်စုံစမ်းရတော့မှာပဲ. . . ”

ဆရာဝန်က ကျွန်တော့်ကို အဲလိုပြောတာကြောင့် ကျွန်တော်သူ့ကိုတစ်ချက်ကြည့်ရင်း. . . ဆုံးဖြတ်ချက်ချလိုက်တယ်။

“ဒီလိုလုပ်ပါဆရာ. . . ”

“ပြော. . . ”

“ကျွန်တော်က သူ့ကိုတင်ခေါ်လာတဲ့အနားတစ်ဝိုက်မှာ သူ့အိမ်ရှိမရှိသွားရှာမယ်. . . ”

“ကောင်းသားပဲ. . . ”

“ခင်ဗျားက. . . ဒီဆေးရုံမှာ သူပြနေကျဟုတ်မဟုတ်နဲ့. . . ပြဖြစ်နေတာဟုတ်ရင်. . . သူနဲ့ဆက်နွယ်နေတဲ့ personal data တစ်ခုခု





ရမရစုံစမ်းထား. . . ကျွန်တော်တို့နေ့လယ်. . . ပြန်ဆုံကြမယ်. . . ”

“ကောင်းပြီ. . . ”

ကျွန်တော်. . . ဝေဇယန္တာလမ်းမကြီးဖက်ပြန်မောင်းလာခဲ့လိုက်တယ်. . . သူ့ကိုကျွန်တော် ဘယ်နားကနေ တင်ခဲ့တာလဲဆိုတာတောင် မေ့တော့တော့ပဲ။ ဟုတ်တယ်လေ. . . ဘယ် Taxi ဒရိုင်ဘာကမှ သူ့တစ်နေ့တစ်နေ့တင်လာတဲ့ passengers တွေကို ဘယ်နားက တင်ခဲ့ပြီး ဘယ်နားမှာ ဆင်းသွားတယ်ဆိုတာ record လုပ်ထားမှာ မဟုတ်ဘူး။

စမ်းတဝါးဝါးနဲ့ မောင်းလာရင်း ခြံတိုင်တွေကို ဇဝေဇဝါ ကြည့်နေမိတယ်။ ကျွန်တော် သူ့ကိုတင်ခေါ်ခဲ့တယ်ထင်ရတဲ့နေရာ တစ်ဝိုက်မှာ ‘ယုစံ’ဆိုတဲ့နာမည်ကိုမေး၊ သူ့ပုံပန်းသဏ္ဌာန်တို့ပြောပြီး ရှာတာလည်း အဆင်မပြေဘူး။ ဘယ်ကိုက ‘ယုစံ’ကိုမှ ဆင်ဆင်လေး တူတာတောင်မသိကြဘူး။ ကျွန်တော် စိတ်ပျက်အားလျော့စွာ အိမ်ကို ခဏပြန်ဝင်လိုက်တယ်။

အိမ်မှာ ကျွန်တော့်ကို တံခါးဝကနေဆီးကြိုနေတာက ချိတ်ဆွဲ ပြက္ခဒိန်လေးပါ။ ပြက္ခဒိန်ကို သေသေချာချာစိုက်ကြည့်ရင်း ဒီနေ့ဟာ ဘာ၊နေ့လဲ. . . လို့ ကျွန်တော်ဇဝေဇဝါတွေးနေမိသေးတယ်။ ခုနက ကောင်မလေးပြောသလို ဧပြီလ (၃၁)ရက်ဖြစ်မနေဘူးလို့ ဘယ်သူ ပြောနိုင်မှာလဲ. . .။

ကျွန်တော် ပြက္ခဒိန်ကိုကြည့်နေတာကိုမြင်တဲ့ သီလကာ လှမ်း မေးတယ်။

“ရက်ရာဇာ၊ ပြဿဒါးကြည့်နေတာလား” တဲ့။

“မဟုတ်ဘူး. . . ဒီနေ့ဘာနေ့လဲ. . . ”

“မေလ (၁)ရက်နေ့. . . ”

“သေချာလား. . . ”



www.burmeseclassic.com

www.burmeseclassic.com



"မင်းတန်းနေလား"

သီလတ ကျွန်တော့်ကိုပြောမနာဆိုမနာဖြစ်နေတာရော၊ သူ့တပည့်လို့မှတ်တာရောကြောင့်လား မသိဘူး။ ပြစ်ပြစ်နှစ်နှစ်ပြောတာယ်။ ကျွန်တော်တန်းနေရင်လည်း အကောင်းသား၊ အနည်းဆုံးမျက်စိမကန်းအောင် အာရုံတွေကန်းနေသင့်တယ်။ ဒါမှ အဲဒီ ဧပြီလ (၃၁)ဆိုတာကြီးကို ဘယ်လိုမှ မခံစားမိမှာ။

ကျွန်တော်ကြုံခဲ့ရတာတွေကို သူတို့ကို ပြန်ပြောရင် ကောင်းမလားလို့ စဉ်းစားကြည့်နေမိသေးတယ်။ ဒါပေမယ့် မပြောဖြစ်ဘူး။ ကျွန်တော်တောင်ဘာမှ သေသေချာချာမသိသေးဘဲနဲ့. . . မပြောတာကောင်းပါတယ်။ ကျွန်တော့်ရှေ့က ကျူရှင်ဆရာက ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်နေသလို. . . မလှမ်းမကမ်းက ကွန်ပျူတာပညာရှင်တလည်း ကျွန်တော့်ကို Screen ပေါ်က error တစ်ခုလို ပေစောင်းစောင်းလှမ်းကြည့်နေတယ်။ သူတို့ကို အတည့်ကောင်း အစောင်းကောင်းမကြည့်နိုင်တဲ့ကျွန်တော်က ပြက္ခဒိန်ကိုပဲ ဇဝေဇဝါနဲ့ကြည့်နေလိုက်တော့တယ်. . .။

❄ ❄ ❄

အခန်း (၃)

ဆေးရုံကို ပြန်ရောက်တော့. . . ကိုရွှေဆရာဝန်လေး ဝမ်းသာအားရပါပဲ။ ကျွန်တော့်ကို လိပ်စာလေးတစ်ခုပေးတယ်။

"ဒါ. . . ဒီကောင်မလေးလိပ်စာ. . ."

"ဟုတ်လား. . . ဘယ်ကရတာလဲ. . ."

"ဦးတင်လတ်ဆီက သူက. . . သူ့ visiting card ပါဆိုပြီး ပေးထားတာတဲ့"

ကျွန်တော် ကပျာကယာဆွဲယူကြည့်လိုက်တယ်. . . လိပ်စာက ကျွန်တော်သူ့ကိုတင်ခေါ်ခဲ့တဲ့ ဝေဇယန္တာလမ်းနဲ့ ဘာမှမဆိုင်ဘူး. . .။ တခြားစီပဲ. . .။ ဒါပေမယ့် အဲဒီမှာ 'ယုံစံ'ဆိုတဲ့နာမည်တော့ အတိအကျပါတယ်. . .။

"အဲဒါ. . . ကျွန်တော်က. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . ခင်ဗျားသွားပေးပါလား. . . ကျွန်တော်က ဒီမှာ ... စီစဉ်ပေးလိုက်မယ်. . . ခင်ဗျားက သူ့မိသားစုတွေကို ... ခေါ်လာခဲ့ပေးပေါ့. . . ဒီနေ့အဖို့ ကျွန်တော်နဲ့ ခင်ဗျား. . . ... လုပ်ကြတာပေါ့. . ."

"ကောင်း...လေ. . ."

အစက. . . ဒီဆရာဝန်ကို ဆရာဝန်ပီသစွာ. . . ဥပေက္ခာကို ...သားရနေသူလို့ ထင်ထားခဲ့တာ၊ အခုအဲလို မဟုတ်ရှာဘူး။ ...တော်ထဲကာပဲ တောင်းပန်ပြီး၊ ငွေပ်စာကတ်ထဲက လိပ်စာကိုရှာဖို့ထွက်ခဲ့ လိုက်တယ်. . .။

လိပ်စာက မြို့တွင်းဘက်မှာပါ။ တိုက်ခန်းတစ်ခန်းပဲ။ ပထမ ...ထပ်ဆိုတော့ သိပ်မတက်ရလောက်ပါဘူး။ သူ့မိဘမောင်ဘွားတွေတော့ ...မျှော်လင့်မထားတာကို ကြားရမှာဖြစ်တဲ့အတွက် ဘယ်လိုနေမယ် ...တွေးတောင်မကြည့်ရဲဘူး။ ကျွန်တော့်မှာလည်း မကောင်းသတင်းကို ...ဆောင်ရသူဖြစ်နေတာမို့ ကြားထဲက နေမထိထိုင်မသာ ဖြစ်ချင်နေမိ ...တယ်။ ကျွန်တော့်အနေနဲ့ ကိုယ်ချင်းစာတယ်လေ။ မိသားစုဝင် တစ်ယောက်ဆုံးရှုံးတယ်ဆိုတာ ခန္ဓာကိုယ်ထဲက အစိပ်အပိုင်းတစ်ခု ဆုံးရှုံးရသလိုပဲဆိုတာ ကျွန်တော်အသိဆုံးပါ။ ကျွန်တော်ဆို မသေရုံ ...တမယ်ခံစားခဲ့ရတာပဲ. . .။

အိမ်နံပါတ် ၁၃၉. . .၊ ပထမထပ်။ အခန်း (၄). . .။ အိမ် တံခါးဝမှာ plate ပြားလှလှလေးတစ်ခုချိတ်ဆွဲထားတယ်။

**"Lost Horizon"**

**"Home Decoration..." . . . တဲ့။**

မြတ်စွာဘုရား. . .။ ကျွန်တော်မျက်စိလည်လမ်းမှားပြီး Shangrila ကို ရောက်လာတာတော့ မဟုတ်လောက်ပါဘူးလို့ ခပ်ထေ့ ထေ့တွေးမိတယ်။ Home Decoration လုပ်ငန်းကို နာမည်ပေးထားပုံ





ကလည်း "Lost Horizon" တဲ့။ ကြဲကြဲဖန်ဖန်။ ကျွန်တော် လူခေါ်ခေါင်း လောင်းကို အသာနှိပ်ရင်းက အထဲကနေ "လားမား"တွေ ထွက်မလာ လောက်ပါဘူးလို့လည်း တွေးမိသေးတယ်. . .။

တံခါးကိုလာဖွင့်တာက ကောင်မလေးတစ်ယောက်။

ကျွန်တော့်ကို အထဲဝင်ဖို့ ကိုယ်ကိုအသာရှိုပြီး နှုတ်ဆက်ဦးကြို ပြုတယ်။ သူတို့ customer များမှတ်နေလား မသိပါဘူး။ အထဲမှာက နောက်ထပ် ကောင်မလေးတစ်ယောက်နဲ့ ကောင်လေး သုံးယောက်ရှိနေ တယ်. . .။

"ဒီမှာ. . . ယုစံဆိုတာ. . ."

"ယုစံ. . . ဟုတ်လား. . ."

အားလုံးခေါင်းထောင်ပြီး လှည့်လာတယ်။ပြီးမှ တစ်ယောက်က

"သူစံမလာဘူး. . ." လို့ သံပြတ်နဲ့ဖြေတယ်။

"ဟုတ်ကဲ့. . . သူမလာနိုင်တာ. . . ကျွန်တော်သိပါတယ်"

တစ်ယောက်ကတော့ မလာနိုင်တာသိရင် ဘာလို့လာမေးနေ သေးလဲဆိုတဲ့အကြည့်နဲ့ ကြည့်တယ်။ နောက်တစ်ယောက်ကတော့ ကျွန်တော့်ကို စူးစမ်းသလိုကြည့်ရင်း မေးတယ်။

"အစ်ကိုက. . ."

"ကိုယ့်နာမည်. . . 'သိုးထိန်းသား'ပါ. . ."

"ယုစံနဲ့က. . . သိတာလား"

"မသိပါဘူး"

ကျွန်တော့်စကားကြောင့် သူတို့ကျွန်တော့်ကိုပိုပြီး ဇဝေဇဝါ ဝိုင်းကြည့်ကြတယ်။ လိုရင်းက မရောက်နိုင်ဘူး။ ကျွန်တော့်လိုရင်း မရောက်မှုက မကောင်းသတင်းကို ပေးဖို့တုံ့ဆိုင်းနေတာ။ သူတို့ကတော့ အဲလိုမဟုတ်ဘူး။ တစ်မျိုးပဲ။ ပြီးတော့ သူတို့ကြည့်ရတာလည်း ယုစံဆိုတဲ့ ကောင်မလေးရဲ့ ဆွေမျိုးသားချင်းမောင်နှမ မဟုတ်လောက်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သင်တော်တိုင်ဇတ် ဒါမှမဟုတ် သူငယ်ချင်းလောက်ပဲဖြစ်မယ်ထင်တယ်။

ဒါကြောင့် ကျွန်တော် ကတ်ကလေးကိုထုတ်ပြီး သူတို့ရှေ့ချပြ လိုက်တယ်။

"ဒါ... ယုစ်ကတ်ပဲ..."

သိသိကြီးနဲ့ ဝိုင်းကြည့်ကြပြန်တယ်။ ကျွန်တော်လည်း သူတို့ကို အသာပြန်ကြည့်ပေးလိုက်တယ်။ မပြောနိုင်ဘူး။ ဒီကောင်လေး လေးယောက်ထဲမှာ ဧပြီလ (၃၁)ရက်လို့ပုံပြောထားတဲ့ "မောင်"ဆိုတဲ့ ကောင်မပါဘူးလို့ မပြောနိုင်ဘူးလေ။

"ဒါ... ခင်ဗျားကမသိဘဲ... ဘယ်ကရတာလဲ"

"ဆရာဝန်ကြီးဆီက..."

"ဆရာဝန်ကြီး..."

တံခါးလာဖွင့်ပေးတဲ့ကောင်မလေးက တအံ့တသြလိုက်ရေရွတ် တယ်။

"ခင်ဗျားတို့က... အဲဒီယုစ်နဲ့ဘာတော်လဲ"

"သူငယ်ချင်းအရင်းကြီးတွေ..."

ကောင်မလေးတစ်ယောက်က ခပ်ငေါ့ငေါ့လေသံနဲ့ဖြေတယ်။ ကောင်လေးတစ်ယောက်ကတော့ နပ်ပုံရတယ်။ ချက်ချင်းကျွန်တော့်နား ရောက်လာပြီးမေးတယ်။

"ယုစ်တစ်ခုခုဖြစ်လို့လား" တဲ့...။

တစ်ခုခုတော့ တစ်ခုခုပဲ။ အဲဒီတစ်ခုခုက ဆိုးဝါးတဲ့အခြေအနေ တစ်ခုခုဖြစ်နေတာကို ဘယ်လိုပြောရမလဲ။

"ဟုတ်တယ်..."

ဒီတော့မှ... အားလုံးမျက်လုံးပြူးသွားကြတယ်။

"ဘာ... ဘာဖြစ်တာလဲဟင်..."

"ခင်ဗျားတို့သူငယ်ချင်း... ဆုံးပြီ"





"ဗျာ..."

"ဘာ..."

"ရှင်..."

"ဟင်..."

အာမေဋိတ်ကျမ်းပြုစုလို့ရလောက်အောင် အာမေဋိတ်တွေစုံစုံ လင်လင်ထွက်ကျလာတယ်။ ခုနက အနားရောက်လာတဲ့ကောင်လေးက ကျွန်တော့်လက်ကို ဖမ်းဆွဲတယ်။

"အစ်ကို...အစ်ကိုဘာပြောလိုက်တယ်..."

"ခင်ဗျားတို့သူငယ်ချင်းဆုံးပြီ... ကျွန်တော်... ခု... ဆေးရုံကလိပ်စာယူပြီး လိုက်လာပြောပေးတာ..."

"ဘယ်တုန်းကလဲ"

"မနက်ကပဲ"

"ဘယ်မှာဆုံးတာလဲ"

"ကျွန်တော့်ကားပေါ်မှာ... ကျွန်တော့်ကားကိုငှားစီးရင်း။ ကျွန်တော်က Taxi မောင်းတယ်"

တစ်လက်စတည်း ကိစ္စပြတ်ရှင်းထားရတယ်။ မဟုတ်ရင် သူတို့က ကျွန်တော့်ကိုပြန်ပြီး အမှုပတ်နေမှာစိုးရတယ်။ သူတို့ဘာသာ သူတို့မသိသလို လုပ်တုန်းက လုပ်နေတယ်။ အသည်းအသန်သည်းပြ ချင်တော့လည်းသူတို့ပဲ...။ ပြီးတော့... ကိုယ့်သူငယ်ချင်း တစ်ယောက်လုံးဘာဖြစ်လို့ ဖြစ်နေမှန်းလည်း သိပုံမရကြဘူး။ ဒါများ သူငယ်ချင်းတဲ့...။

ကောင်မလေးတစ်ယောက်ကတော့ ကျွန်တော့်ကို မသင်္ကာ သလိုကြည့်ပြီး မေးတယ်။

"ခင်ဗျားလာနောက်နေတာလား"

ကျွန်တော်စိတ်တိုတိုနှင့် ထိုင်ရာက ထလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်. . . အဲဒီလောက်မအားဘူး. . . ပြီးတော့ မင်းတို့တွေက သူငယ်ချင်းအရင်းကြီးတွေဖြစ်ပြီး ကိုယ့်သူငယ်ချင်းမှာ ဘာရောဂါရှိနေတယ်၊ ဘာတွေခံစားနေရတယ်ဆိုတာ မသိဘူးလား၊ ကိုယ်ကကြားလူအနေသာကြီးနေနိုင်လျက်နဲ့ မနေနိုင်လို့လာပြောတာ"

ကျွန်တော့်လေသံက မဆိုစလောက်မကအောင် မာထန်သွားတယ်ဆိုတာ. . . သူတို့ရိပ်မိသွားတယ်။ ကျွန်တော့်ဘေး လာထိုင်နေတဲ့ ကောင်လေးကပဲ ကျွန်တော့်လက်ကိုဆွဲပြီး ပြန်ထိုင်ခိုင်းတယ်။

"ကျွန်တော်ပဲ တောင်းပန်ပါတယ်အစ်ကို. . . သူက စကားမတတ်လို့ပါ. . ."

ကျွန်တော်ဘာမှပြန်ပြောမနေတော့ဘူး။ ကလေးတွေနဲ့ ဖော်ငြင်းပြိုင်နေလို့မထူးတာမို့ ကျွန်တော်အသာပြန်ထိုင်ချလိုက်တယ်။

"အစ်ကို. . . ကျွန်တော့်ကို အစအဆုံးကျေးဇူးပြုပြီး ပြန်ပြောပါဦး"

"နေဦး. . . မပြောခင်မေးစရာတစ်ခုရှိတယ်"

"ဟုတ်ကဲ့. . . မေးပါ"

"မင်းတို့ထဲမှာ ယုစံရဲ့ 'မောင်'ဆိုတာပါလား"

ဒီတစ်ခါတော့ ဘာသံမှထွက်မလာကြတော့ဘူး။ တစ်ယောက်မျက်နှာတစ်ယောက် အလှည့်ကျကြည့်နေကြတယ်။ ကျွန်တော်စိတ်မရှည်သလို မျက်မှောက်ကြုတ်လိုက်တာကို မြင်တဲ့တစ်ယောက်က. . .

"မောင်မောင်တစ်ယောက်. . . ဘယ်ရောက်နေတယ်ဆိုတာ ကျွန်တော်တို့လည်း သိချင်နေတာ". . . တဲ့။

အံ့ရော။တော်တော်ခင်ကြ ချစ်ကြပုံရတယ်။ တစ်ယောက်က ဘယ်ရောက်နေလဲ မသိဘဲ တစ်ယောက်ကိုလည်း သေလို့သေမှန်း မသိကြဘူး။ ဘာပဲဖြစ်ဖြစ် ကျွန်တော်သူတို့ကို ကူညီလက်စနဲ့ အစအဆုံးကူတဲ့အနေနဲ့ ပြောပြလိုက်တယ်. . .။





ဒီတော့မှ ကောင်မလေးတစ်ယောက်က ဝင်ပြောတယ်။ ခုနက ကျွန်တော့်ကို နောက်တာလားမေးတဲ့တစ်ယောက်မဟုတ်ဘူး။

"ကျွန်မတို့အတူ အလုပ်လုပ်ကြတာမှန်တယ်. . . ယုစံက အရင်သူနေ့,နေတဲ့အိမ်ကနေ အိမ်သစ်ပြောင်းသွားတာ တစ်လကျော်ပဲရှိသေးတယ်. . . သူ့လိပ်စာကို သူကမပေးဘူး။ မပေးရခြင်းအကြောင်းအရင်းက သူနဲ့အတူနေတဲ့သူ တစ်ယောက်ကြောင့်ပဲ. . . ဒီက ဇာနည်က ယုစံနဲ့အတူနေတဲ့ တစ်ယောက်ကိုကြိုက်နေတာ"

ဇာနည်ဆိုတဲ့ကောင်လေးက သူ့ကိုညွှန်ပြောနေတာတောင် ဘာမှမဖြစ်သလိုပဲ။ ပြုံးစိစိလုပ်နေသေးတယ်။ ကောင်မလေးက ဆက်ပြောတယ်။

"အဲဒီကောင်မလေးက ဇာနည့်ကိုဆို no two ပဲ. . . မုန်းတဲ့နေရာမှာလေ. . . အဲဒါကြောင့် ယုစံဘယ်မှာနေမှန်းမသိဘူး"

"ခု. . . သူနဲ့အတူနေတဲ့သူကကော. . ."

"ပြီးခဲ့တဲ့ဆယ်ရက်လောက်ကပဲ. . . နိုင်ငံခြားသွားတယ်၊ ပညာတော်သင်ဆိုလား. . . seminar ဆိုလားပဲ. . . တစ်လခွဲကြာမယ်"

"အားလုံးကို ရှုပ်နေတာပဲ" လို့သာ အော်ဟစ်လိုက်ချင်ပါတော့တယ်။ သေချာတာက ခုထိကျွန်တော်ဇာတ်ရည်မလည်သေးပါဘူး။

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ခဏာနေ့တော့ ဇာနည်ဆိုတဲ့ကောင်လေးရယ်၊ တံခါးလာဖွင့်ပေးတဲ့ ပန်းယမုန်ဆိုတဲ့ကောင်မလေးရယ်၊ နောက်. . . သူတို့က 'ပြဿဒါး' လို့ခေါ်တဲ့ကောင်လေးရယ်. . . ကျွန်တော်နဲ့အတူ ဆေးရုံဆီပြန်လိုက်လာတယ်။

လမ်းကျမှ. . . ဇာတ်စုံခင်းကြရတော့တယ်. . .။ 'ပြဿဒါး' ကပဲ ပြောတာပါ။ ကျွန်တော့်ကိုလက်ဆွဲပြီး ပြန်ထိုင်ခိုင်းတဲ့ကောင်လေးပေါ့။

"ကျွန်တော်တို့အုပ်စုက လူတအားများတယ်. . . များလွန်းလို့သိပ်ပြီးမညီမညွတ်ချင်တာလား မသိဘူး. . ."

"ဘာမှမဆိုင်ဘူး. . ."

ပန်းယမုန်က မျက်နှာလေးရှုံ့ပြီး ဝင်ပြောတယ်။ သူ့မမျက်ဝန်း





ထဲမှာ မျက်ရည်တချို့ကို တွေ့လိုက်ရတာမို့ ယုစံဆိုတဲ့သူငယ်ချင်းတစ်ယောက်သူ့မရင်ထဲမှာ တကယ်ရှိသားပဲလို့ တွက်လိုက်မိတယ်။ ပြဿဒါးက ပန်းယမုန်ကို ဘာမှခွန်းတုံ့ပြန်မနေဘူး။ သူ့ဘာသာသူဆက်ပြောတယ်။

"အားလုံးပေါင်း (၁၄)ယောက်ရှိတယ်. . . ခု. . . အစ်ကိုတွေ့ခဲ့တဲ့ ကျွန်တော်တို့ငါးယောက်ရယ်၊ ယုစံနဲ့ မောင်မောင်ရယ်၊ မြတ်ကောင်းနဲ့ကောင်းမြတ်ရယ်၊ လင်းညီနဲ့ညီလင်းရယ်. . .၊သဲအိနဲ့ အိသဲရယ်၊ ယမင်းရယ်. . ."

ကျွန်တော်မျက်မှောင်ကြုတ်သွားမိတယ်။ ကြည့်ပါဦး. . .။ မြတ်ကောင်းနဲ့ ကောင်းမြတ်တဲ့၊ လင်းညီနဲ့ ညီလင်းတဲ့. . . အိသဲနဲ့ သဲအိတဲ့. . .။

"အစ်ကိုအံ့သြနေလား မသိဘူး"

"အေး. . . အဲဒီနာမည်ပြောင်းပြန်တွေက အမွှာတွေလား"

"ဟင့်အင်း. . . တော်တော်ချိန်ဆပြီး အတင်းတိုက်ဆိုင်ပစ်ကြတာ. . . အဲဒါရဲ့အဓိက တရားခံက ကျွန်တော်ပါ. . ."

ပြဿဒါးက ကျွန်တော့်ကို မချိုပြုံးလေးပြုံးပြတယ်. . .။

"ကျွန်တော်ကျောင်းစ,တက်ေ၊၃ ၊ ထမဆုံးသိတာ. . . မြတ်ကောင်းနဲ့။ နောက်. . . ကောင်းမြတ်ဆိုတဲ့ကောင်ကို ကျွန်တော်တို့ section မှာထပ်တွေ့တယ်. . . သူတို့ချင်းကို မိတ်ဆက်ပေးလိုက်ပြီး အရမ်းခင်သွားတဲ့အချိန်မှာ ကျွန်တော့်ရောဂါစ,တော့တာပဲ။ ကျွန်တော် အဲလိုကက်ကင်းမိနေတဲ့သူတွေကိုရှာပြီး ချိတ်တွဲပေးမယ်ပေါ့"

"ဒီလူတွေက တစ်တန်းတည်းလား"

"အင်း. . . တစ်တန်းတည်းတော့ ဟုတ်တယ်. . . မေ... မတူဘူး၊ section မတူဘူး"

"ဆက်ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနောက်မှာ ကျွန်တော် အိသဲနဲ့ သဲအိကိုတွေ့တယ်. . . သူတို့က မြန်မာစာတဲ၊ သူတို့ကျ section ပါတွတယ်. . . ဒါနဲ့ ကျွန်တော်တို့ ဝါထိဝင်မြစ်အောင်သိမ်းသွင်းလိုက်တယ်၊ နောက်. . . ယုစံရဲ့ ထောင်းမှုနဲ့ လင်းညီကိုသိရတယ်၊ ညီလင်းဆိုတာ computer ဖျာရှိတယ်လို့ သတင်းပေးတာကတော့ ဇာနည်ပဲ"

"ယုစံနဲ့ နာမည်ပြောင်းပြန်က. . ."

"ကျွန်တော်တို့ အုပ်စုထဲမှာ ကက်ကင်းမဓိဘဲ ကန့်လန့်ဖြစ်နေတဲ့သူတွေပါတယ်. . . အဲဒါ. . . မောင်မောင်၊ ယုစံ၊ စနေသားနဲ့ ကျွန်တော်ပဲ. . ."

"ပန်းယမုန်နဲ့ ဇာနည်ကရော. . ."

"ခုနက တွေ့ခဲ့တဲ့ထဲက တစ်ယောက်က ပန်းယမုန်နဲ့နီးစပ်တဲ့ ယမင်းပဲ့လေ. . . ဇာနည့်ပါတနာကတော့ နီနီဇော်တဲ့. . . ဇာနည့် နာမည်က ဇာနည်နိုင်လေ"

"ဩော်. . ."

"လောကမှာ တကယ်မဖြစ်နိုင်တဲ့တိုက်ဆိုင်မှုတွေဖြစ်သွားအောင် ကျွန်တော်အတင်းလိုက်ကြိုးစားကြည့်ခဲ့တာ. . . ပျော်စရာတော့ တကယ်ကောင်းပါတယ်. . ."

ပြဿဒါးက တကယ်ပဲ အရင်ကပျော်စရာကောင်းတဲ့ဒီတိတ်ကာလဆီကို ရောက်သွားသလို ငေးရီသွားတယ်။ သက်ပြင်းတစ်ချက်ကိုလည်း ခိုးရှိုက်လိုက်သလိုပဲ။ စက္ကန့်အတော်ကြာမှ သူဆက်ပြောတယ်။

"ကျောင်းပြီးသွားကြတော့ ကျွန်တော်၊ ဇာနည်၊ စနေ၊ ယမုန်၊ ယမင်းနဲ့ ယုစံတို့က ဒီ Home Decoration အလုပ်ကို တွဲလုပ်ခဲ့ကြတယ်၊ ကျန်သူတွေက တစ်နေရာစီပေါ့. . . အဲဒီထဲမှာ အဆိုးဆုံးက မောင်မောင်ပဲ. . . အားလုံးက တစ်နေရာစီပေမယ့် အဆက်မပြတ်ကြဘူး၊ မောင်မောင်ကတော့ တကယ့်ကို ကျရာနေရာပျော်တတ်တဲ့ကောင်



စား. . . ဒီအုပ်စုဒီလောက် သံယောဇဉ်ရှိခဲ့တာကြာတာတောင်မှ သူက အဆက်အသွယ်ဖြတ်ပြီး လုပ်ချင်ရာလုပ်၊ သွားချင်ရာသွားနေတတ်တာ"

"ယုစံနဲ့ကော အဆက်အသွယ်မရှိဘူးလား"

"သိသလောက်က အဆက်အသွယ်နည်းတယ်. . . ဒါပေမယ့် ယုစံက အရမ်းနားလည်၊ အရမ်းယုံကြည်တာလေ"

ဒါတော့ ကျွန်တော်ယုံပါတယ်။ ဧပြီလ (၃၁)ရက်နေ့မှာ လက်ထပ်မယ်ဆိုတာတောင် ယုံခဲ့သေးတာပါ။

"ယုစံရောဂါတွေတိုးနေတာ ဒီကောင့်ကြောင့်ပေါ့. . ."

ပန်းယမုန်က မကျေမနပ်သံနဲ့ဝင်ပြောတယ်။ ဒါဟာ သိပ်ဖြစ်နိုင်တာပါပဲ. . . လို့ ကျွန်တော်စိတ်ထဲက ထောက်ခံပစ်လိုက်တယ်။

"သူအလုပ်ကို မလာတာ. . . (၅)ရက်လောက်ရှိတော့မယ်၊ မင်္ဂလာဆောင်ရမှာမို့ ပြင်ရဆင်ရဦးမယ်ဆိုပြီး ပျောက်သွားတာပဲ၊ မပျောက်ခင် ကျွန်တော်တို့နဲ့ စကားများကြတယ်. . . အကြောင်းအရင်းကတော့ အဆက်အသွယ်မလုပ်ဘဲ ဘယ်ရောက်နေမှန်း မသိတဲ့ မောင်မောင်က လက်ထပ်ဖို့ ပြန်လာမယ်ဆိုတာဖြစ်နိုင်ပါ့မလားလို့ ပြောမိလို့လေ. . . ဒါပေမယ့် ကျွန်တော်တို့အားလုံး ယုစံကို အရှုံးပေးလိုက်ပါတယ်၊ ဘာလို့လဲဆိုတော့ သူ့စိတ်ကူးနဲ့သူ ပျော်နေစေချင်တယ်လေ၊ သူတစ်ခုခုကို ကြိုသိပြီးခံစားနေရမှာထက်စာရင်ပေါ့၊ ခုတော့ ထင်တာကလွဲသွားခဲ့ပြီ. . ."

ပြဿဒါးရဲ့အသံက တိုးလျှမှိန်ဖျော့ကျသွားတယ်. . .။ ခုထိ စကားတစ်လုံးမှ မပြောဘဲလိုက်လာတဲ့ ဇာနည်ကလည်း လေပူတစ်ချက်ကို သိသိသာသာပဲ မှုတ်ထုတ်ပစ်လိုက်တာ ကြားလိုက်ရတယ်။ ပန်းယမုန်ကတော့ ငိုနေပါပြီ။ ကျွန်တော့်ကို နောက်နေတာလို့ထင်တဲ့ ယမင်းလည်း ခုလောက်ရှိငိုနေရောပေါ့. . .။

ကျွန်တော်တို့ဆေးရုံရောက်တော့ body ကို အအေးခန်းပို့လိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြပြီ။ ဆရာဝန်လေးနဲ့ သူတို့တွေကို ကျွန်တော်ပဲ မိတ်ဆက်ပေးရတယ်။

"ဆရာ. . . ဒါ. . . ယုစံသူငယ်ချင်းတွေ ဇာနည်တဲ့၊ ပန်းယမုန်တဲ့၊ ပြဿဒါးတဲ့"

ပြဿဒါးဆိုတဲ့ နာမည်ကြောင့် ဆရာဝန်က ပြဿဒါးကို အချာမော့ကြည့်တယ်။ ဘာမှလည်း မဟုတ်ပါဘူး။ ပြီးတော့လည်း ကျွန်တော့်ဆီပြန်လှည့်ပြီးမေးတယ်။

"ယုစံရဲ့ မိဘဆွေမျိုးတွေကကော"

ဟုတ်သားပဲ။ ဒီကောင်လေး၊ ကောင်မလေးတွေနဲ့ တွေ့တာနဲ့ မိဘဆွေမျိုးဆိုတာကြောင် ကျွန်တော့်မေ့သွားတယ်။ ပြဿဒါးကိုပဲ အားကိုးတကြီးကြည့်ရတော့တယ်။ ပြဿဒါးက. . .

"ယုစံရဲ့မိဘတွေက နယ်မှာ. . . ယုစံက ဒီမှာ တစ်ယောက်တည်းနေတာ. . . သူ့မိဘတွေကိုတော့ ကျွန်တော်တို့အကြောင်းကြားပေးပါ့မယ်. . . ခု. . . ယုစံကိစ္စအားလုံးကိုလည်း ကျွန်တော်တို့ပဲ တာဝန်ယူမှာပါ"

"ကောင်းပါပြီ. . . ဩော်. . . တစ်ခုရှိသေးတယ်"

ဆရာဝန်လေးက တစ်ခုရှိသေးတယ်. . . ဆိုပြီး အင်္ကျီအိတ်တွေကို လိုက်စမ်းပါတယ်။ သူ့ရှပ်အင်္ကျီအိတ်ကော၊ အပေါ်က ဝတ်ထားတဲ့ ဂျူတီကုတ်က အိတ်တွေရော။ ခဏနေတော့ သော့တစ်ချောင်းထွက်လာတယ်။ door lock သော့အပြားလေးမျိုး။ ငွေရောင်လက်လက်ကလေး။

"ရော့. . . ဒါ. . . ယုစံသော့ထင်တယ်"

"ဗျာ. . ."

ယုစံသော့ထင်တယ်ဆိုပြီး ကမ်းပေးတာက ကျွန်တော့်ဆီကိုပါ။ ဟိုက သူငယ်ချင်းအရင်းကြီးတွေကို မပေးဘဲ ကျွန်တော့်ကိုပေးတယ်။ ကျွန်တော်အံ့တသြဖြစ်နေတုန်း သူကဆက်ပြောတယ်။

"ဒါ. . . စောစောက body ရွှေ့တုန်းက အင်္ကျီအိတ်ထဲက ထွက်





ကျလာတာ. . . သူ့အိမ်သော့ထင်တယ်"

"ဟုတ်တယ်. . . အဲဒါအိမ်သော့. . . သူ့ wallet ထဲမှာတွေ့ဖူးတယ်"

ပန်းယမုန်က ထောက်ခံတယ်။

"ဒါဆို. . . သူတို့ကိုပေးလိုက်လေ. . ."

ကျွန်တော်က အဲလိုပြောလိုက်တာတောင် ဆရာဝန်ရဲ့လက်က ရွှေ့မသွားဘူး။ ဟိုခေါင်းသုံးခေါင်းကလည်း ဘာလို့မှန်းမသိဘူး။ ယိမ်းတိုက်ထားသလို ခေါင်းခါကြတယ်။

"ဘာလို့လဲ"

ကျွန်တော့်ဘာလို့လဲက သူတို့နဲ့ကော ဆရာဝန်နဲ့ကောအကြုံးဝင်ပါတယ်။ ဘယ့်နှယ့်ဖြစ်မဆိုင်၊ ကြားထဲကဝင်ပျော်ခိုင်တာ ဖားအောက်ရောက်ရဦးမလိုပဲ။

"ကျွန်တော်ပြောပြပါ့မယ်"

"ပြောပါ"

"ယုစံကို ကျွန်တော်တို့ချစ်ပါတယ်"

ယုစံနဲ့အတူနေတဲ့သူဆို ပိုချစ်သေးတယ်. . . လို့ သူ့ကိုယ်စား ကျွန်တော်ကပဲ တွေးပေးလိုက်သေးတယ်။

"ဒါပေမယ့်. . ."

"ဘယ်လို ဒါပေမယ့်လဲ. . ."

"သူနဲ့နေတဲ့ ခုမရှိဘူးဆိုတဲ့ ကောင်မလေးကြောင့် ဒီသော့ကို ကျွန်တော်တို့ လက်မခံထားချင်ဘူး၊ အိမ်က ၂ ယောက်ပိုင်တာလေ၊ ဘယ်မှာမှန်းလည်း ကျွန်တော်တို့ မသိကြဘူး၊ ဒီတော့ ဟိုတစ်ယောက် ပြန်လာမှပဲ. . . အစ်ကို. . . ဒီသော့ကိုပေးလိုက်ပါ. . ."

ကျွန်တော် ခေါင်းတစ်ချက် မသက်မသာရမ်းရင်း ပြန်ပေးလိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကောင်မလေးကကော မင်းတို့အုပ်စုထဲက မဟုတ်ဘူးလား"

"မဟုတ်ဘူး. . . သူကသပ်သပ်. . . ယုစံတို့မြို့ကပဲ. . ."

"နာမည်က. . ."

အားလုံးက ဇာနည့်တာဝန်လိုလိုနဲ့ ဇာနည့်ကိုပဲ ကြည့်ကြတာမို့ ဇာနည်ကပဲ တစ်ချက်မသက်မသာပြုံးပြီးဖြေပါတယ်. . .

"ရွှေပိုးမျှင်"

ဘာပဲပြောပြော ကျွန်တော့်လက်ထဲမှာ သော့ကလေးတစ်ချောင်းသောင်တင်နေတော့မယ်။ ဘယ်နေရာ၊ ဘယ်ဒေသမှာရှိပြီး ဘယ်လိုကောင်မလေးတစ်ယောက်မှန်းမသိတဲ့ သူတစ်ယောက်နေထိုင်တဲ့ အခန်းရဲ့သော့တဲ့။ အံ့သြစရာပဲ။ တကယ်ဆို ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ. . .။

ဒါပေမယ့် လောကကြီးက သိပ်ခက်တယ်။ တစ်ခါတလေကျ ဘာမှန်းကိုမှန်းဆလို့ မရတတ်ဘူးဖြစ်နေတတ်တယ်လေ. . .။

❄ ❄ ❄

## အခန်း (၅)

ယုစံကိုရက်လည်ဆွမ်းသွပ်ပေးတဲ့အချိန်မှာတော့ သူတို့အုပ်စုနဲ့ကျွန်တော် တော်တော်တောင်ရင်းနှီးနေပြီ။ နယ်မှာ ဆရာမလုပ်နေတဲ့ နီနီဇော်ရယ်၊ tour လိုက်နေတဲ့မြတ်ကောင်းရယ်၊ နိုင်ငံခြားထွက်သွားတဲ့ ညီရှင်းရယ်ကလွဲရင် ကျန်လူအားလုံးကို ကျွန်တော်တွေ့ဖူးလိုက်တယ်။ ပြီးတော့ နယ်ကရောက်လာတဲ့ ယုစံရဲ့အဖေနဲ့အစ်မ။ အမေကိုတော့ အတော်လေး ချောမော့ထားခဲ့ရတယ်တဲ့။ သမီးအတွက် စိတ်ထိခိုက်တာကော၊ ခရီးပန်းမှာစိုးတာကော၊ နဂိုက နှလုံးရောဂါအခံရှိတာတော ကြောင့်လို့ပြောတယ်။ ဒါပေမယ့် ယုစံအမေရဲ့ရောဂါက ယုစံလောက် မဆိုးဘူးတဲ့။

"ယုစံက ကျွန်မဆီ ဧပြီလ ၂၉ ရက်ကပဲ ဖုန်းဆက်သေးတာ. . . နောက်နှစ်ရက်ဆို သူလက်ထပ်တော့မှာ. . .တဲ့၊ ဟဲ့. . .

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ပြောမနေနဲ့ ဆိုတော့. . . တကယ်ပါတဲ့၊ လက်မှက်ပဲထိုးမှာ မပတ်သွှလာစရာမလိုဘူး၊ အကြောင်းကြားတာဆိုပြီး ဖုန်းချသွားလို့ အဲဒီတည်းက ကျွန်မက ထ,လိုက်လာချင်နေတာ"

ခုမှ. . .'ယုစံ'ဆိုတာကို သိရတဲ့ လူကို သူ့အစ်မက သူ့ညီမရဲ့ မိတ်ဆွေအရင်းကြီးလို သဘောထားပြီး တခုတ်တရပြောပြနေတာမို့ ကျွန်တော်နားထောင်နေလိုက်တယ်။ တစ်နေ့မောင်းမှ တစ်နေ့စားရမယ့် ကားသမားများဆိုခက်ပြီ။ ကျွန်တော်ကားမဆွဲဖြစ်တာတောင် တစ်ပတ် ရှိပြီပဲ။ ကျွန်တော့်ကားကို သုံးတဲ့အတွက် 'ပြဿဒါး'တို့အုပ်စုကရော ယုစံအဖေကပါ ကားခတွေပေးကြပေမယ့် ကျွန်တော်မယူဖြစ်ဘူး။ သူတို့က ကျွန်တော်မယူလေ၊ ပိုအားနာလေ၊ လူရင်းကြီးတွေလို တရင်းတနှီး၊ တရိုတကျိုးဆက်ဆံလေမို့ တချို့လာတဲ့ဧည့်သည်တွေ ကတောင် ကျွန်တော့်ကိုဘယ်သူလဲလို့ ကပ်မေးသွားကြသေးတယ်။

"သူက . . . ယုစံအစ်ကိုလား"

"အင်း"

ပြီးပြီးရောခေါင်းညိတ်လိုက်ပြီးမှ ယမင်းက ကျွန်တော့်ကို မလုံမလဲကြည့်ပါတယ်။ ကျွန်တော် မမြင်ချင်ယောင်ဆောင်ပေးလိုက် တယ်။

"ယုစံရဲ့ပစ္စည်းတချို့ကို သိမ်းဖို့သော့က ကျွန်တော့်ဆီမှာ. . . ခက်တာက. . ."

"ဦးသိပါတယ်. . . သမီးနေတဲ့နေရာကို ဘယ်သူမှ မသိတာ၊ ဦးတို့တောင် မသိဘူး၊ သိမ်းစရာပစ္စည်းလည်း များများစားစားရှိမှာ မဟုတ်ပါဘူး၊ ဟိုကလေးမ ပြန်လာမှပဲ တစ်ခုခုကြည့်စီစဉ်တာပေါ့"

"ဦးတို့ကနေဦးမှာလား"

"ဒီညနေပဲပြန်မှာ ဟိုမှာမင်းအန်တီကိုလည်း စိတ်မချဘူး"

ချက်ချင်းလက်ငင်းကြီးကို ကျွန်တော်နဲ့လုံးဝမသိ၊ မမြင်ဖူးတဲ့



ယုစံအမေက ကျွန်တော့်အန်တီဖြစ်သွားရတော့တယ်။ ကျွန်တော် မရယ်မိပါဘူး။ ဒါဟာ ကံကြမ္မာက ပေးလာတဲ့ ကျွန်တော့်ရဲ့အဝန်းအဝိုင်း အသစ်လည်းဖြစ်နေနိုင်တာပဲ။ နောက်ထပ်ထူးဆန်းတာတစ်ခုက ဆရာဝန်ကလေးဟာ ယုစံရဲ့အသုဘကိုလိုက်ပို့ရုံမက ရက်လည်ပါ လာတာပါ။ သူ့နာမည်က ဒေါက်တာထွန်းဇော်ဝင်းဆိုတာလည်း အဲဒီ တော့မှ သိလိုက်ရတယ်။ ရေစက်တော့ ရေစက်ပါပဲ။ အုံ့ဩစရာလည်း ကောင်းပါရဲ့။ မင်းသော်ကတောင်. . .

"မင်းဘုံပိုင်ခေါင်းက ခုမှအရစ်ပြုန်းပြီး ရေတွေအကုန်စုပြုံ ထွက်ကျလာတာထင်တယ်" လို့ နောက်နေသေးတယ်။

ပန်းယမုန်ကတော့ ကျွန်တော့်ကိုမှာတယ်။

"ဒီကြားထဲမှာလည်း ယမုန်တို့နဲ့ အဆက်အသွယ်လုပ်ပါနော် ဒါမှ ဟိုတစ်ယောက်ပြန်လာရင် ကိုသိုးထိန်းကို အဆက်အသွယ်လုပ်လို့ ရမှာ. . ."တဲ့။

"ကျွန်တော့်လိပ်စာယူထားပါ. . . ဖုန်းလည်းရှိပါတယ်"

လိပ်စာနဲ့ ဖုန်းနံပါတ်ကိုပေးထားလိုက်တယ်။

"ကျွန်တော့်ကိုလည်း ပေးထားပါဦး"

ဆရာဝန်ကပါ တောင်းတာမို့ ကျွန်တော်လည်း တအံ့တဩနဲ့ ပေးလိုက်ရတယ်။ ဒီလူဟာ ကျွန်တော်ငို့နဲ့ တကယ်ပဲ ရေစက်ရှိခဲ့ တာလား၊ အကြံအစည်တစ်ခုခုတော့ရှိရမယ့် မာမီးခေါက်ဆွဲလား ကျွန်တော်တောင် မတွေးတတ်တော့ဘူး။ သေချာတာကတော့ ကျွန်တော်တို့ ထောင့်သုံးထောင့်ကြားမှာ သံယောဇဉ်ငွေ့ငွေ့တော့ ရှိနေကြတယ်ဆိုတာပါပဲ။

ပြဿဒါးနဲ့ စနေကတော့ ကျွန်တော့်သူငယ်ချင်းမင်းသော်နဲ့ပါ တော်တော်လေး အဆင်ပြေသွားတယ်။ အားလုံးပြီးလို့ပြန်လာတဲ့ညသာ သီလက ကျွန်တော့်ကိုပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"သို့ထိန်း"

"အင်း . . . ဘာလဲ"

"မင်းဘဝက တစ်မျိုးပဲနော်"

ကျွန်တော်ယောင်ရမ်းပြီးသီလကိုကြည့်မိတော့ သီလက ဘာတယ့်ကို တွေးတွေးဆဆပြောနေတာ။

"ဘာကိုပြောချင်တာလဲ"

မင်းသော်က ဝင်မေးပါတယ်။

"ဪ . . . မင်းက . . . ငယ်ငယ်ရွယ်ရွယ်နဲ့ မိသားစုနဲ့ ခွဲနေရတယ်"

"အင်း . . ."

"အတူပြန်နေမယ်လုပ်တော့ . . . မင်းမိသားစုက အဝေးကို ရောက်သွားပြန်ရော . . ."

ကျွန်တော် 'အင်း'မလိုက်နိုင်တော့ဘူး။ ငြိမ်သက်သွားမိတယ်။ သီလကဆက်ပြောတယ်။

"အိမ်ရှိလျက်နဲ့ အိမ်နဲ့မနေရဘဲ၊ သူငယ်ချင်းတွေနဲ့နေရတယ်"

"လိုရင်းပြောကွာ . . ."

မင်းသော်က စိတ်မရှည်သလိုဝင်ပြောသည်။ သီလကတော့ သူ့တပည့်တွေကို စာရှင်းသလို step by step ပဲသွားမယ်ဆိုတာ ကျွန်တော်ကတော့ သိနေတယ်။

"ခု . . . မဆီမဆိုင် ကိုယ့်ကားပေါ်လာသေတဲ့ passenger နဲ့ ပတ်သက်ပြီး ဘာမှမဆိုင်တဲ့ သူ့ဆွေတော်မျိုးတော်တွေနဲ့ ပတ်သက်ဒနရ ပြန်ပြီ . . ."

"အဲဒါ ဘာဖြစ်လဲ . . ."

"တစ်မျိုးပဲလို့ပြောတာ"

မင်းသော်ကတော့ သိပ်လက်ခံချင်ပုံမရပါဘူး။ ဘစ်မျိုးကြီးဖြစ်





နေတာကလည်း သေချာတာမို့သူလည်း ငြင်းရခက်နေပုံပဲ။ ခေါင်းမညိတ်။ ခေါင်းမခါ၊ ထောက်လည်း မထောက်ခံ၊ ငြင်းလည်းမငြင်းနဲ့ မာမာကြီး ထိုင်နေတယ်။ ကျွန်တော်ကပဲ သီလကိုထောက်ခံပေးလိုက်ရတယ်။

"အေး . . . မင်းပြောသလိုတစ်မျိုးတော့ တစ်မျိုးပဲ . . . ဘာတတ်နိုင်မှာလဲကွာ . . ."

"နောက်ထပ်သတိပြုမိတာ ရှိသေးတယ် . . ."

"ဘာလဲ"

"အဲဒီအုပ်စုရဲ့နာမည်တွေ"

"အင်း . . . ဒါက . . . သူတို့တမင်ရွေးပေါင်းထားတာ . . . တဲ့"

"ပြဿဒါးရဲ့နာမည်အရင်းကကော . . . ဘာလဲ"

"ဖိုးရာဇာတဲ့ . . ."

"ဝန်ဇင်းဖိုးရာဇာလား"

သီလကရယ်ပြီးမေးတယ်။ မင်းသော်က ဒိုင်ခံဖြေပေးတယ်။

"မဟုတ်ဘူး . . . ဦးဖိုးကျားအမျိုးတွေနေမှာပေါ့ . . . သူ့ကို သူငယ်ချင်းတွေက တမင်ဆန့်ကျင်ဘက်ခေါ်ရင်း ပြဿဒါးဖြစ်သွားတာ ဒါပေမယ့်သူ့ဘာတော့ အဲဒီနာမည်ကို မိုသဘောကျသလိုပဲ"

"စနေကကော . . ."

စနေ့နာမည်က နဂိုကတည်းက စနေသားပဲ"

"ဪ"

နှစ်ယောက်သားဘာမှ ဝင်မပြောတဲ့ကျွန်တော်ကို ကြည့်ကြဖြိုက်တယ်။

"ဘာကြည့်တာလဲ"

"မသိပါဘူး . . . ငုပ်တုတ်သေသွားပြီလားလို့ . . ."

"မသေပါဘူး . . . သေသွားရင်တောင် မင်းတို့ဆီလိုက်မှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး"

"အင်း... မင်းလိုပေါ့... ကိုယ့်ဘေးကလူသေလို့ သေမှန်းမသိ"

"ဘယ်တတ်နိုင်မလဲ... အတွေ့အကြုံမှမရှိတာ... ခုဆို အတွေ့အကြုံကရှိသွားပြီ၊ မင်းတို့ဘေးကထိုင်လိုက်ရင် ငါလှည့်လှည့်ကြည့်ပြီး ဂရုစိုက်ပေးပါ့မယ်..."

"× × × ..."

သီလက ပျစ်ပျစ်နှစ်နှစ်ဆဲတယ်။ မင်းသော်ကတော့ ကျွန်တော့်ကားနဲ့ လိုက်နေကျမို့ ကျောချမ်းသလိုလုပ်ပြတယ်။

"အဲဒါထားပါဦး... အရေးကြီးတာပြောမယ်"

"ဘာလဲ"

"မဆီမဆိုင် ငါ့လက်ထဲ... ယုစံသော့ရောက်နေတဲ့ကိစ္စပဲ..."

သီလက ယောက်ျားတန်မဲ့ မျက်စောင်းခဲပြီးပြန်ပြောတယ်။

"အဲဒါပေါ့... မင်းကံကိုက တစ်မျိုးပါလို့ သူ့မှာမိဘလည်းရှိတယ်... ဘေးလူမျက်စိကော၊ နားကော၊ ဦးနှောက်ကောရှုပ်နိုင်တဲ့ သူငယ်ချင်း (၁၃)ယောက်လည်းရှိတယ်... ဒီကြားထဲက မဆီမဆိုင် သူ့အခန်းသော့က မင်းတာဝန်ကျနေတယ်... အံ့ရော..."

"သူတို့တွေကလည်း သူတို့အကြောင်းပြချက်နဲ့ သူတို့လေ"

"ဘယ်လိုပြောလဲ..."

"ယုစံမိဘမောင်နှမက နယ်ပြန်ရမှာ"

"ဟုတ်ပြီ... သူငယ်ချင်းတွေက..."

"သူငယ်ချင်းတွေက ယုစံမသိစေချင်လို့ အသိပေးမထားတဲ့နေရာ၊ နောက်ယုစံအခန်းဖော်က လုံးဝပေးမသိစေချင်လို့ ပေးမသိတဲ့နေရာမို့သူတို့လည်း ယူမထားချင်ဘူးတဲ့၊ အဲဒီအခန်းဖော်ပြန်ရောက်လာရင်၊ အဲဒီမှာ ယုစံထားခဲ့တဲ့ပစ္စည်းပစ္စယတွေကို အဲဒီအခန်းဖော်သိမ်းပေးသမျှယူလာပြီး... သူတို့ဆီပို့ပေး... သူတို့ကနယ်ပို့ပေးမယ်တဲ့..."

"အဲဒီလိုလား"

"အဲဒီလို... အဲဒီလို"

"ဒါဆိုလည်းမင်းပဲ... ပို့လက်စနဲ့ **ကူးတို့ရောက်အောင်သာ** ပို့လိုက်ပေတော့"

မင်းသော်က ဝင်မေးပြန်သည်။

"အဲဒီအခန်းဖော်က ဘယ်တော့မှပြန်**ရောက်မှာလဲ**"

"တစ်လလောက်ကြာဦးမယ်ထင်တယ်"

"ကောင်းပါတယ်... တစ်လလောက်တော့... **မင်းအေးအေး**ဆေးဆေးနေလို့ရတာပေါ့"

"ဘယ်ကအေးဆေးရမှာလဲ... ခုချက်ချင်းလုပ်ပြီး**သွားမှသာ**အေးဆေးမှာ... ခုဟာက ဝန်ထုပ်ဝန်ပိုးကြီးလိုပဲ..."

"သော့ တစ်ချောင်းက သိပ်မလေးပါဘူး"

သီလက ခပ်တည်တည်နဲ့ ဝင်ပြောတယ်။ **သော့သေးသေး**လေးက မလေးတာကတော့ သူပြောမှလား။ အားလုံးလည်း **သိတာပဲ။** လေးတာက တာဝန်ယူထားရမှုလေ။ အံ့ဩစရာကောင်းတဲ့ **ရေစက်နဲ့** ရောက်လာတဲ့ကောင်မလေးယုစံကတော့ ငြိမ်းအေးတဲ့ ဘုံနေရာကို ရောက်နေလောက်ပြီလား မသိဘူး။ ကျန်တဲ့သူတွေမှာတော့ **ကိစ္စက** မပြတ်သေးဘူး...။






www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ပန်းယမုန်က ကျွန်တော့်ကိုလှမ်းဖုန်းဆက်ချိန်းပြီး သူတို့လာခဲ့မယ်ဆိုတာနဲ့ ကျွန်တော်ကားမထွက်သေးဘဲ အိမ်မှာစောင့်နေလိုက်တယ်။ မင်းသော်ကတော့ အိပ်ရေးပျက်တာနဲ့ အိပ်နေတာခုထိမထသေးဘူး။ ဆရာသီလကတော့ ထုံးစံအတိုင်းသွားပြီ။ ခဏနေတော့ ပန်းယမုန်ရယ်၊ ယမင်းပျိုရယ်၊ ပြဿဒါးရယ်ရောက်လာတယ်။

"ဆို. . . ဘာကိစ္စလဲ. . ."

ပြဿဒါးက ဘာမှမပြောသေးဘဲ စာရွက်တစ်ရွက်ကို ကျွန်တော့်ရှေ့အရင်ချပေးတယ်။ ကျွန်တော်နားမလည်တဲ့ စာရင်းဇယားကွက်တွေ. . .။

"ဘာတွေလဲ. . ."

"စာရင်းရှင်းတမ်းတွေပါ၊ ကျွန်တော်တို့ share ထဲက ယုစံရဲ့



share ကိုပြန်ထုတ်ပေးပြီး စာရင်းရှင်းပေးထားတာပါ. . ."

"အဲဒါငါနဲ့ ဘာဆိုင်လဲ. . ."

"ယုစံအဖေက. . . အစ်ကို့ဆီမှာ ထားခဲ့ပါဆိုလို့"

"မြတ်စွာဘုရား"

ကျွန်တော်ဘုရားတ,တော့ သူတို့ကရယ်ကြတယ်။

"အစ်ကိုကလဲ. . . ဘာဖြစ်တာလဲ"

"ဟ. . . ဘာဖြစ်ရမှာလဲ. . . ငါက ယုစံရဲ့အုပ်ထိန်းသူမှမဟုတ်တာ. . . ဘာမှလည်း မပတ်သက်ဘူး"

"ယုစံရဲ့အုပ်ထိန်းသူက မှာသွားခဲ့ပြီးအစ်ကို့ကို general power ပေးသွားခဲ့တာပဲ. . ."

"မှားကုန်ပြီ. . ."

"မမှားပါဘူး. . . သူတို့က ဥပဒေကိုကြည့်ပြီးမှ ယုံတာနေမှာပါ။ အစ်ကို့ဥပဒေက ကောင်းတယ်လေ. . . ဟဲဟဲ. . ."

စပ်ဖြဲဖြဲနဲ့နောက်သလို အတည်ဝင်ဆော်နေတဲ့ ယမင်းပျိုကို ကျွန်တော်ရယ်ချင်သွားရတယ်။ ဒီကောင်မလေးနဲ့ ကျွန်တော်တစ,တွေ့ကတည်းက စကားလည်း သိပ်မပြောဖြစ်ပါဘဲနဲ့ ပြောဖြစ်တဲ့တစ်ခွန်းနှစ်ခွန်းမှာတင် အခြေအနေအရ ငြိငြိနေကြတယ်။ သူ့ဗီဇကို ဒီလိုပဲလို့နားလည်ပေးလိုက်တာက စိတ်သက်သာမယ် မဟုတ်လား။

"ကဲ. . . စာရင်းလာပေးတာ မဟုတ်လား၊ လက်ခံထားလိုက်မယ်၊ ဟိုကောင်မလေးပြန်လာလို့ ယုစံပစ္စည်းတွေရပြီဆိုရင် မင်းတို့ပဲပို့ပေးရမှာမဟုတ်လား. . . အဲဒီကျ ရောပို့လိုက်တာပေါ့. . ."

"မရဘူးအစ်ကို. . . ငွေလည်းပါသေးတယ်. . ."

ပန်းယမုန်က. . . သူမလွယ်လာတဲ့အိတ်ကြီးကိုဖွင့်ပြီး ငွေထုပ်တွေကိုဆွဲထုတ်လိုက်တယ်. . .။

"ဟာ. . . ဟာ. . . အများကြီးလား"

www.burmeseclassic.com

www.burmeseclassic.com



"မများဘူး. . . စာရင်းထဲကအတိုင်းပဲ. . . အရင်းနဲ့အမြတ် ခွဲထုတ်ပေးထားတာ. . ."

မများဘူးဆိုတာတောင်မှ. . . ကျွန်တော့်မျက်စိရှေ့တင် ထစ်ထောင်ထုပ်က (၇)ထုပ်၊ (၈)ထုပ်ရှိမလားပဲ. . .။

"ဒီငွေတွေကို ငါက. . ."

"စစ်ပြီးယူထားလိုက်လေ. . ."

"ငါတသုံးပစ်လိုက်ရင်ကော. . ."

"အဆင်ပြေသားပဲ. . . သုံးဖြစ်ရင် ကျွန်တော့်ပါခေါ်လိုက်" မြသဒါးကပါ နောက်နေသေးတယ်. . .။

"ဒုက္ခပါပဲ. . ."

"ကဲပါ. . . ငွေစစ်ပါအစ်ကိုရာ၊ အစ်ကို့ကိုမီဖို့ စောစောထထွက်လာတာ. . . ဘာမှမစားရသေးဘူး၊ ဆာလှပြီ. . . အစ်ကိုက ဘာနဲ့ညှော်ခံမှာလဲ. . ."

ပန်းယမုန်က ရှုံ့မဲ့ပြီးပြောတာမို့ ကျွန်တော်မကျေမနပ်နဲ့ပဲ ငွေတွေကိုထိုင်ရေလိုက်ရတယ်။

"ငါရမယ့်ငွေလည်းမဟုတ်၊ ငါက ထိန်းသိမ်းထားရဦးမယ်၊ ပြီးတော့ မင်းတို့ကို ငါက breakfast ပါကျွေးရဦးမယ်. . . ကောင်းကွာ"

ကျွန်တော်မကျေမနပ်ရေရွတ်တော့ ပြသဒါးက ရယ်တယ်။

"အစ်ကိုအဲဒီနေ့က ကားမထွက်ဖြစ်ရင် ဒီလိုဖြစ်မှာ မဟုတ်ဘူးလို့ မတွေးမိဘူးလား"

ပြသဒါးအမေးကြောင့် ကျွန်တော်ကြောင်သွားတယ်။ သေချာတာကတော့ အဲဒီလိုတစ်ခါမှ မတွေးဖြစ်တာပါ။ သူပြောတာလည်း ဟုတ်တာပဲ။ အဲဒီနေ့ကသာ မထွက်ဖြစ်ခဲ့ရင်. . .

"အဲဒီနေ့က ပြသဒါးထင်တယ်နော်. . ."

ကျွန်တော်က ပြသဒါးကို အဲလိုပြန်ပြောတော့ ပြသဒါးက





ကျွန်တော့်ကိုဆွဲမထည့်ပါနဲ့တဲ့။ သေချာတာကတော့ အဲဒီနေ့ကတည်းက ရှက်ဆုတ်ပြကွဲခဲ့နိမ်လေးကို မဆုတ်ဖြစ်ခဲ့တာ ခုဆို ဘယ်နှစ်ရက်ရှိနေပြီ မှန်းတောင်ကျွန်တော်မသိဘူး။ အဲဒီအတွေးနဲ့အတူ 'မောင်'ဆိုတဲ့ သတ္တဝါလေးကိုသွားသတိရမိတယ်။ အဲဒါကြောင့် ငွေတွေစစ်ဆေးသိမ်း ဆည်းပြီး လက်ဖက်ရည်ဆိုင်ကို ထွက်လာတော့မေးမိတယ်။

"ဒါနဲ့. . . မေးပါဦးမယ်"

"မေးခွင့်ပါမစ်ချပေးထားပြီးပြီလေ"

ယမင်းရဲ့ ထော်လော်ကန့်လန့် စကားလုံးကထုံးစံအတိုင်း လာငြိပြန်တယ်။ ကျွန်တော် မသိချင်ယောင်ဆောင်ပြီး ဆက်မေးရတယ်။

"မောင်မောင်. . . ဆိုတာ"

သုံးယောက်သား မီးကိုရေနဲ့ငြိမ်းတာကမှ ရှဲခနဲမြည်ဦးမယ်။ တိတ်သွားလိုက်တာ ကျောက်ရုပ်တွေဖြစ်သွားလားမှတ်ရတယ်။

"ဘာဖြစ်သွားတာလဲ. . ."

"အဲ. . . ဟို"

ပထမဆုံး ပြန်သတိဝင်လာတာက ပြသဒါး။ ဒါတောင် စကား အစမှာ ထစ်အ,နေသေးတယ်။

"သူဘယ်မှာလဲဆိုတာ. . . ကျွန်တော်တို့လည်း သိချင်နေတာ"

"အဲဒါက ငါသိတယ်လေ"

"ဒါဆို. . . အစ်ကိုခု. . . ဘာကိုသိချင်တာလဲ"

"မောင်မောင်က ဘာလို့ အဆက်အသွယ်ဖြတ်ပြီး ပျောက်သွားရတာလဲ. . ."

"အဲဒါတော့ သူ့မှာအကြောင်းရှိမှာပေါ့"

ပြသဒါးက မျက်မှောင်ကြုတ်ပြီးစဉ်းစားရင်းက ဖြေတယ်။ အကြောင်းရှိမှာကတော့ သူပြောမှလား။ ဘာအကြောင်းမှန်းမသိတာက



www.burmeseclassic.com

www.burmeseclassic.com



ခက်တာလေ။ အဲဒီခက်တာထက်ဆိုးတာက သူချစ်သူ ယုံတစ်ယောက် ဒီကမ္ဘာလောကကြီးထဲမှာ မရှိတော့ဘူးဆိုတာတောင် သူမသိသေးဘူး။ ပြီးတော့ ဒီချစ်သူလေးဟာ သူ့ကိုတမ်းတရင်း၊ သူ့စကားတွေကိုယုံကြည်ရင်း ဘဝကူးသွားခဲ့ရတယ်ဆိုတာ. . . လည်း သူမသိဘူး။ သိရင်ကော သူဘယ်လိုနေမှာလဲ။ ကျွန်တော်က အလကားနေရင်း ကြားထဲက သိချင်နေမိတယ်။

"မင်းတို့ သူငယ်ချင်းတွေကလည်း တစ်မျိုးပဲ. . ."

ဒီစကားကို ပန်းယမုန်က သက်ပြင်းတစ်ချက်ချပြီးတယ်။ ယမင်းပျိုကတော့ မကြားချင်ယောင်ဆောင်ပြီး ထမင်းကြော်ကို မစားဘူးသလို ငုံ့စားနေတယ်။ ခေါင်းညိတ်ဝန်ခံလိုက်တာက ပြဿဒါး. . .။

"ဟုတ်တယ်. . . ခုချိန်မှာတော့ တစ်မျိုးပဲလို့ပြောလို့ရတယ် အစ်ကို. . ."

"ဒါဆိုအရင်ကကော"

"အရင်က ကျွန်တော်တို့ အရမ်းပျော်ခဲ့ကြတယ်. . . ပြီးတော့ အရမ်းလည်းချစ်ခဲ့ကြတယ်. . ."

"ချစ်ခဲ့ကြတယ်"

ကျွန်တော့်ရဲ့တအံ့တသြသံယောင်လိုက်သံကို ပြဿဒါးက ခေါင်းညိတ်ထောက်ခံတယ်။

"ဟုတ်တယ်. . . ကျွန်တော်တို့ဖြူစင်စွာ ချစ်ခဲ့ကြတယ်. . . မဖြူစင်တဲ့အချစ်တွေ ဝင်မလာခင်အထိပေါ့ အစ်ကို၊ ဒီအကြောင်းတွေကို ကျွန်တော် အစ်ကို့ကို အေးအေးဆေးဆေးပြောပြပါ့မယ်. . . အစ်ကိုလည်း သိသင့်တယ်လေ. . . ဘာလို့လဲဆိုတော့ အစ်ကိုက ကျွန်တော်တို့ အုပ်စုရဲ့ (၁၅)ယောက်မြောက် မိတ်ဆွေဖြစ် နေလို့ပဲ. . ."

ကျွန်တော်သဘောတကျရယ်လိုက်မိတယ်။ သူတို့နဲ့ ကျွန်တော် အလွန်ဆုံးကွာလှ သုံးလေးနှစ်ပေါ့။ ရွယ်တူလိုပေါင်းရင်တောင် ရနိုင်ပါ



တယ်။ ဒါပေမယ့် ကျွန်တော်က သူတို့ကိုကလေးတွေလို မြင်နေမိတယ်။ သူတို့ကတော့ ကျွန်တော့်ကို (၁၅)ယောက်မြောက်မိတ်ဆွေတဲ့။ ဒါဆို ယုံမရှိတော့တာလည်း သူတို့က အသိအမှတ်မပြုဘဲ အဖွဲ့ဝင်အဖြစ် ထား,ထားတုန်းဆိုတဲ့ သဘောလား။

ပြဿဒါးက ဆက်ပြောတယ်။

"ဘာပဲပြောပြော ကျွန်တော်တို့ဟာ သူငယ်ချင်းတွေပါ. . . မောင်မောင်ဘယ်ရောက်နေမှန်းမသိလည်း မောင်မောင်ဟာ ကျွန်တော်တို့ သူငယ်ချင်းပဲ. . . ယုံမရှိတော့လည်း ယုံဟာ ကျွန်တော့်တို့ ရင်ထဲမှာ ရှိနေမှာပဲ. . . အဲဒီလိုပဲ. . . ယုံကိုနောက်ဆုံးကူညီခဲ့တဲ့ အစ်ကိုနဲ့ ကိုထွန်းဇော်ဝင်းဟာလည်း ကျွန်တော်တို့ မိတ်ဆွေပဲ. . ."

"ဒါဆို. . . ထွန်းဇော်ဝင်းက (၁၆)ယောက်မြောက်လား"

"မဟုတ်ဘူး. . . သူက အပြင်လူ"

"အပြင်လူ. . . ဟုတ်လား"

"ဟုတ်တယ်. . . ယုံရဲ့အခန်းဖော်လို အပြင်လူပေါ့"

သူတို့ အယူအဆလေးတွေက တစ်မျိုးပဲ။ ကျွန်တော်လည်း ဘာမှ ဝင်မပြောတော့ဘူး။ ယမင်းပျိုက. . . ဆက်ပြောတယ်. . .။

"ခု. . . ယုံရဲ့ share ကိုခွဲပေးလိုက်တာက ငွေကြေးကဏ္ဍပဲ Lost Horizon ရဲ့ member ထဲမှာတော့ ယုံရှိသေးတယ်"

ယမင်းပျိုပြောတဲ့စကားတွေထဲမှာ နားထဲအဆင်ပြေပြေဝင်လာတာဆိုလို့ ဒီတစ်ခွန်းပဲရှိသေးတယ်။ ဒါပေမယ့် ခေါင်းတညိတ်ညိတ်နဲ့ နားထောင်ရှုကလွဲလို့ ပြန်ပြောစရာစကားမရှိဘူး။

ခုဆို ကျွန်တော် လူ့လောကထဲကို ရောက်လာတာ. . အနှစ်၁၆ ပဲရှိတော့မယ်။ ဒါပေမယ့် လောကကြီးရဲ့လှည့်ကွက်တွေကို နားလည်နိုင်စွာလည်စင်းခံနေရတုန်းပဲ။ ဒီနေ့ထိလည်း ကျွန်တော့်မှာ မေးခွန်းတွေက အများကြီး။ ဘယ်သူ့ကိုမေးရမှန်း မသိတဲ့မေးခွန်းတွေပေါ့. . .။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါကျတွေးမိတယ်။ ကျွန်တော်တို့ လူ့လောကထဲကို ရောက်မလာခင် လောကကိုရင်ဆိုင်နားလည်ဖို့ ပညာရပ်တွေအများကြီး သင်ယူခဲ့သင့်တယ်လို့။ ဒါပေမယ့် အဲဒါဆိုရင်လည်း အရာရာဟာ ဒါလောက် ချဲ့ပြေရမယ်ဆိုတဲ့ ပုံသေကားချပ်ထဲမှာ သိပ်များပျင်းစရာ ကောင်းသွားမလား မသိဘူး။

လူတိုင်းမှာ ကိုယ့်ဒုက္ခနဲ့ ကိုယ်တော့ရှိကြတာပဲ။ ဒါပေမယ့် ကျွန်တော့်ဒုက္ခတွေက ပြီးဆုံးလွန်မြောက်သွားခဲ့ပြီလို့ ပြောလို့ရမလား မသိဘူး၊ ယုစံဆိုတဲ့ တမလွန်က ကောင်မလေးဟာ ကျွန်တော့်ကို သူ့ကိုယ်စား သူ့အဝန်းအဝိုင်းလေးထဲ ပစ်ချခဲ့သလား မှတ်ရတယ်။ ဒါပေမယ့် ဒါကိုကျွန်တော် မကျေမနပ်ဖြစ်မိတာတော့ ခြေချာပါတယ်။

❄ ❄ ❄

## မောင်မောင်

ဒီနေ့က April တစ်ရက်နေ့။ ကျောင်းရောက်တော့အတန်းထဲမှာ ဘယ်သူမှ မတွေ့တာမို့ မောင်မောင်တစ်ယောက်တည်းပြုံးလိုက်မိတယ်။ အလကား. . . ပြက္ခဒိန်ပေါ်ကရက်စွဲတွေကို 'care' မရှိတဲ့ကောင်တွေ၊ ခံရတာနည်းသေးတယ်လို့လည်းတွေးလိုက်သေးတယ်။ ခုချိန်မှာ သူစောင့်ရမှာက ယုစံတစ်ယောက်ပဲရှိတယ်။

မြတ်ကောင်းတစ်ယောက်တော့. . . သူလိုချင်တဲ့ Oxford Dictionary Edition အသစ်ကို စာပေလောက(၅)မှာ ရမယ်ဆိုလို့ စာပေလောကကို ရောက်နေလောက်ရောပေါ့။ မဟုတ်မှသာ ဒေါ်ပွပြီးကျောင်း ရောက်လာမှာ။ ကောင်းမြတ်ကိုလည်း သူ့အဖေရဲ့ Aluminium ဆိုင် အတွက် အလုပ်အပ်ချင်တဲ့လူက Actor Corner မှာချိန်းထားလို့သွား လိုက်ပါဦး၊ အချိုကြီးနော်. . . ဆိုပြီးလွှတ်လိုက်တယ်။ ဒီနေ့နဲ့ ပြဿနာ

www.burmeseclassic.com



ကတော့ နည်းနည်းနပ်တဲ့ကောင်တွေမို့ နှစ်ယောက်လုံးကို တစ်နေရာတည်း ပို့ထားလိုက်တယ်။ အတန်းထဲက Queen 'နှင်းခက်ဝေ'ရဲ့ အဖေဆေးရုံမှာ သွေးတအားလိုနေလို့၊ လိုတဲ့သွေးကလည်း စနေနဲ့ပြဿဒါးရဲ့သွေးအမျိုးအစားဖြစ်တဲ့ AB သွေးမို့ အမြန်ကူပေးပါဆိုပြီး လွှတ်လိုက်တာ။ ခုလောက်ရှိဆေးရုံမှာ တလည်လည်နဲ့ မေတ္တာပို့နေလောက်ရောပေါ့။

လင်းညီနဲ့ ညီလင်းကိုတော့ ကွန်ပျူတာ laptop တစ်လုံးပေါ်ချောင်ကောင်းနဲ့ရမှာမို့ အမြန်သွားဆိုပြီး လိပ်စာတစ်ခုပေးလွှတ်လိုက်တယ်။ ရောက်သွားမှ ဘာကွန်ပျူတာမှမရှိဘဲ. . . သင်္ချိုင်းဆေးရောင်းတဲ့ဆိုင်ဖြစ်နေရင်တော့. . . မောင်မောင့်ဆီပဲဒေါသတကြီး ရောက်လာမှာပဲပေါ့။ မောင်မောင်ကြိတ်ရယ်လိုက်မိသေးတယ်။

အေးထိအေးစက်နဲ့ မိန်းကလေးဆန်စွာ သိမ်မွေ့နူးညံ့တဲ့ သဲအိနဲ့ အိသဲကိုတော့ သနားတာနဲ့ အလှူရှိတယ်ဆိုပြီး ဘုန်းကြီးကျောင်းတစ်ကျောင်းကိုလွှတ်လိုက်တာ။ သူတို့ကတော့ အခြေအနေမှန်သိရင် ရယ်ကြရုံကလွဲလို့ စိတ်ဆိုးကြမှာမဟုတ်ဘူး။ အရှမ်းနောက်ထားမိတာက စကားပြောအဆီအငေါ်မတည့်တဲ့ ယမင်းပျို။

"ယမင်း. . . နင့်ချစ်ချစ်. . . ကိုသူရကမှာခိုင်းတယ်၊ သူ့ကို သူ့အိမ်က အတင်းမိန်းမပေးစားဖို့လုပ်နေတာ၊ နင့်ကိုလည်း စိတ်ဆင်းရဲမှာစိုးလို့ အသိမပေးရဲဘူးတဲ့၊ အဲဒါ. . ."

"အဲဒါဘာ. . . ဘာဖြစ်လဲ. . . မြန်မြန်ပြောပါ. . ."

"ကိုသူရက. . . သူ့ကိုလာခိုးပါတဲ့"

ယမင်းထအော်ပါတော့တယ်။

"မအော်နဲ့ယမင်း. . . မိန်းကလေးက မခိုးရဘူးလို့ ဘယ်ပညာရှိကမှ ပြဋ္ဌာန်းမထားဘူး၊ ပြီးတော့. . . သူ့ဘဝက နင်ကယ်မှဖြစ်မှာလေ. . ."



"ငါက ဘယ်လိုကယ်ရမှာလဲ"

"နင်မနက်ဖြန်ကားယူသွား၊ ကိုသူရ. . . ဖြူရှေ့မှာစောင့်နေ၊ ကိုသူရထွက်လာတာနဲ့ ကားပေါ်တင်ပြီး မောင်းပြေးပေတော့"

"ငါက ယောကျ်ားလေးတစ်ယောက်ကို ကားတင်ရမယ်. . . ဟုတ်လား၊ ကျော်မကောင်း၊ ကြားမကောင်း. . ."

"မလုပ်ချင်လည်းနေပေါ့ ယမင်းရယ်. . . ကြားတောင်းစေချင်ရင်တော့. . . နင်တို့ပေါင်းရမှာ မဟုတ်ဘူး၊ မဲခူးက ရွှေဝါထွန်းဟော်တယ်မှာ. . . ငါအခန်းတစ်ခန်း လှမ်းလုပ်ထားပေးမယ်. . . ကိုသူရက ကားသုံးခွင့်မရလို့ပါ. . . နင်ပဲကူလိုက်ပါဟာ. . ."

ယမင်း ပထမတော့တိတ်သွားသေးတယ်။ နောက်မှ ဆုံးဖြတ်ချက်ကျသွားပုံနဲ့ 'ဒါပဲရှိတော့တာပေါ့. . . ကျေးဇူးပဲ' လို့ လိုက်လိုက်လဲလဲပြောပြီး ဖုန်းချသွားတယ်။ ခုလောက်ရှိ အဲဒီကျေးဇူးတွေအစားဖရုဿဝါစာတွေ ယမင်းပါးစပ်က ခုန်ထွက်နေလောက်ပြီ. . .။

ယမုန်ကျန်သေးတယ်. . .။

ယမုန့်ကိုတော့ သိပ်ကြီးကြီးမားမနောက်ပါဘူး။ ကျောင်းခေါ်ချိန်မပြည့်လို့ professor က ခေါ်ထားတယ်လို့ပဲ ပြောထားတယ်။ ယမင်းက တကယ်ကျောင်းပျက်တတ်သူဆိုတော့ ကြောက်တာနှစ်ယောက်မရှိဘူး။ ဖုန်းထဲမှာတင် အသံကတုန်ယင်နေတာ။ ခြေမကိုင်မိလက်မကိုင်မိနဲ့။ ခုဆို professor ခန်းထဲဝင်ဖို့ ဘုရားစာတွေ ပြောင်းဆန်အောင်ရွတ်နေလောက်ရောပေါ့။ ဝင်ပြီးမှ ဘာမှမဟုတ်တာသိရင်. . . ဟားဟား. . .။ မောင်မောင် အသံထွက်အောင်ရယ်ပစ်လိုက်တယ်။

ကောင်မလေးတွေမြင်ရင် အားလုံးကိုမျှဝေချစ်ချင်တတ်တဲ့ ဇာနည့်ကိုတော့ ကျောင်းမှာ နာမည်ကြီးနေတဲ့ ရုပ်ရှင်မင်းသမီးတက်သစ်ဖလေးနဲ့ ချိန်းပေးလိုက်တယ်. . .။

"ဇာနည်. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ. . ."

"ပုလဲနက်က. . . မင်းကိုမေးနေတယ်. . ."

"ဟုတ်လို့လားကွာ. . ."

"ဩော်. . . ဟုတ်တာပေါ့. . . ဇာနည်တစ်ယောက်သူ့ဆီတောင် မလာတာတောင်ကြာပြီတဲ့. . . သူ့ကိုမေ့နေပြီးလား မသိဘူးတဲ့လေ. . . သွားလိုက်ပါဦး"

"အေး အေး. . . သွားမယ်. . . ဘယ်ကိုသွားရမှာလဲ"

"အာ. . . သူ့အတန်းကိုပေါ့"

"အင်းအင်း. . . ကျေးဇူးပဲမောင်မောင် ငါသွားလိုက်မယ်. . ."

ခုလောက်ဆို ပုလဲနက်တစ်ယောက် မခေါ်ဘဲလာပြီး ပတ်ချွဲနပ်ချွဲတွေပါလာတဲ့ ဇာနည့်ကို အနက်ရောင်တိမ်တိုက်တွေ လက်ဆောင်အဖြစ် တနင့်တပိုးပေးပြီးလောက်ရောပေါ့။

ဘာမဆိုတက်တက်ကြွကြွနဲ့ အားလုံးကိုညာတာတတ်၊ ကူညီတတ်၊ တာဝန်ကျေတတ်တဲ့ နီနီဇော့်ကိုတော့ မောင်မောင်တို့အိမ်မှာ မေမေနေမကောင်းလို့ မိန်းကလေးအဖော်လိုတယ်. . . မနက်လာခဲ့ပေးပါလားလို့ ပြောထားတာ။ ခုလောက်ရှိ မေမေနဲ့တွေ့ပြီး အကြောင်းစုံသိပြီးလောက်ပြီ။

တကယ်တမ်း မနောက်မပြောင်ဘဲ အတည်ပြောမိတာက ယုစံပါ။

"ယုစံ"

"ပြောလေ. . , မောင်မောင်"

"မောင်. . . ယုစံကိုချစ်တယ်. . ."

"ဟင်. . ."

"အဲဒါ. . . မနက်ဖြန် မတ်လ(၃၂)ရက်မှာ အဖြေပေးနော်. . ."

"အာ. . . မောင်မောင်ကလည်း မနက်ဖြန် ဧပြီလ(၁)ရက်ပါ"



"ဟုတ်လို့လား၊ ကိုယ့်ပြက္ခဒိန်မှာက မတ်လ(၃၂)ရက်တဲ့ မကုန်သေးပါဘူး၊ ဒီကိစ္စတွေကို Zeus နဲ့ဆွေးနွေးဦးမှပါ. . . ဩော်. . . ဒါနဲ့ မနက်ဖြန်ကျောင်းမှာ ကိုယ်စောင့်နေမယ်. . . အဖြေလာပေးနော်. . . တာ့တာ့"

ပြောပြီးပြီးချင်းချင်းချလိုက်တယ်။ ပရမ်းပတာခုန်ချင်နေတဲ့ ရင်ခုန်သံကို မသိကျိုးကျွံပြုထားလိုက်တယ်။ မဟုတ်ရင် မောင်မောင် ဟစ်ယောက်အိပ်ပျော်မှာတောင် မဟုတ်ဘူး။

ခဏနေတော့ ယုစံအတန်းထဲဝင်လာတယ်။

ထိုင်စောင့်နေတဲ့ မောင်မောင့်ကိုမြင်တော့ ခြေလှမ်းတုံ့သွားသလို ခေါင်းကလည်းငုံ့သွားသေးတယ်။ မောင်မောင့်ရင်ထဲမှာ အသည်းယားတာလည်း မပြောနဲ့။ အဲဒီယုစံဆိုတဲ့ကောင်မလေးက ခစ်ချော့ချော့ကလည်းနိုင်သေးတယ်. . . ပြီးတော့ တကယ့်ကို မလှုပ်ချောက်ချက်. . .။

"ယုစံ"

မောင်မောင်လှမ်းခေါ်တော့ ယုစံအနားကိုလျှောက်လာတယ်။ ခေါင်းတော့မမော့ဘူး။

"ထိုင်လေ. . . ယုစံ"

ကိုယ့်အတန်းထဲက ကိုယ်ထိုင်နေကျခုံတွေကိုတောင် ဧည့်သည်ဖြစ်နေတဲ့ ယုစံကို မောင်မောင်သနားသွားတယ်။ ဒါပေမယ့် မတတ်နိုင်ဘူး။ ချစ်တာက ချစ်တာပဲ။ သူ့အချစ်ကိုလည်း ပြန်လိုချင်တာက လိုချင်တာပဲ။ ယုစံက ထိုင်ပြီးတာတောင်မှ ခေါင်းမော့မလာဘူး။

"ယုစံ"

"အင်. . ."

"နင်. . . အဖြေပေးတော့မှာလား"

" × × × . . ."

ဘာသံမှထွက်မလာဘူး။ ပုံမှန်ထွက်ပေါ်နေတဲ့ နှလုံးခုန်သံကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



စည်းချက်မပါဘဲ ပျော်ပေတာကြားနေရသလိုပဲ။

"နင်. . . ငါ့ကိုအဖြေပေးလေ"

"ငါမပြောတတ်ဘူး"

ကြည့်ပါဦး၊ ဘယ်လောက်ရိုးသားလိုက်တဲ့ကောင်မလေးလဲ။ မပြောတတ်တာတဲ့။ စဉ်းစားဦးမယ်. . . မဟုတ်ဘူး။ သူပြောတတ်လာအောင် သင်ပေးဖို့နည်းလမ်းကလည်း မောင်မောင့်မှာမရှိဘူး။ ဒီတော့ တတ်နိုင်တာပဲပြောရတော့တယ်။

"နင်မပြောတတ်ရင် ဒီကျောက်သင်ပုန်းပေါ်မှာ. . . အမှန်အမှားခြစ်ပြလေ. . ."

"ဘာလဲ. . . ဘာ. . . ဒီအမှန်အမှားလဲ"

"ငါ့ကိုချစ်ရင် အမှား၊ ငါ့ကို မချစ်ရင် အမှန်. . ."

ယုစံမျက်လုံးလေးဝိုင်းသွားတယ်။

"ဟင်. . . နင့်ဟာကပြောင်းပြန်. . . ချစ်ရင်အမှန်မဟုတ်ဘူးလား"

"မချစ်ရင်အမှားလို့ နင့်ကိုဘယ်သူကပြောလဲ"

"ဒါလည်း ဟုတ်တာပဲ. . ."

"ဟုတ်ရင်. . . ရော့. . . မြေဖြူ. . . ငါအတန်းပြင်ထွက်ပေးမယ်. . ."

မောင်မောင်လှမ်းပေးတဲ့ မြေဖြူခဲတစ်ပိုင်းကို ယုစံက. . . လှမ်းယူတယ်. . .။ ပြီး. . . နေရာက မရွေ့ဘဲရပ်နေသေးတယ်။ ဒါပေမယ့် မောင်မောင်က မသိချင်ယောင်ဆောင်ပြီး အတန်းပြင်ထွက်သေးလိုက်တယ်။ သေချာတာကတော့ ယုစံဆီက ဘယ်လိုအဖြေမျိုးရမယ်ဆိုတာ သိချင်စိတ်နဲ့ မောင်မောင့်ရင်တွေ ပရမ်းပတာဖြစ်နေတာပဲ။

စိမ်းမှောင်နေတဲ့ ကျောက်သင်ပုန်းပေါ်မှာ မြေဖြူနဲ့ ဘယ်လိုသင်္ကေတကိုများ ရေးခြစ်သွားမှာလဲ. . . လို့. . . မောင်မောင်တွေးနေ





မိတယ်။ တကယ်လိုချင်တာကတော့ ကြက်ခြေခတ်ပဲပေါ့။ ကြက်ခြေခတ်ဆိုတာ မျဉ်းနှစ်ကြောင်းဆုံတွေ့ဖြတ်သန်းသွားတဲ့ သင်္ကေတလေ။ အမှန်ခြစ်လို့. . . အထီးတည်းဖြစ်မနေဘူးလို့. . . မောင်မောင်ကမြင်တယ်။ ခုတော့. . . သူနဲ့ယုစံဆုံမှတ်တစ်ခုဖြစ်လာနိုင်မလား. . . မသေချာသေးဘူး။

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com

**ယုစံ**

ခြေအစုံကို မရဲတရဲစတင်လှမ်းလိုက်တဲ့ထိ. . . ယုစံရင်ထဲမှာ ဘာမှမသေချာသေးဘူး။ စိမ်းရင့်နေတဲ့ကျောက်သင်ပုန်းကြီးက သူမကို ငုံ့ကိုင်းကြည့်နေသလိုပဲ. . .။ လက်ထဲက မြေဖြူခဲလေးတောင် စိတ်လှုပ်ရှားမှုကြောင့် ကြွေမွသွားမလားထင်ရတယ်။ ယုစံဘာကိုမှသေချာ မဆုံးဖြတ်ရသေးခင်မှာပဲ လက်ကကျောက်သင်ပုန်းပေါ်ကိုရောက်သွားပြီ။ ဘာသင်္ကေတကိုရေးခြစ်မိမှာလဲ။

စက္ကန့်တွေမိုင်ချီဝေးကွာနေကြသလိုပဲ. . .တစ်စက္ကန့်ဟာ. . . ကုန်ခဲနေသလိုထင်ရတယ်။ အဲဒီအချိန်မှာပဲ. . . ဆူညံသံတချို့ကို ယုစံကြားလိုက်ရတယ်။

"ဘယ်မှာလဲ. . . မောင်မောင်ဆိုတဲ့ကောင်. . ."

"ဟိုခွေးကောင်. . . လာဦး"





"ငါတို့ကို အရူးလုပ်တဲ့ကောင်"

"အေးလေ. . . April (၁)ရက်ကို ငါတို့ကမေ့နေတာကိုး"

တစ်ယောက်တစ်ပေါက်ဆူညံသံတွေနဲ့အတူ. . . အတန်းထဲကို သူငယ်ချင်းတွေရောက်လာတယ်။ April (၁)ရက်တဲ့။

"ဘာလဲ. . . April (၁)ရက်. . ."

ယုစံ. . . နားမလည်သလိုမေးမိတယ်။ ဒါပေမယ့် ယုစံ အမေးကို မဖြေဘဲ. . . ပြဿဒါးက ကျောက်သင်ပုန်းကိုကြည့်ပြီး မြ မေးတယ်။

"နင်က အရေးထဲ. . . ဘာတွေမှားနေတာလဲ. . ."

ပြဿဒါးရဲ့အမေးကြောင့်အားလုံးက ကျောက်သင်ပုန်း သေချာကြည့်တယ်။ ဟုတ်တယ်။ ယုစံ မသိလိုက်ခင်မှာ ယုစံလက်တွေ ကြက်ခြေခတ်တစ်ခုကို ရေးခြစ်ထားပြီးပြီလေ။ ဒါကိုမြင် သိုက် မောင်မောင်ဟတော့ 'Yes' ဆိုပြီးထ,ခုန်တာ. . . ကုလားထိုင်ပေ တောင် ရောက်သွားတယ်။ အားလုံးကတော့ ဘာမှနားမလည်အူ ဟုတ်တယ်။ ယုစံလည်း ဘာမှနားမလည်သေးဘူး။ မောင်မောင်ဘာလ ထ,ခုန်တာလဲဆိုတာကလွဲရင်ပေါ့. . .။

"ဟိုကောင်ကကော ဘာဖြစ်တာလဲ"

စနေက မကျေမချမ်းမေးတယ်။ မောင်မောင်ကတော့ ခပ် တည်တည်ပဲ. . .။

"ပျော်လို့. . ." တဲ့။

ပန်းယမုန်က မျက်နှာလေးရှုံ့မဲ့ပြီးပြောတယ်။

"အေး. . . နင်သူများကို ချောက်ချရတာပျော်တယ်ပေါ့"

"ပျော်တယ်လည်း မဟုတ်ပါဘူး၊ ငါပျော်တာက တခြားပါ"

"နင်. . . သူများတကာကို April fool လုပ်တယ်နော် နင်မှတ် ထား၊ နောက်နှစ်တွေကျရင် April (၁)ရက်ရောက်တိုင်း နင်သ



www.burmeseclassic.com

www.burmeseclassic.com



[illegible]"

[illegible] မောင်မောင့်ကိုကြိမ်းတယ်။ မောင်မောင် [illegible] ပြန်ပြောတယ်။

"[illegible] ပါ ယမင်းရယ်. . . နောက်နှစ်တွေမှာ ငါ [illegible] April (၁)ရက်ဆိုတာ မရှိတော့ဘူး၊ မတ်လ(၃၂)ရက်ပဲရှိတော့ [illegible]. . . ယုစံရယ်. . ."

[illegible] လှမ်းအဖော်ညှိလိုက်သေးတယ်။ ယုစံကတော့ [illegible]ပြန်ပြောရမှန်း မသိဘူး။ သူ. . . ယုစံကိုချစ်တယ်လို့ပြောခဲ့တာ [illegible] April fool လုပ်တာပဲလားလို့တွေးနေမိတယ်။ ဒါကြောင့်မျှား [illegible]မောင်က ယုစံကိုကျတော့ မတ်လ(၃၂)ရက်လို့ပြောခဲ့တာလား [illegible]ဘူး။ ဘာပဲဖြစ်ဖြစ် ယုစံကတော့ မောင်မောင့်ကို အဖြေပေးမိ[illegible]သား ဖြစ်သွားပြီ။

တစ်ယောက်တစ်ပေါက်နဲ့ မောင်မောင့်ကိုဝိုင်းဝန်းဆဲဆိုသံတွေ [illegible]မှာ. . . မောင်မောင်ကတော့ အပြုံးမပျက်ပဲ။

"ကဲ. . . ကဲ. . . တော်တော့"

"တော်နိုင်မလား. . . နင်က ဒုက္ခခံခဲ့ရတာမှ မဟုတ်တာ"

"အေးပါ. . . နင့်ကိုလည်း ငါက. . . အလှူကြွရှိရင် စားရ[illegible]င် စေတနာနဲ့လွှတ်တာပါ"

သဲအိကို မောင်မောင်က ပြောရာပြေကြောင်းပြောမယ်ပြင်ပြီးမှ [illegible],နေမိတယ်။ ပြီးမှ မောင်မောင်က. . .

"ကဲပါ. . . အားလုံးကို တောင်းပန်တဲ့အနေနဲ့ရော. . . [illegible]တော့. . ."

မောင်မောင်က စကားကိုမဆက်သေးဘဲ ရပ်ထားပြီး ယုစံကို [illegible]ည့်တယ်. . .။ ယုစံက. . . စိတ်ရှုပ်ရှုပ်နဲ့ မျက်နှာလွှဲပစ်လိုက်မိတယ်။

"ပြီးတော့. . . ဘာဖြစ်လဲ. . . ဆက်ပြော. . ."





နီနီဇော်က စကားကိုဆက်ပြောခိုင်းတယ်။

"ပြီးတော့. . . ဒီနေ့ဟာ ငါ့ဘဝမှာ အလိုရှိတဲ့အဖိုးတန်ဆုံး အရာတစ်ခုကို ရလိုက်တဲ့ အထိမ်းအမှတ်နဲ့ကော. . . အားလုံးကို feel မှာ ထမင်းကျွေးမယ်"

မောင်မောင့်စကားဆုံးမှာ အားလုံးက ခါတိုင်းလို 'ဟေး'ခနဲ ထ,အော်ပြီးမှ ပြန်ငြိမ်ကျသွားတယ်။ မောင်မောင့်ကို ဇဝေဇဝါနဲ့ကြည့် ပြီး . . . ပြဿဒါးက. . .

"မင်း, . . ဘာရလိုက်တယ်"

"အလိုချင်ဆုံးအရာ. . ."

"အဲဒါဘာလဲ. . ."

"ငါ တန်ဖိုးအထားဆုံးအရာ"

"အေးလေ. . . ဘာလဲလို့ မေးနေတာ"

"တစ်နေ့သိမှာပေါ့. . . ခုတော့ ဒီလောက်ပဲ မှတ်ထားဦး"

"ဒီကောင်ထိပေါက်တယ်ထင်တယ်"

လင်းညီက. . . ပညာရှိလိုလိုနဲ့ မှတ်ချက်ချတယ်။ သူ့မှတ်ချက် ကို ဘယ်သူကမှ မထောက်ခံကြဘူး။ ဒါပေမယ့် သချာတာက အားလုံး ဗိုက်ဆာနေကြပြီ။ feel ကို ကားငှားပြီးသွားကြတယ်။ ကားသုံးစီးငှား တာမို့ တစ်စီးကို (၄)ယောက်၊ (၅)ယောက်စီးကြရတယ်။ လျှင်တဲ့ မောင်မောင်က ယုစံဘေးမှာရအောင်လိုက်ကပ်ထိုင်လာတယ်။

"နင်တခြားကားသွားစီးပါလား"

"ဟင်. . . ဘာဖြစ်တာလဲ. . . ငါက တကာတော် ရေမြေရှင် လေ"

"နင့်ဟာနင် ဘာဖြစ်ဖြစ်. . . နင်နဲ့အတူ မစီးချင်ဘူး"

ယုစံ မကျေမနပ်ပြောလာတဲ့စကားကိုကြားတော့ ဘေးက ထိုင်နေတဲ့ နီနီဇော်က လှည့်မေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"နင့်ကိုရော. . . ဒီကောင် ဘာ April fool လုပ်လဲ"

ယုစံနှုတ်ခမ်းကို ကိုက်ထားပြီး မဖြေမိဘူး။ မောင်မောင်က နီနီဇော်ကို ဝင်ဖြေတယ်။

"ငါ. . . ယုစံကို April fool မလုပ်ပါဘူး"

"နင်က မျက်နှာလိုက်တာလား. . . ယုစံကျတော့ ဒုက္ခမပေးဘူးဆိုတဲ့သဘောလား"

နီဇော်တင်မကဘူး။ ရှေ့မှာထိုင်လာတဲ့ ယမင်းကပါ ဝင်မေးလာတယ်။

"မဟုတ်ပါဘူး။ ယုစံကိုငါက April fool လုပ်ဖို့ကို သတိမရတာ"

"ဟင်. . . ဖြစ်ရတယ်. . . ကျန်တဲ့(၁၂)ယောက်ကျ နင်ထောင့်စေ့နေအောင်လျှောက်ပြောနိုင်တယ်. . . ပြောဖို့လည်းသတိရတယ်၊ April fool လုပ်ဖို့ကို ယုစံကိုကျမှ သတိမရဘူးဆိုတာ မဖြစ်နိုင်ဘူး"

"တကယ်ပါ. . ."

"နင်ညက. . . ယုစံဆီဖုန်းမဆက်ဘူးလား"

"အာ. . . ဆက်တာပေါ့"

"ဆက်ပြီးဘာမှ မပြောဘူးလား"

"ဟာ. . . မပြောဘဲနေမလား၊ ပြောတာပေါ့ဟ. . . တခြားအရမ်းအရေးကြီးတဲ့ကိစ္စတွေပြောနေတော့. . . April fool လုပ်ဖို့မေ့သွားတာ"

"အရမ်းအရေးကြီးတဲ့ကိစ္စ. . . ဆိုတာဘာလဲ"

"သေရေးရှင်ရေးကိစ္စ"

"သေရေး. . . ရှင်ရေး. . . ဟုတ်လား"

"အေး. . . အဲဒါ. . . နင်နဲ့မဆိုင်ပါဘူး"

မောင်မောင့်ဘုတောတဲ့အဖြေကြောင့်. . . ယမင်းစိတ်တိုသွား



တယ်။

"တော်ပြီ. . . နင့်ကိုမမေးဘူး၊ ယုစံကိုပဲမေးတော့မယ်"

ယုစံက မလှုပ်ပါဘူး. ။

"ယုစံ. . ."

". . . . ."

"သူညက နင့်ကိုဘာပြောလဲ. . ."

"မသိဘူး"

"အရမ်းအရေးကြီးတဲ့သေရေးရှင်ရေးကိစ္စဆို"

"မသိဘူး"

ယုစံက "ဘူး"ချည်းခံနေတော့ နီနီဇော်ကပါ မျက်မှောင်ကြုတ်ပြီး ခေါင်းခါတယ်။

"မဟုတ်တော့ဘူး"

မဟုတ်တော့တာက ခုမှ မှမဟုတ်တာလို့ ယုစံစိတ်ထဲကပြောနေမိတယ်။ မောင်မောင့်ကိုလည်း စိတ်ထဲမှာ မကျေမနပ်ဖြစ်နေမိတာအမှန်ပဲ။ April fool လုပ်တာ မဟုတ်ဘူးလို့ ဘယ်လိုပဲ မောင်မောင်ပြောနေပြောနေ ယုစံက ဘယ်ဖခင်အားနဲ့ ယုံပေးရမှာတဲ့လဲ။ တကယ် April fool လုပ်ခဲ့တယ်ဆိုရင်တောင် 'လုပ်ရက်တယ်' လို့ပဲ။ မချိတင်ကဲမျက်ရည်ကျရုံကလွဲလို့ ယုစံဘာမှမတတ်နိုင်ဘူးဆိုတာသိနေတယ်။ ဒါပေမယ့် ယုစံလိုချင်တာက ဒီအခြေအနေမျိုး မဟုတ်တာ သေချာတယ်။ ယုစံ မောင်မောင့်ကို တကယ်ချစ်သွားခဲ့ပြီဆိုတာ ကိုယ့်ဘာသာကိုယ်သေသေချာချာသိလိုက်ပြီကိုး။ မောင်မောင်ရယ် ယုစံကို တစ်ခုခုကျေနပ်အောင်လျှောက်လဲချက်ပေးပါလား။

ငြိမ်နေတဲ့ယုစံကို မောင်မောင်က လက်လှမ်းဆွဲရင်းမေးတယ်။

"နင်က ဘာဖြစ်နေတာလဲ. . ."

ခါတိုင်းလည်း ဒီလိုပဲ. . . အသားချင်းထိရင်တိုယ်၊ လက်လှမ်း

www.burmeseclassic.com

www.burmeseclassic.com



ဆွဲရင်ဆွဲမယ် ဘာမှ မထူးခြားပေမယ့် ခုချိန်မှာတော့ ယုစံတစ်ကိုယ်လုံး တုန်ယင်သွားသလို ခံစားရတယ်။ လက်ကို မသိမသာရှုန်းဖယ်လိုက်ရင်း 'ဘာမှမဖြစ်ပါဘူး'လို့ပြောလိုက်တယ်။ ဒါပေမယ့် ယုစံရဲ့ အသံမှာကို တစ်ခုခုဖြစ်နေမှန်း သိသာနေတယ်။

"ဘာမှားနေလဲ မသိဘူး"

ယမင်းက မျက်စောင်းလေးချိုပြီး မထိတရိပြောတယ်။

"မှားနေတာက အကုန်လုံးပဲ. . . အကုန်လုံးမှားနေတာ"

ယုစံ. . . မကျေမနပ်လေးဆောင့်ပြောမိပေမယ့် အသံက အဆုံးမှာတိမ်ဝင်သွားတဲ့အတွက် မောင်မောင်တစ်ယောက် ချောက် ချောက်ချားချား ဖြစ်သွားရသလို ကျန်သူတွေလည်း ဇဝေဇဝါကြည့် တယ်။ ယုစံ ခေါင်းကိုငုံ့ချလိုက်မိတယ်။ ဘာမှန်းကို မသိဘူးလို့လည်း တွေးမိတယ်။

လေးနှစ်မှာတစ်ခါပဲ မွေးနေ့ရှိတတ်တဲ့ ဖေဖော်ဝါရီ (၂၉)ရက် မှာ မွေးခဲ့တဲ့ မောင်မောင်တစ်ယောက်ကတော့ တကယ့်ကိုဘာမှန်း မသိပါဘူး။

❄ ❄ ❄

**ပြုံးသဒါး**

တကယ်တော့ ယုစံရဲ့အစ်မနဲ့ ပြုံးသဒါးရဲ့အစ်မက သူငယ်ချင်း အရင်းကြီးတွေ. . .။ အစ်မတွေရဲ့မိတ်ဆက်အပ်နှံမှုကြောင့် ယုစံဆိုတဲ့ ကက်ကင်းမမိတဲ့ ကောင်မလေး ပြုံးသဒါးတို့အုပ်စုထဲရောက်လာရတာ။ ဘာပဲပြောပြော ယုစံနဲ့ပတ်သက်လာရင် ပြုံးသဒါးက တာဝန်ရှိသလို ခံစားရတယ်။ အစ်မနှစ်ယောက်က ကျောင်းပြီးကတည်းက မတွေ့ကြ တော့ပေမယ့် အဆက်အသွယ်တော့ရှိကြတာကိုး။

"နင်. . . ဘာဖြစ်နေတာလဲ ယုစံ"

ပြုံးသဒါးရဲ့အမေးကို ယုစံက ခေါင်းခါပြတယ်။ ဘေးနားမှာ ခုတလောတွေ့တွေ့နေရတာများတဲ့ မောင်မောင်ကတော့ မျက်နှာပြေ လေးနဲ့ စိတ်ဝင်တစားလှမ်းကြည့်တယ်။

"မဟုတ်သေးဘူး. . . နင်တစ်ခုခုဖြစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြဿဒါးရဲ့တိကျသေချာတဲ့စကားကြောင့် ယုစံမျက်စောင်းထိုးတယ်။

"အလကားနေရင်း နင်က ဘာလို့ လာသေချာနေရတာလဲ"

"အင်းလေ. . . ဟုတ်သားပဲ. . . ယုစံဘာဖြစ်နေလဲဆိုတာ မင်းကဘာလို့သိနေရတာလဲ"

မောင်မောင်ကပါ ဘေးကဘာလိုင်းကြီးဝင်ပြောတယ်။ သူပြောပုံက ဘာလိုလိုကြီး။ လေသံကလည်း ပုံမှန်မဟုတ်ဘူး။ ယုစံက လှည့်ဟောက်တယ်။

"နင်ဝင်မပါနဲ့. . . "တဲ့။

ခါတိုင်း ဒီလိုလေသံမာမာနဲ့ပြောလိုက မောင်မောင်လား ငြိမ်ခံနေမှာ. . .။ ခုတော့တကယ့်ကို ကျိုးနွံသေဝပ်တဲ့ တပည့်လေးလိုပဲ ငြိမ်သွားတယ်။ မြတ်စွာဘုရား. . .။ ပြဿဒါးစိတ်ထဲက ကြိတ်ပြီး ဘုရားတ,မိတာပါ။ အမှားက တော်တော်ကြီးပုံပဲ။ တော်တော်လည်း မှန်ပုံရတယ်။

"ယုစံ. . ."

"ဘာလဲ"

"နင်ဘာမှမဖြစ်လည်း. . . တစ်ခုခုများပြောစရာရှိလား"

"အဲ. . ."

ပြဿဒါးရဲ့အမေးကို 'အဲ'ခနဲ ဖြစ်သွားရသူက ယုစံ. . .။ တအံ့တဩလေးနဲ့ အကြာကြီးကြည့်နေသေးတယ်။ ပြီး. . . ဘေးနားက ငြိမ်နေတဲ့ မောင်မောင့်ကိုပါ တစ်ချက်လှမ်းကြည့်တယ်။ မောင်မောင်က ငြိမ်နေတာပဲ။ ပြီးမှ ယုစံက. . . ပြောတယ်။

"ငါနင့်ကို ပြောရင်ကောင်းမယ်ထင်တာပဲ. . . "တဲ့။

ယုစံစကားကြောင့် မျက်လုံးပြူးသွားရသူက ပြဿဒါး. . .။ သူ. . . ဇဝေဇဝါ မေးလိုက်တဲ့မေးခွန်းက မှန်နေခဲ့ပြီကိုး။ ပြဿဒါးနဲ့





အတူ ပြူးပြူးပြာပြာဖြစ်သွားရကာ၊ လှုပ်ခတ်သွားသူက မောင်မောင်။

ပြီးမှ. . . ယုစံက. . . ဆုံးဖြတ်ချက်ကျသွားဟန်ဖြင့်. . .

"ပြဿဒါး"

"ပြော"

"နင်တို့ကို April fool လုပ်တဲ့နေ့တ. . ."

"အင်း. . . ဘာဖြစ်လဲ. . ."

"ငါလည်း April fool လုပ်ခံရတယ်"

"မဟုတ်ဘူး"

ပြဿဒါးနဲ့ ယုဂံစကားပြောနေတဲ့ **conversation ထဲကို** ဖြတ်ဝင်လာတာက မောင်မောင့်ရဲ့တိကျတဲ့ ယတိပြတ်အငြင်း။ **ပြဿဒါးက** ခုထိနားမလည်ဘူး။

"မင်းက. . . ဘာဝင်ပါတာလဲ"

"မပါလို့ရမလား. . . ယုစံက မှားနေတာကိုး. . ."

"ငါမမှားဘူး"

ယုစံက အားပျော့သံနဲ့ငြင်းတယ်။

ပြဿဒါးစိတ်တိုလာတယ်။ ဒါပေမယ့် စိတ်လျှော့ပြီး ရှင်းမှရမယ်။ အုပ်စုကကြီးလွန်းတော့ ခေါင်းဆောင်လုပ်ယ်လို့လည်း မရှိတော့ ဘယ်သူက ဘာဖြစ်နေမှန်းကို သိပ်မသိကြဘူး။ ခုတောင် သုံးယောက်တည်းရှိနေလို့ စကားကကောင်းကောင်းကန်းကန်းပြောဖြစ်ကြတာ။

"ကဲ. . . ယုစံအရင်ပြော. . . မောင်မောင်နောက်မှပြော"

အဲလိုဖြေရှင်းပေးလိုက်တော့ ယုစံအသံမထွက်လာပြန်ဘူး။

"ပြောလေ"

"ဘယ်ကစ,ပြောရမလဲ မသိဘူး"

"ကြိုက်တဲ့နေရာကစ"

ယုစံက ဒီလောက်ထိဖွင့်ပေးတာတောင် တွန့်ဆုတ်နေသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ပြီးမှ. . . မပြောမပြီးဟန်နဲ့ ပြောတယ်။

"ဒီကောင်. . . မောင်မောင်. . ."

"ဘာဖြစ်လဲ"

"ငါ့ကိုရည်းစားစကားပြောတယ်"

"ဟင်. . ."

ရိပ်မိသလိုရှိခဲ့ဖူးပေမယ့် ထင်မှတ်မထားတဲ့အချိန်မှာ ကြားရတာမို့ ပြုံသဒါးအတော်လေး အံ့ဩသွားတယ်။

"ဘယ်တုန်းကလဲ"

"ဧပြီတစ်ရက်နေ့က. . ."

"မဟုတ်ဘူး. . . မတ်လ(၃၂)ရက်နေ့က. . ."

မောင်မောင်ခပ်တည်တည်နဲ့ ဝင်ပြောပုံကိုလည်းကြည့်ဦး. . .။ မတ်လ (၃၂)ရက်တဲ့။ မရှိတဲ့အရာတွေကို ကြံဖန်ပြောတတ်တဲ့နေရာမှာ မောင်မောင်ကထိပ်ပဲ။ သူ့ဝေါဟာရတွေက မထပ်ရဘူး။ ဂျူပီတာနောက်ကဂြိုလ်အသစ် ဒသမြောက်ဂြိုလ်တို့၊ ခုနှစ်စဉ်ကြယ်စုထဲက အဌမမြောက်ကြယ်. . . တို့၊ လွန်ခဲ့တဲ့ ၂၅ နာရီကတို့ စုံနေတာပဲ. . .။

ပြုံသဒါးက မောင်မောင့်ကိုဟန့်ရတယ်။

"ခဏနေဦးမောင်မောင်၊ ယုစံကိုပြောပါစေဦး၊ ကဲ. . . ယုစံပြော၊ သူနင့်ကိုပြောတာ မတ်လ(၃၁)ရက်နေ့ထဲမှာလား. . . ဧပြီတစ်ရက်ကူးပြီလား"

"ကူးပြီ. . . မှတ်မှတ်ရရ မတ်လ(၃၁)ရက်နေ့ ည ၁၂ : ၀၀ နာရီကျော်စ. . . ဧပြီတစ်ရက်အကူး. . . စက္ကန့်ပိုင်းမှာပြောတာ"

"ကြံကြီးစည်ရာ. . . မတ်လ(၃၂)ရက်နေ့အကူး. . ."

"မောင်မောင်. . . ဝင်မပြောနဲ့ဦး"

ပြုံသဒါးက ဟန့်တော့ ယုစံက မျက်စောင်းလှည့်ထိုးတယ်။ အဲဒီမျက်စောင်းထိုးပုံလေးက အမုန်းမပါတော့ ပြုံသဒါးက မနေနိုင်စွာ



ရယ်မိပါလေရော. . .။

"ဟား ဟား"

"နင်ဘာရယ်တာလဲ. . . ပြုံသဒါး"

ယုစံချက်ချင်းမျက်မှောင်ကြုတ်ပြီး နှုတ်ခမ်းစူသွားတယ်။ ပြုံသဒါးက ယုစံအမေးကိုမဖြေပါဘူး။ မောင်မောင့်ကိုပဲ လှည့်ပြောတယ်။

"ကဲ. . . မောင်မောင်. . . အဲဒီမျက်စောင်းထဲက အဖြေကို မင်းရလိုက်တယ် မဟုတ်လား. . . မင်းကလွဲတာ. . . သေချာပေါက်၊ ပေါက်မယ့်ဆုကို ထီလက်မှတ်လည်းမှန်ရက်နဲ့ ဆုထုတ်ရမယ့်ရက်လွဲသွားတာ"

"ပြုံသဒါး. . ."

ယုစံအသံကြိတ်ပြီး အော်တယ်။

"ဘာလဲ"

"နင်မေးလို့ ငါကတိုင်တာ. . . နင်က ငါ့ဘက်မပါဘဲ မောင်မောင့်ဘက်ပါတာလား"

"မဟုတ်ပါဘူးဟာ. . . ငါကသူငယ်ချင်းတွေအားလုံးကို နားလည်တာပါ"

"ဘာနားလည်တာလဲ"

"မောင်မောင်အတည်ပြောခဲ့တယ်ဆိုတာလည်း ငါနားလည်တယ်. . . ပြီးတော့. . ."

"ပြီးတော့. . . ဘာဖြစ်လဲ"

ပြုံသဒါးက စကားမဆက်တော့ မောင်မောင်က ဝင်မေးတယ်။ သူ့ဘက်က အမှတ်ကတက်ထားပြီဆိုတော့ ဒီကောင့်အသံက အားတက်သရော သိပ်ရှိနေတယ်လေ။

"ဘာဖြစ်ရမှာလဲ. . . ယုစံကလည်း April fool လုပ်တဲ့နေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့ရလို့သာ သဲသဲယဝင်နေတာ၊ မင်းကို. . . သူ. . ."

"ပြုံသဒါး. . ."

ယုစ်က ပြုံသဒါးလက်ကိုဆွဲလိမ်ပြီးအော်ပါတယ်။

"ဟာ. . . အဲလိုသံပတ်ပေးပြီး လာမကြုပ်နဲ့လေ. . . ငါဆက်ပြောမှာပါ. . . နင်မပေးရသေးတဲ့အဖြေကို ငါပေး,ပေးမှာပေါ့. . ."

"အောင်မာ"

"သေချာတယ်မောင်မောင်. . . ယုစ်. . . မင်းကိုမမုန်းဘူး"

"ဟာ. . . ခုမှပဲ. . . ဆုံမှတ်တွေ့တော့တယ်. . ."

မောင်မောင့်ဝမ်းသာအားရစကားကြောင့် ပြုံသဒါးတွေသွားတယ်။ ဟိုနေ့က ကျောက်သင်ပုန်းထောင့်မှာ ယုစ်ခြစ်ခဲ့တဲ့ ကြက်ခြေခတ်က ခုထိရှိနေသေးတာကိုး။ ယုစ်ကိုကြည့်၊ မောင်မောင့်ကိုကြည့်၊ ကြက်ခြေခတ်ကိုကြည့်နဲ့ သဘောတွေ အခါခါပေါက်သွားရတာက နုပ်လွန်းတဲ့ပြုံသဒါးပါ။

ဘာပဲပြောပြော. . . ပြုံသဒါးပျော်ပါတယ်။ သူငယ်ချင်းတွေ ပိုချစ်ကြတဲ့တိစ္ဆပ်ဟာ ပျော်စရာကောင်းတဲ့ ဖြစ်ရပ်ပဲမဟုတ်လား။ အရေးကြီးတာက အမြဲတမ်းပိုချစ်နေဖို့ပဲလေ။ ပြန်လည်လျော့ကျသွားတာမျိုးတော့ မဖြစ်သင့်ဘူး။ ဖြစ်လာရင်လည်း အခြေအနေတွေက ကောင်းတော့မှာ မဟုတ်ဘူးလေ။

"ယုစ်. . ."

မောင်မောင်က ခေါ်ပေမယ့် ယုစ်က မထူးဘူး။ တစ်ဖက်လှည့်နေတယ်။ မောင်မောင်က ယုစ်လှည့်နေတဲ့ဘက်အဖွင်းလိုက်ကြည့်တော့ ယုစ်မျက်နှာလွှဲပြန်တယ်။

"ဟာကွာ"

လှည့်ပတ်ရှောင်နေတဲ့ ယုစ်ကို မောင်မောင်အသည်းယားလာသလို အော်ပစ်လိုက်တယ်။ ဒါကိုပြုံသဒါးက ပုခုံးတွန့်ပြချင်း. . .



"မောင်မောင်"

"ဘာလဲ"

"ငါရှိသေးတယ်နော်"

"အင်းလေ. . . မင်းကဘာလို့ရှိနေရတာလဲ"

"ဟင်. . ."

ပြုံသဒါး တစ်ချက်ကြောင်သွားတယ်။ ပြီးမှ သဘောပေါက်သွားပုံနဲ့ တဟားဟားထ,ရယ်ပြီး၊ လွယ်အိတ်ကိုကောက်လွယ်လိုက်တယ်။ မသွားခင်တော့ ယုစ်ကိုစ,သွားသေးတယ်။

"ယုစ်"

ယုစ်က မထူးဘူး။

"အေးလေ. . . ငါက. . . နင်များငါ့ကိုတားချင်မလားလို့ခေါ်တာ၊ နင်ကပါမတားချင်တော့လည်းသွားရုံပေါ့. . . ခင်း. . . ပြုံသဒါး. . . ပြုံသဒါး. . . အလိုက်ကိုမသိဘူး. . ."

လို့ ဆက်ရေရွတ်ပြီး အတန်းပြင် ထွက်သွားတော့တယ်။ သေချာတာကတော့ ဒီနေ့ရာသီဥတုက သိပ်မပူဘူး။ မကြာခင် သကြန်ကျတော့မှာ။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com

## ပန်းယမုန်

သကြိန်တွင်းကျမှပဲ. . . ကိစ္စအဝဝကိုတရားဝင်သိရှိလိုက်ရတဲ့အတွက် ကျန်လူတွေက မကျေနပ်ကြပါဘူး။ ပန်းယမုန်က အဆိုးဆုံး။

"အချင်းချင်းကို ဒိုင်လျှိုထားတယ်. . . ဘာမှန်းကို မသိဘူး"

"မဟုတ်ပါဘူး ယမုန်ရာ. . . ယုစံအကြောင်းလည်း နင်သိတာပဲ. . . ဒီလောက်အေးတာ. . . ရှက်ကရှက်တတ်ပါဘိနဲ့"

ဇာနည်က ခုမှသိရတာ သူလည်းပါလျက်နဲ့. . . ယမုန့်ကို လေပြည်လာထိုးနေသေးတယ်။

"ဘာပဲပြောပြော. . . ငါတို့ကိုတော့ တိုင်ပင်သင့်တာပေါ့ဟာ"

နီနီဇော်က လူကြီးသူမလေသံနဲ့ ပြောတယ်။

"နင်က အတိုင်ပင်ခံဖြစ်ချင်သေးတာလား နီဇော်"

မြတ်ကောင်းရဲ့စကားကြောင့် နီဇော်မျက်စောင်းထိုးတယ်။

"ငါက ဒီထဲမှာ အကြီးဆုံးလေ. . ."

အားလုံးထက် (၆)လလောက်ပိုကြီးရတာကို သက်ကြီးပူဇော်ကန်တော့ခံလို အခွင့်အရေးယူချင်တဲ့ နီနီဇော့်စကားကြောင့် အားလုံးက ဒိုင်းရယ်ကြတယ်။

"ဒီလိုကိစ္စမျိုးဆိုတာက. . . တိုင်ပင်ရတာ မဟုတ်ဘူး၊ ကိုယ့်ဘာသာကိုယ်ဆုံးဖြတ်ချက်ချရတာ"

သဲအိစကားကြောင့် ရှိရှိသမျှမျက်ဝန်းတွေက သဲအိဆီရောက်သွားတယ်။ အကြည့်တွေ အားလုံးထဲမှာ အတူတူပါဝင်နေတာက 'ဒီလိုမျိုး ကြုံခဲ့ဖူးပြီးလား' ဆိုတဲ့သံတူကြောင်းကွဲမေးခွန်းတွေ။ ဒါပေမယ့် သဲအိက မသိချင်ယောင်ဆောင်ပြီး သူ့လက်ထဲက မုန့်လုံးရေပေါ်ကို ဖိလုံးနေတယ်။ ဒါလောက်ပါးစပ်ပေါက်များတဲ့အုပ်စုထဲမှာ တစ်ယောက်မဟုတ်တစ်ယောက်က တစ်ခုခုတော့ မေးမှာပဲဆိုတာသိနေလို့ ဘာဖြေရင် ကောင်းမလဲလို့ ကြိတ်စဉ်းစားနေပုံပဲ။

ထင်တဲ့အတိုင်းပဲ။ ပန်းယမုံက မေးတယ်။

"နင့်တုန်းကရော အဲလိုပဲလား"

"အင်း. . ."

ခပ်တည်တည်နဲ့ 'အင်း'လိုက်ပစ်လိုက်တဲ့ သဲအိကို အားလုံးက တအံ့တသြကြည့်ကြတယ်။

"ဒါ. . . ဒါဆို. . . နင်က. . ."

"အေး. . ."

ဇာတ်လမ်းကတော့ စ,ပါပြီ။ ဖြစ်တုန်းက ယုစံနဲ့ငမောင့်ကိစ္စ ခု. . . သဲအိဘက်လှည့်ကုန်ကြပြီ။

"ဟဲ့. . . ဘယ်သူလဲဘယ်ကာလဲ"

"ဘယ်တုန်းကလဲ"

"ငါတို့မြင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့လည်း မသိလိုက်ရပါလား"

"သဲအိ. . . သဲအိ"

အသံတွေကိုစုံသွားတော့ သဲအိကတော့ သူမထုံးစံအတိုင်း အေးအေးဆေးဆေး။ လေအေးလေး ဇာတ်ခုံခင်း။

"မကြာသေးဘူး၊ တစ်လလောက်ပဲရှိဦးမယ်. . . ငါ့အစ်ကို သူငယ်ချင်း. . . နင်တို့မြင်ဖူးမှာ မဟုတ်ဘူး. . . သူက အစ်ကိုနဲ့တွဲတာ အိမ်ပဲခဏခဏလာတယ်"

"ဩော်. . . ဒါကြောင့်ခုတလောနင်. . . မအိမ်မြဲ ဖြစ်နေတာကိုး"

"ခု. . . ငါလာပါတယ်"

သဲအိလည်း မခံပါ။ ခုလိုရက်မှာ သူမဘယ်လောက်ထိ အနစ်နာခံပြီးထွက်လာရတယ်ဆိုတာ သူငယ်ချင်းတွေကို သက်သေပြလိုက်တဲ့ ပုံစံမျိုးနဲ့. . . ။

"ကဲပါ. . . လမ်းကြောင်းကရွှေ့ကုန်ပြီ၊ ခုဟာက. . . ယုစံကိစ္စ"

ပန်းယမုန်က သူ့အလိုမကျမှုကို ပြန်ကောက်တယ်။

"နင်က. . . ဘာစီမံပေးချင်လို့တုန်း. . ."

ကောင်းမြတ် အမေးကြောင့် ပန်းယမုန်မျက်စောင်းထိုး. . .

"စီမံပေးရအောင်ငါက သူ့အမေမှမဟုတ်တာ"

"မဟုတ်လည်း. . . နင်ငြိမ်နေပေါ့ဟာ. . . ခုဟာကနင်မှသိရသေးတယ်၊ သူ့အမေဆိုသိတောင်သိရှာဦးမှာမဟုတ်ဘူး"

ကောင်းမြတ်စကားကြောင့် သူတို့ဝိုင်းရယ်မိကြတယ်။

ခုချိန်ထိ ယုစံနှင့်မောင်မောင်ကရောက်မလာသေးတော့ ပိုပြီးပြောလို့ဆိုလို့ကောင်းနေကြတယ်။ အကျိုးအကြောင်းကို အရင်သိရပြီး ကြံရာ မပါသည့်တိုင် စွန့်ဦးအသိပေးခံရသူပြဿဒါးတစ်ကောင်လည်း မရှိ. . . ။



"ဟို. . . ကြံရာ မပါ ပြဿဒါးကော"

ယမင်းက သတိတရမေးလိုက်တယ်။

"အေး သူလည်းမောင်မောင်တို့နဲ့အတူ ရှိနေလားမှမသိတာ"

"မရှိပါဘူးဟာ. . . ဝင့်လိုက်မှာစိုးလွန်းလို့"

ဖြေသံနဲ့အတူပြဿဒါးရောက်လာတယ်။ မုန့်လုံးရေပေါ် ပန်းကန်တစ်ခုကိုဆွဲစားဖို့ပြင်ပြီးမှ. . .

"ငရုတ်သီးတွေဘာတွေပါသေးလား"

"ဟင့်အင်း. . . ငါတို့က ငရုတ်သီးမထည့်ဘူး"

အိသဲက ရှိုးရှိုးကလေးဖြေတယ်။

"တကယ်လား"

"တကယ်ပါ. . . ငါကအစပ်ကြောက်တော့ ကိုယ်ချင်းစာတယ်၊ ငရုတ်သီးပါလို့က ငါ့တာဝန်ထား"

အိသဲကအာမခံကြောင်း ပြဿဒါးမုန့်လုံးရေပေါ်ကို နှမ်းမှုန့်နှစ်လုံးပြူးကော်ပြီး ပါးစပ်ထဲထည့်လိုက်တယ်။

"ဖွီး. . . သေတော့မှာပဲ. . . ဘာတွေလဲ. . . ငန်လိုက်တာ"

ချက်ခြင်းကြီးထ,ထွေးကာအော်တော့ အားလုံးကဝိုင်းရယ်ကြတယ်။

"မေးပြီးမှ စားတာတောင်စိတ်မချဘူး"

ပြဿဒါးကရေရွှတ်သရင်းနှယ်ရင်း ရေထသောက်တယ်။ အိသဲကတော့အေးအေးပဲ ပြန်ပြောပါတယ်။

"ငါကငရုတ်သီးမကြိုက်ပေမယ့် အငန်တော့စားတယ်။ ဆားဆိုလေးနေမှ"

"နေနှင့်ဦး. . ."

ပြဿဒါး အိသဲကိုကြိမ်းလိုက်ပေမယ့် ပန်းကန်ကိုတော့ ပြန်မကိုင်ရဲဘူး. . . ။



www.burmeseclassic.com

www.burmeseclassic.com



ပန်းယမုံက နောက်ထပ်တစ်ပန်းကန်ယူလာပြီး ပြုံးသဒါးကို ပေးတယ်။

"ရော့ ဒါစား. . . ဒါကရေ့ာ်လွတ်၊ ပေါ်လွတ်"

"ဘာလဲ. . . ဖန်ခါးသီးတို့ သံပုရာသီးတို့ပဲပါတာလား"

"မဆိုးပါဘူး. . . နင်က နပ်တယ်. . . တော်ပြီ. . . ဒီပန်းကန်က ဟိုနှစ်ကောင်လာမှပဲကျွေးတော့မယ်"

ပန်းယမုံက ဖန်ခါးသီးနှင့်သံပုရာသီးပါပုံရတဲ့. . . မုန့်လုံးရေပေါ် ပန်းကန်ကို တယုတယပြန်သိမ်းလိုက်တယ်။ သေချာတာကတော့ ဒီပန်းကန်က မောင်မောင်နှင့်ယုစံထိကြမှာသေချာတဲ့ပန်းကန်ပဲ။ ယမုန်က သူများတွေလို ဇရုတ်သီးချည်းထည့်ရတာရိုးတယ်ဆိုပြီး စိမ်းစားငါးပိ၊ ဖန်ခါးသီးနဲ့သံပုရာစိပ်တွေကိုစီစဉ်ခဲ့တာ။ ဒီထဲမှာ သူမကလွဲရင် မော်ဒန်မုန့်လုံးရေပေါ်ကို မစားမိတဲ့သူမရှိဘူး။ ပြုံးသဒါးကတော့ ယမုန်အကြောကိုနပ်သူမို့ အငန်လုံးလောက်နဲ့ ကိစ္စပြီးသွားခဲ့တယ်. . .။

ပြုံးသဒါးက တကယ့်အမှန်အကန် မုန့်လုံးရေပေါ်တွေကို စားနေရင်းက. . .

"ပြုံးသဒါး"

"ဟင်"

"နင်ကကော. . . ဘာကိစ္စနဲ့ ယုစံတို့ကိစ္စကိုသိလျက်နဲ့ မပြောရတာလဲ. . ."

"ဟာ. . . ငါက ကာယကံရှင်မှမဟုတ်တာ၊ သူတို့ပြောချင်တဲ့အချိန်ပြောမှပေါ့၊ စောသိသိ၊ နောက်ကျသိသိ သေချာတာက လက်ဖွဲ့တစ်ခုပဲဖွဲ့ရမှာပဲ. . ."

ဒါလည်းအားလုံးက ရယ်နိုင်ပေမယ့် ယမုန်ကမကျေနပ်သေးဘူး။ ယမုန့်ကိုအမီလိုက်နိုင်သူက. . . နီနီဇော်ပါ၊

"အလကား. . .သစ္စာလည်းမရှိတဲ့ဟာ ဘာလက်ဖွဲ့မှမပေးဘူး"



နီဇော့်စကားကြောင့် [illegible] ပြုံးသွားချိန်မှာ နီဇော်သူ့စကားမှားမှန်းသိပေမယ့် မပြင်ဘူး [illegible] တော့ပြောတယ်။

"ငါပြောတဲ့ သစ္စာမရှိဘူးဆိုတာ [illegible] ချင်းချင်းပြောပြသင့်တဲ့သစ္စာ. . ."

"ဖြစ်ရတယ်. . . နင့်အလှည့်ကျမှ. . . [illegible] သင့်တဲ့ သစ္စာတို့ တိုင်ပင်သင့်တဲ့ သစ္စာတို့ဆိုတာ ကြားဖူးတော့တယ်. . ."

ဇာနည်က ဒီလိုမှတ်ချက်ချပေးမယ့် နီဇော်က ခပ်တည်တည်ပဲ။

"နင်က ငယ်သေးတာကိုး"

ဇာနည်အောင့်သက်သက်ဖြစ်သွားပြီး ဘာပြန်ပြောရမှန်းမသိခင်မှာပဲ. . . မောင်မောင်နဲ့ ယုစံလက်တွဲပြီး. . . ဝင်လာတယ်။

"အံမယ်. . . ကြည့်စမ်း၊ လက်တောင်မဖြုတ်ဘူး"

ယမင်းရယ်ပြီးပြောတော့မှ ယုစံရှက်ပြီး. . . လက်တွဲဖြုတ်လိုက်တယ်။ ဒါပေမယ့် မောင်မောင်က ဖြုတ်ချခံလိုက်ရတဲ့လက်နဲ့ ယုစံပုခုံးကို တမင်လှမ်းဖက်ပြလိုက်တာမို့ အားလုံးဆူညံသွားရတော့တယ်။

"ကြည့်စမ်း. . . ကြည့်စမ်း"

"ဟင်. . . ကဲလိုက်တာ. . ."

"ငါတို့ရှိသေးတယ်နော်"

"ဟေ့. . . ကောင်မလေးကိုလွှတ်လိုက်"

"မင်းကိုပြည်သူ့ပိုင်းတွေ ရဲထားပြီ. . ."

အဲဒီအသံတွေဆုံးတော့မှ ပန်းယမုန်က မျက်နှာသေလေးနဲ့ ယုစံကို တယုတယသွားဆွဲခေါ်တယ်။

"လာ. . . ငါ. . . နင်တို့နှစ်ယောက်ကို မျှော်နေတာကြာပြီ မုန့်လုံးရေပေါ်တွေတောင် အေးမှာစိုးလို့ ပြန်နွေးထားတယ်. . . လာ. . . စား"



www.burmeseclassic.com

www.burmeseclassic.com



မုန့်လုံးရေပေါ် ပန်းကန်လေးက တကယ့်ကို romantic ဆန်ဆန်လေး၊ အသည်းပုံလေးတွေနဲ့။ ပန်းနုရောင်ပြေပြေလေးသန်းလို့။

"ဟယ်. . . လှလိုက်တာ"

ယုစံရဲ့စကားကြောင့် ပန်းယမုန်က တစ်ဖက်လှည့်မဲ့ပြရင်း ဒီဘက်လည်း ပြန်လှည့်လာရော. . .

"လှတာနောက်ထား၊ စားလိုက်ဦး၊ ပြန်အေးကုန်မယ်. . . ဩော်. . . မောင်မောင်လာလေ၊ ယုစံ. . . နင်. . . မောင်မောင့်ကို ခွံ့ကျွေးလိုက်လေ" တဲ့။

ယုစံက ရှက်နေလို့ မခွံ့ပေမယ့် မဏ္ဍာပ်တိုင်တက်ချင်နေတဲ့ မောင်မောင်က လက်မြန်ခြေမြန်နဲ့ ယူပြီး ယုစံကိုမုန့်လုံးရေပေါ်တွေ ခွံ့လိုက်တာ. . . ယုစံတစ်ယောက်. . . တစ်ပြိုင်တည်း နှစ်လုံးစာလုံး စားမိတာမို့ အချဉ်ကော အခါးကောနဲ့ ပါးစပ်ထဲ အီဆိမ့်သွားတဲ့ထိ ခံစားလိုက်ရတယ်။

❄ ❄ ❄

## ဇာနည်နိုင်

ဘယ်အချိန်ပြန်ပြောပြော. . . ယုစံနဲ့ မောင်မောင်တို့ အကြောင်းပြောကြရင်. . . ဖန်ခါးသီးနဲ့ သံပုရာစိတ် မုန့်လုံးရေပေါ် အကြောင်း မပါရင်မပြီးသလို. . . ဇာနည်နိုင့်အကြောင်းပြောကြရင် လည်း ယုစံနဲ့အတူနေတဲ့ ယုစံရဲ့သူငယ်ချင်းကလေး 'ရွှေပိုးမျှင်' အကြောင်း မပါရင်မပြီးပါဘူး။

မိန်းကလေးလှလှမြင်ရင် ချစ်ချင်တတ်တဲ့ ဇာနည်မှာ ချစ်စရာကောင်းတဲ့ 'ရွှေပိုးမျှင်'ကိုကျတော့မှ တကယ့်ကို အတည်အတန့် တန်းတန်းစွဲဖြစ်တော့တာ။ ခက်တာက ရွှေပိုးမျှင်ကလည်း ဇာနည့်ကို လုံး၀(လုံး၀)ကို မသက်ဆိုင်ချင်တဲ့နေရာမှာ သူငယ်ချင်းတောင် မဖြစ် ချင်ဘူးဆိုပဲ။

"သူက. . . ဘာပြောလဲယုစံ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောလဲ. . . ဆိုတော့. . ."

ယုစံက စကားကိုဖြတ်ထားပြီး အားနာသလို ဇာနည့်ကိုကြည့်တယ်။

"ပြောပါ. . . အားမနာနဲ့. . . ဒီကောင့်အတွက် ဒါမျိုးရိုးနေပြီ"

ကြားကဝင်ပြောတဲ့ ပြဿဒါးရဲ့စကားကြောင့် ဇာနည်က ပြဿဒါးကို ပီပီသသကြီးဆဲရေးလိုက်တယ်. . .

"ပြ. . . သ. . . ဒါး. . . ကောင်". . . တဲ့။

ယုစံက သူ့ထုံးစံအတိုင်း 'ခ်'ခနဲရယ်ရင်း ဇာနည့်ကို သူပြောစရာရှိတာဆက်ပြောတယ်။

"ဟိုလေ. . . ဟို. . . ပိုးက. . . နင့်ကို. . . သူငယ်ချင်းတောင် မဖြစ်ချင်တာ. . . တဲ့"

"ဟင်. . . ဟုတ်လား. . . ဘာဖြစ်လို့လဲ"

"အကြောင်းပြချက်တော့ မပေးပါဘူး"

"နင် ငါ့ကိုအမှန်အတိုင်းပြောနော်"

"ပြောပါတယ်"

"ငါ့ကို ရှုပ်တယ်လို့ သူကထင်လို့လား"

ဇာနည့်အမေးကြောင့် ဘေးမှာအသံတိတ်ထိုင်နေတဲ့ မောင်မောင်က 'ကိုယ့်ဟာကိုယ်တော့ သိသားပဲ'လို့ မှတ်ချက်ချတယ်။ ဇာနည်က မခံပါဘူး။

"မင်းဝင်မပါနဲ့. . . ယုစံက ရှိုးလွန်းအ,လွန်းလို့ မင်းကို. . . မှားချစ်မိတာ. . . အဟုတ်ထင်မနေနဲ့"

"ကဲပါ. . . တော်ပါတော့. . . သူက နင့်ကိုရှုပ်တယ်လို့ပြောရအောင် နင့်အကြောင်းဘာမှ,မှမသိတာ. . . သူ့ဘာသာသူကို. . . နင့်ကို"

ယုစံက လျှာကလေးဖိကိုက်ပြီး စကားစ,ကို ရပ်လိုက်ပြန်တာမို့ ပြဿဒါးကပဲ ဝင်ထောက်ရတယ်။



"ဆက်ပြောလေ. . . ဆက်ပြော. . ."

"နင့်. . . နင့်ကို. . . သူက. . . ကြည့်မရတာတဲ့"

ယုစံက စကားတန်ဆာဆင်တတ်တဲ့သူမှ မဟုတ်တာ။ တည့်တည့်ပြောတဲ့စကားမို့ ဆဲတာလိုပဲခံရခက်မှာ အမှန်ပဲ။ မောင်မောင်ကတော့ တဟားဟားထ,ရယ်တယ်။ ပြဿဒါးကတော့ ဇာနည့်ကို ပုခုံးပုတ်ရင်း. . .

"မင်းကိုက. . . ကုသိုလ်ထူးတာပါ"

. . . လို့ဆိုတယ်။ ဇာနည်ကတော့ ယောကျ်ားတို့လုံ့လသေကာမှလျှော့မယ်ဆိုတဲ့ပုံစံနဲ့ မာန်တင်းပြီးပြောတယ်။

"မတတ်နိုင်ဘူးလေ. . . ကြည့်မရတော့လည်း ကြည့်ရတဲ့ထိ အရင်ကြိုးစားရတာပေါ့"

"ဟင်. . . ကြိုးစားဦးမယ်. . ."

ယုစံက မျက်လုံးလေးဝိုင်းပြီး ဇာနည့်ကို တအံ့တသြမေးတော့ ဇာနည်က ခေါင်းညိတ်ပြတယ်။

"ဟုတ်တယ်. . . သူ့မှာရည်းစားမရှိသေးဘူး မဟုတ်လား"

"အင်း. . ."

"ငါ့မှာကြိုးစားခွင့်ရှိပါတယ်. . . ရည်စားရှိလည်း ဘာဖြစ်လဲ၊ စေ့စပ်ထားတာမှ မဟုတ်သေးတာ. . . ပါလည်းကြိုးစားခွင့်ရှိတာပဲ"

ဇာနည့်စကားကြောင့် မောင်မောင်က ဆက်ပြောတယ်. . .

"စေ့စပ်ထားလည်း ဘာအရေးလဲ. . . ယောကျ်ားရှိတာမှ မဟုတ်တာ"

ပြဿဒါးကလည်း မင်သေသေကလေးနဲ့ ဝင်ပြောတယ်။

"အို. . . ယောကျ်ားရှိတော့ကော ဘာအရေးလဲ. . . ကလေး မရှိရင်ပြီးတာပဲ. . ."တဲ့။

သူ့ကိုရိနေတဲ့ မောင်မောင်နဲ့ ပြဿဒါးကိုကြည့်ပြီး ဇာနည်က



www.burmeseclassic.com

www.burmeseclassic.com



ပြုံးတယ်။ ငါလည်း ဇာနည်နိုင်ပါဆိုတဲ့ အပြုံးမျိုး. . .။

"အိုး. . . ကလေးရှိလည်း ဘာဖြစ်လဲ. . . သူမှားကိုမွေးစားဖို့ ပေးလိုက်မှာပေါ့. . ."

မှတ်ကရော။ ပြဿဒါးကော၊ မောင်မောင်ပါ. . . ဇာနည့်ကို ဆလံတိုက်လိုက်ကြတယ်။ ဒီထက်တော့ပိုစရာမရှိပါဘူး။ ဒါတွေကြားပြီး မျက်လုံးပြူးနေရှာတာကတော့ ယုစံပါ။ ကာယကံရှင် 'ရွှေပိုးမျှင်' တစ်ယောက် ဘယ်လိုနေတယ် မသိဘူး။ ယုစံကတော့ကြားရတာနဲ့တင် ကျောချမ်းနေမိတာ။

"သေချာပါတယ်ဟာ. . . ငါဘယ်တော့မှ ဖွဲလျော့မှာ မဟုတ်ဘူး"

ဇာနည်ရဲ့စကားကြောင့် အားလုံးတဒင်္ဂတိတ်ဆိတ်သွားကြတယ်။ ဟုတ်တယ်လေ. . . ဇာနည့်လေသံက တကယ့်ကို ခိုင်ခိုင်မာမာ သေသေချာချာကြီးပြောနေတာကိုး။ ဒီတော့မှ ပြဿဒါးနဲ့ မောင်မောင် ချက်ချင်းမျက်နှာပိုး သပ်လိုက်ကြတယ်။ ဒီလောက်မငြိမ်တဲ့ကောင်. . . ခုကျမှ. . . တည်သလိုလို တည့်သလိုလိုလုပ်ပြနေတယ်လို့ ထင်နေတဲ့ စိတ်တွေလည်း ပျောက်သွားကြပုံရတယ်။

"ယုစံ. . ."

"ဟင်. . ."

"နင့်. . . ရွှေပိုးကောင်က. . . မာလှချည်လား"

မောင်မောင်ကတော့. . . အစတည်းက ရွှေပိုးမျှင်ကို. . . 'ရွှေပိုးကောင်'လို့ ခေါ်တာပါ။ ဒါကို. . . မခံချိမခံသာဖြစ်တတ်တာက ကာယကံရှင် ရွှေပိုးမျှင် မဟုတ်ပါဘူး။ ဇာနည်နိုင်ပါ။ ခုလည်း မောင်မောင့်ကို မိုက်ကြည့်တစ်ချက်လှမ်းကြည့်သေးတယ်။ ပြဿဒါး ကတော့ ဒီအဖြစ်အပျက်ကိုရယ်တယ်။

"ဟုတ်သားပဲ. . . ဇာနည်က. . . အဲလိုခေါ်တာမှ မကြိုက်တာ





မခေါ်ပါနဲ့. . . ဒါနဲ့ယုစံ. . . အဲဒီ မသေးမျှင်က. . . ဇာနည့်ကို စဲမှားနေတာလား"

"ကြံကြီးစည်ရာ ပြဿဒါးရယ်. . . ပိုးအကြောင်း ငါသိပါတယ်၊ သူထကယ်စိတ် မဝင်စားတာပါ"

ယုစံက. . . ဇာနည့်ကိုအားတုံ့အားနာကြည့်ပြီးမှ ပြဿဒါးရဲ့ အမေးကို ဖြေရှာတယ်။ ဇာနည်ကတော့ အကြောင်းအရာထက် ရွှေပိုးမျှင်ကို 'မသေးမျှင်'လို့ ခေါ်လို့ ပြဿဒါးကိုလက်သီးလှမ်းပြတယ်။ ပြဿဒါးကတော့ အနားမှာရောက်မလာနိုင်တဲ့ အဝေးပြလက်သီးကို စိတ်မဝင်စားပါဘူး။

"အဲဒီမသေးမျှင်. . . ဒီက. . . ကတွတ်ပီကို စိတ်ဝင်စားလာအောင် ဘာလုပ်လို့ရမလဲ. . ."

"ဘာမှလုပ်လို့မရဘူး"

သေချာပါတယ်။ စိတ်ဝင်စားမှုဆိုတာ လုပ်ယူလို့မရမှန်း ပြဿဒါးလည်း သိတာပဲ. . .။ သိသိကြီးနဲ့ကို မေးမိတာ။ ဒါမျိုးကျ ကာယကံရှင်ဇာနည်ကလည်း သူတွတ်ပီဖြစ်တာတောင် မေ့သွားတဲ့ထိ စိတ်ဝင်စားတယ်။

"ဒါပေမယ့်ဇာနည်"

"ပြော. . . ပြဿဒါး. . ."

"နည်းစုံနဲ့တော့ကြိုးစားကြည့်ရမှာပဲ"

"ပြောစမ်းပါဦး. . . မင်းနည်းကို. . ."

"ရိုးတယ်ပဲပြောပြော. . . မင်း. . . သူ့အိမ်က ထွက်ကတည်းက စ,လိုက်. . . အိမ်ပြန်တဲ့ထိ. . . လိုက်. . ."

"ပါးရိုက်ခံနေရဦးမယ်. . ."

မောင်မောင်က သူ့ပါးသူပွတ်ရင်းဝင်ပြောတာမို့ ပြဿဒါးခေါင်းခါတယ်. . .။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမပြောဘူး. . . ခပ်ဝေးဝေးကလိုက်. . . အကြည့်ချင်းဆုံအောင်ပဲ ကြိုးစား"

မောင်မောင်ကရယ်တယ်။ ရယ်တာမှ အားရပါးရပဲ။ ပြီးပြောသေးတယ်။

"ပြဿဒါး. . . မင်း. . . ခုတလော classic ဝတ္ထုတွေဖတ်ဖြစ်နေတယ် ထင်တယ်" တဲ့. . .။

ဆိုလိုတာက. . . ဒါခေတ်ဟောင်းမှာ ကျန်ခဲ့ပြီပေါ့။ ဒါလည်းဟုတ်တော့ဟုတ်တာပါပဲ။ ချောက်ပြန်သံပေးဆိုတဲ့ အဆင့်ထက်တောင်သူပြောတဲ့အဆင့်က နိမ့်နေသေးတယ်။ မောင်မောင်က ဘာပြောပြောဇာနည်က စိတ်ဝင်စားတယ်။ ပြဿဒါးကို ဆရာတင်တယ်။ လိုက်လုပ်တယ်။ ဆယ်ရက်လောက်ကြာတော့ အောင်မြင်စွာ ပြန်လာတယ်။

"ပြဿဒါး. . ."

"ဘာလဲ. . . ."

"ဆယ်ရက်အတွင်း အကြည့်လေးခါပဲ ဆုံတာကတော့ ငါ့ကံမပါလောက်ပါဘူးနော်" တဲ့။

အားလုံးက ဝိုင်းဟားပေမယ့် ပြဿဒါးက မလျော့ပါဘူး၊ နောက်တစ်နည်းပြောတယ်။

"မင်း. . . ပန်းတစ်ပွင့် . . . တစ်ပွင့် အိမ်တံခါးဝမှာမနက်တိုင်း သွားထား. . ."

ဒီတစ်ခါ ကျွတ်ခနဲစုတ်သပ်တာက အေးလှပါတယ်ဆိုတဲ့ အိသဲ။ ပြဿဒါးကိုကြည့်ပြီး မေးတယ်။

"နင်. . . ကလီရှေးနဲ့ အီဒီယမ် မှားကျက်ထားမိလား"တဲ့။

ဘယ်သူဘာပြောပြော ကုစရာဆေးမရှိတဲ့ဇာနည်က ပြဿဒါးရဲ့ဆေးကို Expire လားဘာလားမကြည့်ဘဲ မော့သောက်ပစ်လိုက်တာ၊ သူလည်း မူးပါးပဲကျန်တယ်။





"ဘာဖြစ်လာတာလဲ. . . ဇာနည်"

"ငါ. . . အိပ်ရေးတွေ မတရားပျက်နေတယ်"

"ဘယ်လို"

"မနက်ဆို. . . ပိုးက. . . ၆ နာရီလောက်ဆို ဈေးသွားတယ်၊ သူမသွားခင် ပန်းသွားထားရတာဆိုတော့ ငါက ငါးနာရီတည်းကထ,သွားမှ ၅း၄၅ လောက်အမီပန်းသွားထားနိုင်တတာ. . . ငါးနာရီအိမ်ကထွက်ဖို့ကို ငါက. . ."

"ဟိုး. . . တော်ပြီ. . . သိပြီ"

"အေး. . . အဲဒါသိရင်. . . မသိတာဆက်ပြောဦးမယ်"

"ဘာလဲ"

"သူက. . . အဲဒီ ၁ထမနေ့က စလို့ရတဲ့ပန်းတွေကို လှေကားကဆင်းသွားပြီး ဇျေးရောက်တာနဲ့ ဈေးသည်တစ်ယောက်ကို တစ်ပွင့်အလှည့်ကျပေးတာဆိုပဲ"

"သေစမ်း. . ."

ပြဿဒါး ကိုယ့်နဖူးကိုယ်ရိုက်တော့. . . ဇာနည်က ခေါင်းခါတယ်။

"လုပ်စမ်းပါဦး. . . နောက်တစ်နည်း". . . တဲ့။

အမှန်က. . . ဇာနည်က ဘာမှမမြင်တော့တဲ့သူ။ ပြဿဒါးကိုဆရာတင်လိုက် ခလုတ်တိုက်လဲလိုက်၊ ပြန်ထ,ချောက်လိုက်နဲ့ သံသရာတွေ လည်နေခဲ့တာ ဒီနေ့ထိ. . . ဆိုပါတော့။

ရွှေပိုးမျှင်ကတော့ ဒီနေ့ထိဘာမှကို မထူးခြားသေးဘူး။

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ကျွန်တော့်ကို သူတို့အကြောင်းတွေ ပြသဒါးက ကြုံတိုင်းပြော ပြောပြတတ်လို့ ကျွန်တော်တောင် အတော်သိနေပြီ။ သူတို့အုပ်စုက ကြီးလွန်း၊ လူများလွန်းတော့ အဲဒီထဲမှာ အစိတ်လေးတွေ ထပ်ထပ်ကွဲနေတာ သူတို့မမြင်ပေမယ့် ကျွန်တော်က အကြားနဲ့တင်မြင်ခဲ့ရပြီ။ ဒါကြောင့်လည်း ယုစံသေတာတောင်မှ သူတို့ ဘာမှမသိလိုက်ကြတာလေ။

အဲဒီ (၁၄)ယောက်ထဲမှာ မောင်မောင်နဲ့ ယုစံကတစ်တွဲ၊ ဇာနည်နဲ့ပြသဒါးက တစ်တွဲ၊ စနေ၊ ယမုန်နဲ့ ယမင်းက တစ်တွဲ၊ အိသဲနဲ့ သဲအိက တစ်တွဲ၊ လင်းညီတို့ ကောင်းမြတ်တို့ အတွဲတွေကဆို တကယ့်ကို တစ်ယောက်စီ။ နီဇော်ကလည်း တစ်ဘာသာ၊ ဒါကြောင့် သူတို့အုပ်စုလေးဟာ အစိတ်ကလေးတွေကို ပြန်တွဲဆက်ထားတဲ့ အရုပ်ကလေးလို



ဖြစ်နေခဲ့တာ။

"ဒါနဲ့ပဲ. . . ရွှေပိုးမျှင်နဲ့ ဇာနည်က ဒီနေ့ထိ **အဆက်မပြတ်ဘူး** ဆိုပါတော့"

"အဆင်မပြေရုံမကဘူး. . . မုန်းပါသွားတော့တာ. . . ဟားဟား"

"အင်းလေ. . . ဆရာမှားတာကိုး"

"ဟုတ်ပါ့အစ်ကိုရာ. . . ကျွန်တော်လည်း ကောင်းမယ်ထင်တာ စီစဉ်ညွှန်ကြားပေးခဲ့တာပါပဲ. . . မကောင်းတာကတော့ သူတို့ရဲ့ အတိတ်ကံဖြစ်မှာပေါ့။ ဇာနည်ကတော့ ကျွန်တော့်ကို စိတ်မဆိုးတဲ့အပြင် အဲလိုပဲခံယူထားတယ်"

ဟုတ်မှာပါ။ ဒါကြောင့်လည်း ဇာနည်ဟာ ခုထိ. . . သူ့ရွှေပိုးကောင်လေးအကြောင်းဆို. . . နားတစွင့်စွင့်နဲ့ မျက်လုံးတွေအရောင်တောက်နေတတ်တာ။

"ဒါနဲ့. . . အဲဒီရွှေပိုးကောင်တောင်ပြန်ရောက်တော့မယ်ဆို"

"ဟုတ်တယ်အစ်ကို. . . သန်ဘက်ခါလောက်ဆို ရောက်မယ်ထင်တာပဲ. . . မှန်းရတာလေ. . . အတိအကျတော့ မဟုတ်ဘူး"

"သူပြန်ရောက်ပါပြီတဲ့. . . မသိတဲ့နေရာကို ငါက ဘယ်လိုသွားရမှာလဲ"

"မပူပါနဲ့. . . သူပြန်ရောက်လို့ ယုစံကိုမတွေ့တာနဲ့ **Lost** **Horizon** ကို ဖုန်းဆက်မှာပဲ. . . အဲဒီအခါကျ. . . ကျွန်တော်တို့က အစ်ကို့ဖုန်းနံပါတ်ကို ပေးလိုက်မှာပေါ့"

"ငါက အပြင်မှာနေတာများတယ်"

"နေ့မမိလည်း ညတော့မိမှာပဲ. . . သူက ကျွန်တော်တို့ အုပ်စုကို ဇာနည့်ကြောင့်သာ လက်ခံပြီး အပေါင်းအသင်း ပေါင်းတာ၊ ယုစံကိုတော့ တော်တော်ခင်တယ်၊ ဂရုလည်းစိုက်တယ်၊ ယုစံကို **မတွေ့**

www.burmeseclassic.com

www.burmeseclassic.com



ရတာရယ်. . . အိမ်ကလူမရှိတာကြာနေတဲ့ အနေအထားတွေရယ်ကို တွေ့ရင် သူ. . . အစ်ကို့ကို မမိမချင်းဆက်သွယ်နေမှာပါ. . . မပူပါနဲ့"

"မပူပါဘူး။ ပူတာက သူနဲ့တွေ့ရင် ရှင်းပြရမယ့် ကိစ္စကိုပဲ မင်းတို့တောင် ငါ့ကို အုံနဲ့ကျင်းနဲ့ မယုံကြသေးတာ. . . သူလည်း ယုံချင်မှ ယုံမှာပေါ့"

ကျွန်တော့်စကားကြောင့် ပြဿဒါးတစ်ချက်တွေပြီး စဉ်းစား နေတယ်။ ဟုတ်တယ်လေ။ သူတို့အုပ်စုကိုတောင် ရှင်းပြနိုင်တာက ယုစံ အလောင်းကော. . . ဒေါက်တာထွန်းဇော်ဝင်းကော သက်သေရှိလို့။ ခုဟာက ဘာသက်သေမှ မရှိ။

"သူ. . . ကျွန်တော်တို့ကို ဖုန်းပြန်ဆက်မေးမှာပဲ. . . အဲဒီ အခါကျ ရှင်းပြလိုက်ရင်ရမှာပါ"

ပြဿဒါးပြောပုံက သူတို့ဝင်ရှင်းရင် အိုကေမယ်ပေါ့။ အိုကေ တာ မကေတာထက် လောလောဆယ် ဒီရွှေပိုးကောင်ပဲ. . . အရင်ပြန် ရောက်ပါစေဦးလို့တွေးပြီး ကျွန်တော်စကားကို ဖြတ်ပစ်လိုက်တယ်။

"ဒါနဲ့အစ်ကို. . . ကိုသီလတို့ ကိုမင်းသော်တို့ကော. . ."

"သူတို့အလုပ်နဲ့ သူတို့ရှုပ်နေတာပါပဲ. . . သီလက ကလေးတွေ စာမေးပွဲနီးပြီလေ"

"ဩော်. . . ဒါနဲ့. . . အစ်ကို. . . အစ်ကိုက သူငယ်ချင်းတွေနဲ့ အတူနေတော့. . . မိသားစုက နယ်မှာလား. . ."

ပြဿဒါးရဲ့အမေးကြောင့် ကျွန်တော်သတိရသွားတယ်။ ဟုတ် တယ်လေ။ သူတို့အကြောင်းတွေသာ ကျွန်တော်က တစ်စစသိလာရတာ။ ကျွန်တော့်အကြောင်းကျ သူတို့ကလည်းမမေး ကျွန်တော်ကလည်းမပြော မိနဲ့ သူတို့ဘာမှ သိကြပုံမရဘူး။

"မဟုတ်ဘူး. . . သူတို့. . ."

ကျွန်တော် ဇာတ်စုံခင်းပြလိုက်တယ်။ ပြဿဒါးက စိတ်ဝင် တစားနားထောင်ပြီးမှ ကျွန်တော့်ကို တောင်းပန်တယ်။ မသိလို့မေးမိတာ ပါ. . . တဲ့။ ဒါက တိစ္စမှမရှိတာ။ ကျွန်တော့်မှာလည်းပြောပြဖို့ သတိမှ မရတာ။ (တမင်မေ့နေတာလည်းဖြစ်နိုင်ပါတယ်။) ဘယ်လိုလူဟာ ကိုယ့်ဘဝရဲ့ မကောင်းတဲ့အတိတ်တစ်ခုကို အစဉ်အမြဲ သတိရနေချင်ပါ့ မလဲ။

"အင်း. . . ထူးခြားတာတစ်ခုတော့ရှိတယ်. . ."

"ဘာလဲ. . . ဘာထူးခြားတာလဲ"

ပြဿဒါးက မျက်မှောင်လေးကြုတ်ပြီးမှ. . . နုတ်နုတ်နဲ့နဲ့ပုံစံနဲ့ ပြောတယ်။

"အစ်ကိုလည်း တစ်ကောင်ကြွက်ပဲ. . ."

"အင်းလေ. . ."

"ရွှေပိုးမှျင်လည်း အစ်ကို့လိုပဲ. . ."

ကျွန်တော်. . . တအံ့တသြဖြစ်သွားရတယ်။

"ဟုတ်လား. . . သူ. . . သူ့မိဘတွေက. . ."

"သူ့မိဘတွေက. . . အစ်ကို့မိဘတွေလိုတော့ အကျဆိုးဒင့်နဲ့ ဆုံးတာမဟုတ်ဘူး. . . သူတို့က နဂိုတည်းက ရွှေပိုးမှျင်တစ်ယောက် တည်းမွေးခဲ့တာ. . . မွေးပြီးမကြာဘူး. . . အမေကဆုံးတယ်. . . အဖေက နှလုံးရောဂါရှိတယ်လေ. . . သူ့အဖေဆုံးတော့. . . သူဆယ်တန်းအောင် ကာစ. . . တဲ့. . ."

ကျွန်တော်ခုဖြစ်ပျက်နေတာလို စိတ်ထဲပူသွားရတယ်. . .။

"အဲဒီတော့. . ."

"သူ. . . သူ့ဘာသာသူအလုပ်ထွက်လုပ်ရတယ်. . . ကျောင်း ကိုအဝေးသင်နဲ့ဘွဲ့ယူတယ်. . . အလုပ်လုပ်ရင်း အပြင်သင်တန်းတွေပါ ကြိုးစားတက်တော့. . . ခုချိန်မှာ သူက သူ့အလုပ်မှာ အရမ်းအောင်မြင် နေတဲ့ manager တစ်ယောက်ဖြစ်နေပြီ. . ."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် . . . သက်ပြင်းတစ်ချက်ကို မဆီမဆိုင် . . . ပြဿဒါးမသိအောင်ခိုးချမိတယ်။ တကယ်ဆိုရင် ကျွန်တော်နဲ့ ဘာမှ မသက်ဆိုင်တဲ့ သူတစ်ယောက်ရဲ့ကိစ္စကို ကျွန်တော်ဘာမှခံစားရစရာ အကြောင်းမရှိဘူး။ ဒါပေမယ့် 'မိသားစု' ဘဝဆိုတာလေး . . . ပျောက်ကွယ်ခဲ့ရတဲ့သူချင်းမို့ . . . ဒီခံစားမှုနဲ့လပ်ဟာမှုတွေကို ကျွန်တော် ပိုသိတယ်။ ကိုယ်ချင်းလည်းစာတယ်။ ကျွန်တော်ကမှ . . . အပြည့်အစုံ ဖြစ်မှ . . . ကျန်ခဲ့တာ . . .။ သူ့ခမျာ . . . ဘာမှမပြည့်စုံဘဲ တစ်ယောက်တည်း ကြိုးစားရှုန်းကန်ခဲ့ရတယ်။

"သူမှာ . . . ဆွေမျိုးတွေကော မရှိဘူးလား . . ."

ပြဿဒါးက . . . မျက်မှောင်ကြုတ်ပြီးခေါင်းခါတယ်။

"မသိဘူးအစ်ကို . . . ယုစံပြောပြသလောက် သိထားရတာကတော့ ဒီလောက်ပဲ . . ."

"ဒါကြောင့် ယုစံက . . . သူနဲ့ သွားနေပေးတာလား"

"အဲလိုလည်း မဟုတ်ဘူး . . . ယုစံမှာ သူ့အကြောင်းနဲ့သူရှိမှာပါ။ ရွှေမိုးမျှင်က သူဟာသူနေလာတာပဲကြာလှပြီ . . . သူ့အိမ်မှာ အရင်ကတော့ သူစာခေါ်ခေါ်ပြပေးနေတဲ့ကလေးတွေရှိတယ် . . . ခုနောက်ပိုင်းသူ့အလုပ်များလာတော့မှ . . . စာမပြနိုင်တော့တာ . . ."တဲ့။

"ြော် . . ."

ယုစံဆိုတဲ့ သနားစရာကောင်မလေးမှာလည်း သူ့အကြောင်းနဲ့သူရှိမှာပေါ့။ မောင်မောင်ဆိုတဲ့ ကောင်လေးကလည်း ဘယ်ဆီရောက်လို့ ရောက်မှန်းမသိ။ ဒါတွေအားလုံးကို ရွှေပိုးမျှင်ကတော့ သိလောက်တယ်လို့ ဘာအကြောင်းပြချက်မှမရှိဘဲ ကျွန်တော်ထင်နေမိတယ်။ အနည်းဆုံး ယုစံ ဘာလို့သူနဲ့လာနေတယ်ဆိုတာလောက်တော့ ပြောပြနိုင်မှာပဲ . . .။

ဘာပဲပြောပြော . . . ရွှေပိုးမျှင်နဲ့တွေ့ဖို့ကို ကျွန်တော့်စိတ်ထဲမှာ အရင်ကလောက် လိပ်ခဲတင်းလင်းမဖြစ်တော့ဘူး။ ကျွန်တော်နဲ့ မသက်





ဆိုင်တဲ့ကိစ္စအတွက် မသက်ဆိုင်တဲ့ လူတစ်ယောက်နဲ့တွေ့ရမှာဆိုတဲ့ အတွေးမျိုးလည်း မရှိတော့ဘူး။ ထူးတော့ထူးဆန်းသလိုပဲ . . .။ ဒါဟာ ကျွန်တော် . . . ပြဿဒါးဆီက သူ့ဘဝကိုသိလိုက်ရတာကြောင့်နဲ့ဆိုင်သလား။ သိပ်တော့မသေချာချင်ပေမယ့် ရာနှုန်းတော်တော်များများတော့ သက်ဆိုင်နေလောက်တယ်။ ဘာလို့လဲဆိုတော့ ခုချိန်မှာ ကျွန်တော်ဟာ ရွှေပိုးကောင်လေးပြန်လာရင် . . . ဆိုတဲ့အတွေးမျိုး တွေးတတ်လာလို့ပဲ . . .။

ဘယ်လောက်တောင်ဖြစ်သွားလဲဆိုရင် . . . ကျွန်တော် . . . အဲဒီရက်ပိုင်းတွေမှာ သူမ,ဆက်သွယ်တာနဲ့ ရအောင်အိမ်မှာပဲနေလိုက်ရင်ကောင်းမလားလို့ တွေးမိတဲ့ထိပဲ။ ခုတလော ကားကလည်း ဆွဲလို့ သိပ်မကောင်းချင်ဘူးလို့ ခပ်တည်တည်နဲ့ညည်းပြီး အိမ်မှာပဲနေဖို့ စိတ်ကူး ထားခဲ့ပေမယ့် ကံဇာတာက တော်တော်တက်လာပုံရတယ်။ ကောက်ကာ ငင်ကာဖျားတော့တာပါပဲ။ ဖျားနေပြီဆိုမှတော့ ဘာ reason မှ ကိုယ့်ကိုယ်ကိုရော သူများကိုပါ ပြစရာမလိုဘဲ . . . အိမ်မှာ နေလို့ရသွား ပြီလေ။

ဒါပေမယ့် . . .

တကယ့်ကို ဒါပေမယ့်ပါပဲ။ ကျွန်တော်တို့ လိုင်းဖုန်းသမားတွေ ကြုံတွေ့ရတဲ့ ဒုက္ခအတိုင်း အဲဒီမနက်မှာပဲ ဖုန်းပျက်သွားတယ်။

"မင်းသော် . . ."

"ဘာလဲ . . . ပြော"

ကွန်ပျူတာရှေ့မှာ . . . Screen ကို . . . ရန်ဖြ^ သားတဲ့ ရည်းစားတစ်ယောက်ကို ကြည့်သလို ထိုင်ကြည့်နေတဲ့ မင်းသော်က မကြေမလည်ထူးတယ်။

"မင်း . . . အောက်ဆင်းရင် . . ."

ကျွန်တော့စကားမဆုံးဘူး။ မင်းသော်က 'မဆင်းဘူး'လို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတယ်။

"မဆင်းလို့ မရဘူး၊ ဖုန်းပျက်နေတယ်. . . မင်း Lineman သွားရှာရမယ်"

မင်းသော်. . . ကျွန်တော့်ကို မျက်လုံးပြူးပြီးကြည့်တယ်။

"မင်းပဲ. . . ဖုန်းပျက်ရင် နားအေးတယ်ဆို. . . ဟိုကောင် သီလဖုန်းတွေပဲလာနေလို့ဆို"

"အေး. . . အဲဒါအရင်က. . . ခုဟာက. . . ငါဖုန်း ကောင်းမှ ဖြစ်မှာ. . ."

"ဘာလို့လဲ. . ."

"ဟ. . . ငါဖျားနေတယ်လေ. . . in case of emergency"

မင်းသော်က ကျွန်တော့်စကားမဆုံးခင်မှာဘဲ. . . တဟားဟား ထ,ရယ်တာ. . . ဆူညံသွားပါတော့တယ်။

"အလတ်ကြီးရှိသေးတယ်၊ သိုးကောင်း. . . မင်းကျန်းမာရေးကို ငါတာဝန်ယူတယ်. . . ဒီဟာ ငါ့ကွန်ပျူတာ virus ထိနေလို့ ခဏလေး"

"ငါလည်း virus ထိနေတာပဲ. . ."

မခံချင်စိတ်နဲ့ စကားကို ပြိုင်ပြောနေတယ်လို့ထင်ပြီး မင်းသော်က. . . မျက်စောင်းခဲပြီး မထီတရီကြည့်တယ်။ သူမှမသိတာ။ ကျွန်တော်လည်း ဘာထူးလဲ. . . virus ထိတာနဲ့တူတူပဲ။ ပိုးမှ ကကယ့် ပိုးအကောင်းစားလေး ထိနေတာ။ တကယ်ဆိုအနေသာကြီး။ ကျွန်တော် ဘာမှ နေမထိထိုင်မသာ ဖြစ်စရာအကြောင်းမရှိဘူး။ ယုံအတွက် လည်း ကိုယ်အများကြီး လုပ်ခဲ့ပြီးပြီ။ ခက်တာက ကိုယ့်ဘာသာကိုယ် ဘာဖြစ်မှန်းမသိတာ။

❄ ❄ ❄



အခန်း (၈)

ဟံက ကောင်းချင်တော့ line သမားကို မင်းသော်က **စိတ်မပါ** လက်မပါနဲ့ ဖွဲကောင်းကောင်းထား ရှာပေးတာတောင်မတွေ့**ဘူး။** Complaint တင်ဖို့ကျတော့လည်း စောင့်ရဦးမှာ။ မတတ်နိုင်ပါဘူး။ **အဲဒီ** မတတ်နိုင်မှုတွေနဲ့ ကျွန်တော်အိပ်ရာထဲမှာ မျောနေတုန်း **တံခါးဝက** bell သံကြားရတယ်။ အိမ်မှာ လူစုံတက်စုံမို့ တစ်ယောက်ယောက်**တော့** ထဖွင့်မှာဆိုပြီး ကျွန်တော်ဆက်အိပ်နေလိုက်တယ်။

"ဟော့ကောင်. . . သိုးကောင်း. . ."

ကျွန်တော် အိပ်ချင်ယောင်ဆောင်နေလိုက်တယ်။ **စိတ်ထဲ** ကတော့ lineman တောင်အဖြစ်ရှိအောင်မရှာနိုင်တဲ့ကောင်တွေနဲ့**စကား** မပြောချင်ဘူးလို့ရေရွတ်နေတာ. . .။

"ထ. . . ထ. . . ညော့်သည်"

www.burmeseclassic.com

www.burmeseclassic.com



ညှိသည်ဆိုတဲ့စကားကြောင့် ကျွန်တော် နည်းနည်းလှုပ်လှုပ်ရှားရှားဖြစ်သွားရတယ်။ ပြဿဒါးတို့များ သတင်းတစ်ခုခုရလို့ လိုက်လာတာလားပေါ့။ သေချာတာကတော့ ကျွန်တော်ဒီကောင်တွေ အုပ်စုနဲ့ အတော်လေးသံယောဇဉ်ဖြစ်နေပြီဆိုတာ။

"ပြဿဒါးတို့လား"

"ဟင့်အင်း. . . ကောင်မလေးတစ်ယောက်"

အရေးထဲ. . . နောက်နေနိုင်တဲ့ မင်းသော်ကို ကျွန်တော် စိတ်တိုသွားရတယ်။

"အေး. . . ဖျားနေတယ်ပြောလိုက်. . ."

"အာ. . . မဟုတ်ဘူး. . . ယမင်းတို့ ယမုန်တို့ မဟုတ်ဘူး. . . ဘယ်သူမှန်းကို မသိတာ"

ဘယ်သူမှန်း မသိဘဲများ ကောင်မလေးမြင်တာနဲ့ အိမ်တံခါးဖွင့်ပေးသတဲ့။ ခေတ်ကာလက ကောင်းတာမဟုတ်။ မိန်းကလေးရယ်လို့ လျှော့တွက်လို့မရ။

အိပ်ရာကနေ လူးလဲထ,ထွက်လာတော့. . . . မင်းသော်က နောက်ကနေ. . . ကြေနေတဲ့အင်္ကျီ ပုဆိုးတွေကိုလာဆွဲဆန့်ပေးနေသေးတယ်။ မိန်းကလေး;တစ်ယောက်နဲ့တွေ့ရမှာ သပ်ရပ်ဖို့လိုတာသေချာပေမယ့်. . . ကျွန်တော်က ချွင်းချက်အနေနဲ့ ဖျားနေတာလေ။ ဒါကြောင့် ဒီတိုင်းပဲ ထွက်ခဲ့လိုက်တယ်။

ညှိခန်းမှာ ထိုင်နေတာက. . . တကယ့်ကို မြန်မာဆန်ဆန် ဝတ်စားဆင်ယင်ထားတဲ့ မိန်းကလေးတစ်ယောက်။ ဆံထုံးကို သပ်သပ်ရပ်ရပ် ထုံးဖွဲ့ထားပြီး မြန်မာအင်္ကျီရင်ဖုံးလှလှလေးနဲ့ ချည်လုံချည်.ကို တွဲဝတ်ထားတယ်။ မျက်နှာလေးကတော့ ပြောင်တင်းတင်းလေး။

"ကိစ္စက. . ."

ကျွန်တော်က သူ့ရှေ့က ခုံမှာခပ်မှိုမှိုဝင်ထိုင်ရင်းမေးလိုက်တယ်။



"ရှင်က ဖျားနေတယ်ဆို. . . အားနာပါတယ်. . . ဒါပေမယ့် အရေးကြီးလို့. . ."

"ဟုတ်ကဲ့ပြောပါ. . ."

"ယု. . . ယုစံ. . ."

သူမ စကားများများဆက်ပြောစရာမလိုလောက်အောင်ကို အရာရာဟာရှင်းလင်းသွားတော့တယ်။ ဒါဆိုး သူမတာ ရွှေပိုးမျှင်ပေါ့။ သူကြည့်ရတာ လေဆိပ်က ပြန်ရောက်ရောက်ချင်း ဆက်ထွက်လာတာ သိသာနေတဲ့ပုံပဲ။

"ကျွန်မပြန်ရောက်ရောက်ချင်း. . . ယုစံကို မတွေ့လို့ Lost Horizon ကိုဖုန်းဆက်တော့. . . ဒီဖုန်းနံပါတ်ပေးတယ်. . . မြစ်ချင်တော့ ဖုန်းက ဆက်မရဘူး. . . ဒါနဲ့ လိပ်စာထပ်မေးပြီး လိုက်လာတာ. . . ယုစံ. . ."

"ယုစံ. . . ဆုံးပြီ. . ."

ကျွန်တော်တမင်ပဲ ဖြတ်ပြောလိုက်တယ်။ ဒါပေမယ့် ရွှေပိုးမျှင်ဆီက အံ့သြထိတ်လန့်မှုအစား၊ ဖျော့တော့အားလျော့တဲ့ သက်ပြင်းတစ်ခုပဲ ကျွန်တော်ရလိုက်တယ်။ မျက်ဝန်းကနေ ရိပ်တက်လာတဲ့. . . မျက်ရည်တချို့ကိုတော့. . . သူမရဲ့မျက်တောင် စင်းစင်းရှည်ရှည်လေးတွေနဲ့ ခတ်ထုတ်ပစ်လိုက်တယ်။ တော်တော်တော့ စိတ်ခိုင်တဲ့ ကောင်မလေးပဲ. . .။

"ကျွန်မထင်တယ်. . . ထင်တာ. . . ဒီပြန်ရောက်မှ မဟုတ်ဘူး ဟိုမှာတည်းက စိတ်ထင်နေတာ. . . ကျွန်မ. . . ယုစံအကြီးအကျယ် မင်္ဂလာဆောင်နေပြီး အရမ်းလှနေတယ်လို့ အိပ်မက်,မက်ခဲ့တယ်. . . ဒါနဲ့ ရှင်က ယုစံနဲ့ ဘယ်လိုပတ်သက်လဲ. . ."

"ဘယ်လိုမှ မပတ်သက်ပါဘူး. . . ယုစံကို ကျွန်တော် [illegible] ပို့ပေးခဲ့တာ. . . ယုစံ. . . ကျွန်တော့်ကားပေါ်မှာတင် ဆုံးသွား[illegible]

www.burmeseclassic.com

www.burmeseclassic.com



လားတောင် မဆိုနိုင်ဘူး"

"ဖြစ်ရတယ်ရှင်. . . အဲဒါ. . . ကျွန်မ,မရှိတော့. . . သူ့ဘေးမှာ လိုက်ပေးမယ့်လူမရှိဖြစ်တာပေါ့"

သူမက အဲလိုခပ်ညည်းညည်းလေးပြောတယ်။ သူပြောပုံက လောကမှာ သူကလွဲရင် ယုစံကို အရေးတယူလုပ်မယ့်သူ မရှိတော့ဘူးလို့ ဆိုချင်တာလား. . .။ ဒါဆို. . . ပြဿဒါးတို့အုပ်စုကကော။ ဒါကြောင့် ကျွန်တော်ပဲ ဆက်ပြောလိုက်တယ်။

"ကျွန်တော်လည်း ဘာလုပ်ရမှန်း မသိတာနဲ့ ကြိုးစားပြီး စုံစမ်းဆက်သွယ်လိုက်တာ Lost Horizon ကိုရောက်သွားတာပဲ. . . သူတို့ပဲ အစစအရာရာတာဝန်ယူကြပါတယ်၊ မိဘတွေကိုအကြောင်းကြားတာက အစပေါ့. . ."

ရွှေပိုးမျှင်က ဘာမှမပြောဘူး။ Lost Horizon အုပ်စုကို ရှိခြင်း၊ မရှိခြင်း စိတ်ဝင်စားပုံမရဘူး။ သူမက သူမနဲ့ ယုစံရဲ့ဖြစ်တည်မှုကိုပဲ စိတ်ဝင်စားပုံရတယ်။

"အိမ်မှာ. . . ယုစံပစ္စည်းတွေရှိတယ်"

"ဟုတ်တယ်. . . အဲဒါ. . . ကျွန်တော့်ကို သူ့အဖေက တာဝန်ပေးသွားတယ်. . . ခင်ဗျားပြန်လာရင် ခင်ဗျားဆီက သွားယူပြီး. . . ပြဿဒါးတို့ကို ပို့ခိုင်းပေးဖို့"

"ရပါတယ်. . . ကျွန်မကိုယ်တိုင်ပို့မှာပါ"

ကိစ္စက. . . ဒီမှာတင်ပြီးသွားပြီ။ သူမလည်း ပြန်ဖို့ပဲရှိတော့တယ်။ ဒါပေမယ့် ကျွန်တော့်အတွက်က မပြီးသေးဘူး။ မပြီးသေးသလို ခံစားနေရတာလား။ မပြီးစေချင်သေးတာလား မသိဘူး. . .။

"ကျွန်တော့်မှာက တာဝန်ရှိတယ်"

"ယုစံအဖေက ရှင့်ကိုမှာခဲ့တာဆိုရင်တော့. . . ရှင်. . . ကျွန်မဆီမှာ. . . ပစ္စည်းတွေလာယူလိုက်လေ. . . ဒါပေမယ့်. . . ခု. . .



ရှင်နေမကောင်းသလို. . . ကျွန်မလည်းပြန်ရောက်စမို့ အားမှာ မဟုတ်ဘူး. . . ဒီတော့. . ."

သူမက. . . အိတ်ထဲကနေ. . . ကတ်တစ်ခုကို ဆွဲထုတ်ပြီး ကမ်းပေးတယ်. . .။

"ဒါ. . . ကျွန်မကတ်ပဲ. . . အိမ်လိပ်စာရော ဖုန်းလိပ်စာကော ph; ကောပါတယ်. . . နောက်မှ. . . ကျွန်မတို့ဆက်သွယ်ကြတာပေါ့. . . ခုတော့. . . ကျွန်မသွားဦးမယ်. . . ကျွန်မ. . . လေဆိပ်က ဆင်းလာတည်းက. . . မထိုင်ရသေးဘူး"

"ကောင်းပါပြီ"

သူမပြန်ဆင်းသွားပြီးတံခါးပိတ်တော့မှ မင်းသော်နဲ့ သီလ အသံကိုကြားရတော့တယ်။

"သူလား. . . ရွှေပိုးမျှင်. . . ဆိုတာ"

"ကြားတဲ့အတိုင်းပဲ. . ."

"လှတော့လှတယ်ကွ. . . ဒါပေမယ့်"

သီလက မေးကိုပညာရှိတစ်ယောက်လို ပွတ်သပ်ရင်း စကားစ,ကိုဖြတ်ထားတယ်။ သူ့စကားက ပိုပြီးတန်ဖိုးရှိမလားလို့ ဟန်လုပ်ပြောပေမယ့် ဘယ်သူကမှ စကားမထောက်တဲ့အတွက် သူ့ဘာသာသူပဲ ဆက်ပြောတယ်။

"ဒါပေမယ့်. . . ခက်ထန်သလိုပဲ. . ."

သီလရဲ့မှတ်ချက်ကို ကျွန်တော်စိတ်ထဲကနေ ထောက်ခံလိုက်တယ်။ မျက်နှာလေးက ငယ်နုပေမယ့်. . . တင်းတင်းထန်ထန်လေး။ သူမ ဘဝကလည်း ဒီလိုတင်းထန်ရုန်းကန်မှုပဲရမယ့် အခြေအနေဆိုတာ ကျွန်တော်ကသိထားတော့ သိပ်တော့ မအံ့သြမိဘူး။ မင်းသော်ကတော့ မှတ်ချက်တစ်မျိုးပေးတယ်။

"သူကြည့်ရတာ. . . နည်းနည်း စိတ္တဇဆန်သလိုပဲ"

www.burmeseclassic.com

www.burmeseclassic.com



“ဘာဆိုင်လို့လဲကွ”

ကျွန်တော်ကော သီလပါ. . . မင်းသော်ရဲ့မှတ်ချက်ကို ကန့်ကွက်မိကြတယ်။

“မသိဘူး. . . ငါ့စိတ်ထဲမှာ ခံစားရတာကိုပြောတာ. . . တစ်အချက်. . . သူလှပုံက မပျော့ပျောင်းဘူး၊ မာထန်တယ်၊ နှစ်အချက်. . . သူ့ပုံစံက. . . အရာရာကို control လုပ်နိုင်တဲ့ပုံပဲ. . . ပြီးတော့. . . မင်းတို့သတိထားမိလား မသိဘူး. . . ယုစံအကြောင်းပြောတော့. . . သူ့အံ့ဩမသွားဘဲ. . . အမူအရာပျက်ရုံကို မသိသာအောင် ပြန်ထိန်းလိုက်တာ. . .”

ကျွန်တော်ခေါင်းညိတ်သလို. . . သီလလည်း ခေါင်းညိတ်လိုက်တယ်ထင်တာပဲ။

“မပြောတတ်ဘူးကွာ. . . ငါ့စိတ်ထဲတော့ သူ့ကြည့်ရတာ တစ်ခုခုမှားနေသလိုပဲ”

“မှားနေတာက မင်းဖြစ်မှာပါ. . .”

သီလက မင်းသော်ကို အဲဒီလို မှတ်ချက်ချတယ်။ ကျွန်တော်ကတော့ မင်းသော်ပြောမှ ဇဝေဇဝါဖြစ်သွားတဲ့စိတ်နဲ့ ရွှေပိုးမျှင်ကို ပြန်မြင်ယောင်ကြည့်နေမိတယ်။

“ဟိုကောင်. . . အဖျားကျသွားတာလား၊ အဖျားတက်နေတာလား”

ငြိမ်နေတဲ့ ကျွန်တော့်ကို သီလက တယုတယ လက်သီးနဲ့ လှမ်းထိုးပြီးမေးတယ်။

“မတက်မကျဖြစ်နေတာ”

တကယ်က အဖျားမတက်မကျဖြစ်နေတာ မဟုတ်ဘူး။ လူ. . . မတင်မကျဖြစ်နေတာပါ။ စိတ္တဇပဲဆန်ဆန်၊ မာမာကျော့ကျော့လေးပဲဖြစ်ဖြစ်. . . သေချာတာကတော့. . . ရွှေပိုးကောင်လေးဟာ သူ့ဟာနဲ့





သူတော့ စိတ်ဝင်စားစရာကောင်းတာ အမှန်ပဲ။ ခုပဲကြည့်လေ။ သီလက စပ်ဖြဲဖြဲနဲ့ ပြောတယ်။

“သိုးကောင်း. . .”

“ဘာလဲ”

“မင်း. . . အဖျားတာရှည်နေရင် မင်းတာဝန်တွေ ငါယူပေးမယ်လေ. . .”

“ခြော်. . . ငါ့ကားကို မောင်းပေးမလို့လား. . . မင်းကျူရှင်တွေက. . .”

“ဘယ်က. . . မင်းကားကိုမောင်းရမှာလဲ. . . ရွှေပိုးမျှင်ဆီက ပစ္စည်းတွေနယ်ပို့ဖို့ကိစ္စလေ. . . ငါတာဝန်ယူရမလားမေးတာ”

“မရှက်ရင် ယူပေါ့. . . သီလရာ. . .”

ကျွန်တော် မပြောလိုက်ရပါဘူး။ သီလကို မင်းသော်က ဝင်ပြောလိုက်တဲ့ စကားကြောင့် ကျွန်တော်တောင်ရယ်မိသွားရတယ်။ သီလကတော့ မင်းသော်ကို မျက်ထောင့်နီနဲ့ကြည့်ပြီး. . . ‘ပရဟိတမရှိတဲ့လူ’လို့ ရေရွတ်တယ်။ ပရဟိတလုပ်ငန်းနဲ့ ခု. . . သူကူချင်တဲ့လုပ်ရပ်က ဘာမှမဆိုင်တာကိုတော့ ကျူရှင်ဆရာ ကိုလေရှည်ကို ကျွန်တော်ရှင်းပြမနေတော့ပါဘူး။ သေချာတာကတော့ ကျွန်တော်သီလအကူအညီကို လုံး၀(လုံး၀)မယူနိုင်ဘူးဆိုတာ. . . ကျွန်တော့်ကိုယ်ကျွန်တော်ရာနှုန်းပြည့်သိနေတယ်။

“ငါနေကောင်းသွားမှာပါ”

ကျွန်တော့် ဖျော့တော့တော့စကားကြောင့် မင်းသော်. . . တဟားဟား ထ,ရယ်ပါတော့တယ်။ ပြီးတာနဲ့. . . ကွန်ပျူတာဆီသွားပြီး ခလုတ်ကို ပိတ်ပစ်လိုက်တယ်။ ပါးစပ်ကလည်း ရေရွတ်သွားသေးတယ်။

“အခြေအနေမကောင်းဘူး၊ ငါ့ကွန်ပျူတာပိတ်ထားမှ. . . ပလပ်ခေါင်းတွေက ပူပြီး ပိုးတွေထ,လာပြီ”. . . တဲ့လေ။

www.burmeseclassic.com



ပညာရှိသီလက မသိချင်ယောင်ဆောင်နေနိုင်ပေမယ့်. . . ကျွန်တော့်မှာတော့ မခံချိမခံသာနဲ့။ ဘာမှမတတ်နိုင်ဘူး။ ငြိမ်ခံနေရတော့တာပဲ။

❄ ❄ ❄



## ရွှေပိုးမျှင်

မမျှော်လင့်ဘဲ ကျွန်တော့်အဖျားကမကျဖြစ်နေတာနဲ့ Specialist ဆီလည်း ရောက်ရော ကျွန်တော့်ရောဂါက တိုက်ဖွိုက်ဖြစ်နေတယ်။ အူရောင်ငန်းဖျား. . . ဆိုလား။ သေချာတာကတော့ 'ငန်းဖျား' ပဲ ဆိုတဲ့ မင်းသော်ရဲ့ရိတ်တိ စကားလုံးကြီးကိုလည်း ငုံ့ခံရတယ်။ မတတ်နိုင်ဘူးလေ။ အသက်ညာဏ်စောင့်တဲ့။ ကိုယ့်ကို in case of emergency မှာ ကယ်နိုင်တာက သူတို့ပဲရှိတာဆိုတော့ သည်းခံထားလိုက်ရတယ်။

နေမကောင်းဘူးဆိုတာနဲ့ ကျွန်တော့်ဆီ ပထမဆုံး လူမမာမေးရောက်လာတဲ့သူက ဇာနည်နိုင်။ ကိုယ့်ကိုယ်ကို အဖျားသွေးနဲ့ လူမှားနေတာလားလို့ မနည်းကြည့်ယူရတယ်။

"ဇာနည်"

"ဟုတ်တယ်အစ်ကို. . . အစ်ကိုက နေမကောင်းတာကြာပြီဆို"



www.burmeseclassic.com

www.burmeseclassic.com



“အေး. . . ထိုင်ကွာ. . .”

ကျွန်တော့်ခုတင်စွန်းမှာ ဝင်ထိုင်ရင်းထပ်မေးတယ်။

“အစ်ကို့အဖျားကဲ့. . . ငန်းဖျားဆို. . .”

သူကတော့ ချိုတည့်လေးနဲ့ အရိုးခံလေးမေးရှာတာပါ။ သေချာတာကတော့ အစ်ကို့ရှေ့ခန်းက ကွန်ပျူတာပညာရှင်ချွန်လွှတ်လိုက်တယ်ဆိုတာမဲ့။ ကျွန်တော့်မှာ ခေါင်းညိတ်ရအခက် ခေါင်းခါရအခက်။ ပြီးတော့. . . ကျွန်တော်ဖြေရမယ့်သူက ဇာနည်နိုင်လေ။ မခက်ဘူးလား။

ကျွန်တော်ကတော့ ခက်နေတာ. . . သူကတော့သူ့ရဲ့လူမမာမေး ဝတ္တရားလည်း ထမ်းဆောင်ပြီးရော. . . သူ့အဓိကတာဝန်ကို သူ ထမ်းဆောင်ပါတော့တယ်။

“အစ်ကို. . .”

“ဟေ. . .”

“အစ်ကို့ဆီ. . . ရွှေပိုးမျှင်လာသွားတယ်ဆို”

“ဟေ. . . အဲ. . . ဟုတ်တယ်”

“ဘာ. . . ဘာတဲ့လဲ. . . အစ်ကို. . .”

ဘာမှ တည့်စရာအကြောင်းမရှိပါ. . .။ သူ့နှင့်က မိုင်ပေါင်းများစွာကွာနေပါလျက်နဲ့။

“ဩော်. . . သူဘာလာသူ ယုစံသတင်းလာမေးတာပါ. . .”

“ဒါပဲလား”

“ဟင်. . . ဒါပဲပေါ့. . . ငါ့ကိုလူမမာလာမေးတာတော့ ဖြစ်နိုင်ပါမလား”

ကျွန်တော်က စိတ်ပေါက်ပေါက်နဲ့ ပြောလိုက်တာပါ။ ဒါကို. . . ရောဂါသည်ဇာနည်က လက်သင့်ခံတယ်။

“အင်း. . . အစ်ကို့ကို လူမမာလာမေးရင်လည်း ကောင်းသား”

“ဟင်. . . ဘာလို့လဲ. . . ဟော့ကောင်. . . ဖျားနေတာက



ငါနော် မင်း. . . မဟုတ်ဘူး”

“သိပါတယ်အစ်ကိုရ. . . ကျွန်တော်ဖျားလည်း သူကလာမေးမှာ မဟုတ်တာ. . . အစ်ကို့ကိုလာမေးရင်မှ ကျွန်တော်တွေ့ရဦးမယ်”

အင်း. . .။ သူ့ဒုက္ခကလည်း တစ်မျိုး ကျွန်တော်ကိုယ်ချင်းစာလို့ရတယ်။ လောလောဆယ်ကျွန်တော်တောင် ပိုးထိသွားတဲ့ လူနာလို့ အဆိပ်တက်ချင်နေတာ မဟုတ်လား။ တကယ်တော့ ကျွန်တော် မသိလိုက်ခင်မှာပဲ. . . ကျွန်တော်နဲ့ ဇာနည်က ဘဝတူဖြစ်နေခဲ့ပြီ။

“အစ်ကို. . . ယုစံပစ္စည်းတွေ မယူရသေးဘူးပေါ့”

“ဟုတ်တယ်. . . ငါနေမှ မကောင်းတာ. . .”

“နေကောင်းရင် သွားမှာလား”

“အေး. . . ဘာလဲ. . . လိုက်မလို့လား”

“ဟင့်အင်း. . . မလိုက်ပါဘူး. . . သူက ကျွန်တော့်ကိုမြင်ချင်မှာ မဟုတ်ဘူး”

ခက်တော့တာပါပဲ. . .။ ကျွန်တော့်ကိုလည်း သူမက မြင်ချင်မမြင်ချင် မသေချာပါဘူး။ တစ်ပမ်းသာနေတာ တစ်ခုတော့ မြင်ချင်ချင် မမြင်ချင်ချင် အနည်းဆုံးကျွန်တော့်မှာ တွေ့ခွင့်တစ်ခုရှိနေသေးတာပါပဲ။

“ဧည့်သည်”

အခန်း၀,ကနေ မင်းသော်. . . မျက်နှာစပ်ဖြဲဖြဲနဲ့. . . လာခေါ်တာမို့ ကျွန်တော်. . . မယုံသင်္ကာနဲ့ပြန်ကြည့်မိတယ်။

“တကယ်. . . ရွှေပိုးကောင်”

လေသံလေးနဲ့ လှမ်းပြောတယ်။

ကျွန်တော်အိပ်ရာက ထဖို့ကြိုးစားတော့ သိပ်မဟန်ဘူး။ လူက အဖတ်မှမစားရတာ. . . ကြာလှပြီ။ အရမ်းကို အားနည်းနေတာ။ မျက်လုံးတွေလင်းတောက်သွားတဲ့ ဇာနည်က. . . ကျွန်တော့်ကို တွဲထူတယ်။ သူ. . . ဧည့်ခန်းကိုပို့ပေးမယ်ပေါ့။ ဒီနည်းပဲရှိတာကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



သဘောတူလိုက်ရတယ်။ ကျွန်တော့်အခန်းထဲ သူ့ခေါ်ဖို့ဆိုတာက ဖြစ်မှ မဖြစ်နိုင်တာ။

ဒီနေ့တော့ဖြင့် ကံဇာတာက ဇာနည့်ကို မျက်နှာသာပေးတာလား၊ ကျွန်တော့်ကို မျက်နှာသာပေးတာလား မသိဘူး။ ကျွန်တော်တို့ မဖြစ်နိုင်တဲ့အရာတွေ တွေးတောပြောဆိုနေချိန်မှာ သူက ရောက်လာတယ်။

"ရော်. . . ထလာရတာအားနာလိုက်တာ. . ."

မင်းသော်နဲ့ ဇာနည်တစ်ဖက်စီတွဲလာတာ မြင်ပါလျက်နဲ့ သူမ ကျွန်တော့်ကိုပဲ တည့်တည့်ပြောတယ်။ ဇာနည့်ကိုတွေ့လို့ ဘာမှဖြစ်မသွားတဲ့အပြင် ရှိနေတာတောင် အေးဒါအမှတ်မပြုပုံလေးက တစ်မျိုးတော့ ဆန်းတယ်။ တမင်လုပ်ယူထားတာနဲ့လည်း မတူဘူး။

"ကျွန်တော်. . . တိုက်ဖို့ကိုဖြစ်နေတာ"

"ဩော်. . . ဒါကြောင့်ကိုး. . . ကျွန်မက ဒီရှေ့က ကုမ္ပဏီကို အလုပ်ကိစ္စနဲ့လာရင်း. . . အောက်မှာ ကိုသီလနဲ့တွေ့လို့ ရှင်နေမကောင်းဘူးဆိုတာနဲ့ တက်လာလိုက်တာ. . ."

"ဟုတ်လား"

ကျွန်တော်ခုမှတွေ့တယ်။ သီလက. . . ငြိမ်ချက်သားကောင်းစွာနဲ့ဧည့်ခန်းထောင့်မှာ ဝါတော်တော်တော်ကြီးတဲ့ သိက္ခာတော်ရဆရာတော်တစ်ပါးလို စကြုံကြွန္ထြေအပြည့်နဲ့ ထိုင်နေလေရဲ့။

"ဒါဆို. . . ကျွန်မ. . . ယုစံပစ္စည်းတွေထားလိုက်ဦးမယ်. . . အတော်ပဲ. . . ကျွန်မလည်း မသိမ်းဖြစ်သေးဘူး"

"ရပါတယ်"

"ရှင်နေကောင်းမှပဲ စီစဉ်တာပေါ့. . . ကျွန်မက ပစ္စည်းသိမ်းဖို့ မအားတာထက် ဒီပစ္စည်းတွေသိမ်းရမှာစိုးလို့ တမင်မအားအောင် အလုပ်များနေမိတာထင်ပါရဲ့"





သူမကိုယ်သူမ ပြန်ပြောပြီး တစ်ချက်ရယ်တယ်။ ဒါကပြီးတော့ လာတဲ့ခံစားချက်တွေကို ဖော့ပစ်လိုက်တဲ့ရယ်သံမျိုး။ ခဏနေတော့ သူမပြန်သွားတယ်။ အလုပ်ပြန်ဝင်ရမှာမို့တဲ့။ ဒီနေ့တော့ ကုမ္ပဏီယူနီဖောင်းလို့ထင်ရတဲ့ ကုတ်အင်္ကျီနဲ့ စကတ်ဒူးကျော်ရုံလေးကို ဝတ်ထားတယ်။ ဟိုနေ့ကလို မြန်မာဆန်ဆန် မဟုတ်ပေမယ့်လည်း သူ့ပုံစံက ကြည့်ကောင်းနေတာပါပဲ။

ရွှေပိုးမျှင်ပြန်သွားပြီး မကြာဘူး။ ဇာနည်နိုင်လည်း ပြန်သွားတယ်။

"ဒီနေ့ကတော့ ဘယ်ကောင်ကံဇာတာတက်တာမှန်းတော့ မသိဘူး"

မင်းသော်က ကျွန်တော့်ကိုသေချာကြည့်ပြီး မထိတထိစကားကိုတည့်တည့်ပြောလာတယ်။ သီလနဲ့ ကျွန်တော်က တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ပြုံးမိကြတယ်။ မင်းသော်ကတော့ သူ့ဘာသာသူ ဆက်စဉ်းစားရင်းပြောတယ်။

"ဒီထဲမှာ ဇာနည်နိုင့်ကို ဖယ်ထားလိုက်ရင် မတော်တဆတွေ့တဲ့ သီလရယ်. . . နေမကောင်းလို့ မကောင်းတတ်သာစွာနဲ့ လူမမာမေးခံရတဲ့ သေးကောင်းရယ်. . . ငါရယ်မှာ. . . ကံအကောင်းဆုံးက ငါပဲဖြစ်မှာ. . ."

မင်းသော်စကားကြောင့် သီလက. . . ပြစ်ပြစ်နှစ်နှစ်ဆဲရေးရင်းက ရယ်တယ်။ မင်းသော်ကတော့ မလျှော့ပါဘူး။

"ဟုတ်တယ်လေ. . . ငါက. . . ဇာနည်နိုင့်လို မတောင့်တဘူး သိုးကောင်းလိုလည်း ပိုးထိုင်နမ်းဖျားဖျားမနေဘူး၊ သီလကိုလည်း မတော်လို့ တမင်တွေ့တဲ့နည်းမသုံးဘူး. . . ငါ့ဆီတည့်တည့်ကြီး ငါမတော်ပါရပါပဲ. . . ရောက်လာပုံထောက်ရင်. . ."

"အပုံထောက်မနေပါနဲ့ မင်းသော်ရာ. . . တင်ပါတည်သော



www.burmeseclassic.com

www.burmeseclassic.com

ဟပ်လိုက်. . ."

သီလ. . . စကားကြောင့် မင်းသော်ရှုံ့မဲ့သွားပြီးမှ မခံချင်စရာ မျက်နှာပေးနဲ့ အနိုင်လုပြောတယ်. . .။

"အေးပါ. . . ငါမဟပ်ရဘဲ ငါ့ဆီတည့်တည့်ဝင်လာမှ မလွှမ်းနဲ့" တဲ့။

"မဖြစ်နိုင်တာ စိတ်ကူးမယဉ်ပါနဲ့ကွာ"

ကျွန်တော်ပဲ မင်းသော်ကို ပြန်ထိန်းပေးလိုက်ရတယ်။ စကားနိုင်လုရင်းကနေ ကိုယ့်ကိုယ်ကို အဟုတ်ထင်ပြီး ဒုက္ခရောက်သွားမှာစိုးလို့။

မင်းသော်က ခေါင်းခါတယ်။

"ငါက စိတ်ကူးယဉ်တဲ့ထဲမပါ,ပါဘူး။ မင်းတို့သာ စိတ်ကူးယဉ်ရင်း စိတ်ကူးယဉ်ဆေးရုံရောက်သွားဦးမယ်. . . "တဲ့။

ကျွန်တော် ဘာမှပြန်ပြောမနေတော့ပါဘူး။ အိပ်ရာထဲက ထ,ထွက်လာတုန်းက လူတွဲနဲ့ထ,ခဲ့ရတဲ့ကျွန်တော်. . . ခုတော့လည်း ဆတ်ခနဲထပြီး အခန်းထဲပြန်ဝင်ခဲ့လိုက်တာ အဆင်ကိုချောလို့။ ဘယ်က အားတွေရလာလဲမေးရင် ဖြေစရာတောင်ရှိမှာ မဟုတ်ဘူး။ သေချာတာကတော့ စာစောကထက်စာရင်လူက အကြောင်းပြချက်ကင်းမဲ့စွာ လန်းလာသလိုခံစားရတယ်။

ကျွန်တော်သာ ပြန်ဝင်လာတာ ၊ အပြင်မှာ သီလနဲ့ မင်းသော်က စကားနိုင်လုလို့ ကောင်းတုန်း။ အဲဒါက အရေးမကြီးဘူး။ အရေးကြီးတာက သီလဟာ ကျွန်တော့်ကို စ,ရင်း၊ မင်းသော်ကို စကားနိုင်လုရင်းက ရွှေပိုးမျှင်ကို တကယ်ပဲ စိတ်ဝင်စားသွားပြီလား မသိဘူးလို့ သွားတွေးမိတာပါ။ အဲဒီမှာတင် မဆီမဆိုင် ချွေးသီးချွေးပေါက်တွေ ထွက်လာလိုက်တာ အိပ်ရာကပြန်ထပြီး ဖာကျီ လဲပစ်လိုက်ရတဲ့ထိပဲ။

"ရွှေပိုးမျှင်. . . "တဲ့။

ကျွန်တော့်ကို ရစ်ပတ်ဖို့သက်သက်လူဖြစ်လာတာ...တော့ မဟုတ်



လောက်ဘူး။ ဇာနည့်ကိုပဲ ကြည့်လေ။ အထပ်ထပ်ကြိုးပေးသတ်ခံရသလို ဖြစ်နေတာတောင်မှ အပြုံးမပျက်သေးဘူး။ ကျွန်တော်ကော ဘယ်နှစ်ကြိမ် ကြိုးပေးခံရဦးမှာလဲ မသိဘူး။ သေချာတာကတော့ ကျွန်တော်က ခုချိန်မှာတော့ ရှူးရှူးရှဲမ်းရှမ်းပဲဆိုဆို ကျွန်တော့်ပေါ် ကျလာမယ့် ကြိုးမျှင်တွေကို တောင့်တချင်နေမိတယ်။

မေမေရယ်။

ကျွန်တော့်ကို ကောင်းကင်တစ်ခုလို့. . . အုပ်မိုးထားပေးစေချင်တဲ့ မိန်းကလေးမျိုးပေါ့ မေမေ။ ကျွန်တော် မထင်မှတ်ဘဲ တွေ့ရှိလိုက်ပြီ။ တိုက်တိုက်ဆိုင်ဆိုင်ပဲ မေမေ။ လောဘကြီးတယ်ဆိုချင်ဆို. . . ကျွန်တော်ကလည်း သူ့မှာမရှိတဲ့ကောင်းကင်တစ်ခုဖြစ်ခွင့်ပါရချင်သေးတယ်။

ကျွန်တော်ကံကောင်းနိုင်ပါ့မလား မေမေ။

ဘဝမှာ ကံကောင်းခြင်းတွေ တစ်ခါမှ မရရှိခဲ့ဖူးတဲ့ ကျွန်တော့်ကို ကံတရားက ဒီတစ်ခါတော့ အလှည့်ပေးသင့်တယ်ထင်တာပါပဲ။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဒါက. . . ယုစံအဝတ်အစားတွေ အိတ်နဲ့သုံးလုံးလောက်ရှိတယ်. . . ဒီဘက်က သေတ္တာကြီးထဲမှာက ယုစံရဲ့စာအုပ်တွေ၊ ဒီခြင်းကြီးထဲမှာကတော့ သူ့တိုလီမိုလီပစ္စည်းလေးတွေ"

ကျွန်တော်က သူမပြနေတဲ့ အိတ်တွေ၊ သေတ္တာတွေ၊ ခြင်းတွေထက် သူမကိုပဲကြည့်နေမိတော့တာ။

"ယုစံဓာတ်ပုံလေးကိုတော့ ကျွန်မယူထားတယ်လို့ ပြောပေးပါ"

"ရပါတယ်. . . ကျွန်တော်ပြောလိုက်ပါ့မယ်. . . "

"ပြီးတော့. . . မောင်မောင့်ဓာတ်ပုံ. . . "

ထင်မှတ်မထားတဲ့စကားကြောင့် ကျွန်တော်မျက်လုံးဝိုင်းသွားရတယ်။

"မောင်မောင်. . . ဟုတ်လား"



"ဟုတ်တယ်. . . ယုစံပုံနဲ့ မောင်မောင့်ပုံကို ကျွန်မခွဲမထားနိုင်ဘူး. . . ယုစံယှဉ်တွဲထားခဲ့သလို့ပဲ. ကျွန်မယှဉ်တွဲထားချင်လို့ပါ"

သူမကိုကြည့်ရတာ. . . ယုစံနဲ့မောင်မောင့်ကို အပြည့်အဝနားလည်စာနာပုံပဲ. . .။ ပြဿဒါးတို့ ပန်းယမုန်တို့အုပ်စုနဲ့တောင် မတူဘူး။ ဒါကြောင့် ကျွန်တော့်ရင်ထဲသိချင်နေတာလေးတွေကို မေးလိုက်မိတယ်။

"ဒါဆို. . . မောင်မောင်ဘယ်မှာလဲ. . . ခင်ဗျားသိလား"

ရွှေပိုးမျှင် နှုတ်ခမ်းလေးကိုက်ပြီး ယုစံပုံကိုစိုက်ကြည့် ငြိမ်သက်သွားတယ်။ အကြာကြီးပဲ။ သူမ. . . တစ်ခုခုကို စဉ်းစားဆုံးဖြတ်နေတာလား. . . အတွေးတွေလွန်သွားတာလား. . . ကျွန်တော်မသိဘူး။ အတော်ကြာမှ သူ. . . ကျွန်တော့်ကိုကြည့်တယ်။

"ကျွန်မ. . . သိတယ်ပဲ ဆိုပါတော့"

"သိတယ်. . . ဟုတ်လား"

"ဟုတ်ပါတယ်. . . ဒါပေမယ့်. . . ပြဿဒါးတို့ကိုပြောဖို့အတွက်. . . မောင်မောင်ဘယ်မှာလဲ. . . လို့တော့ မမေးပါနဲ့. . . ကျွန်မဖြေမှာ မဟုတ်ဘူး"

ကျွန်တော်နားမလည်ဘူး။ မောင်မောင်ဆိုတာက ပြဿဒါးတို့ရဲ့သူငယ်ချင်းအရင်းကြီး။ ဒါကို. . . ကျွန်တော်ဇာတ်စုံသိထားတာပဲ။ သူတို့တောင် မောင်မောင် ဘယ်မှာလဲ မသိတာ။ သူမကသိတယ်ဆိုတာတော့ ဆန်းသလိုပဲ။ ဒီကြားထဲ သူက ပြဿဒါးတို့သိအောင်တော့ မပြောပြနိုင်ဘူးဆိုတော့ ဆန်းမနေဘူးလား။ အမှန်ဆို ကျွန်တော်က အပြင်လူပါ။ မေးခွင့်မရှိဘဲ ပတ်သက်ပြီးမှ သိချင်နေတဲ့ဆန္ဒတွေကြောင့် မေးနေမိတာလေ။

"ဒါဆိုရင်တော့ မမေးပါဘူး. . . ယုစံကတော့. . . မောင်မောင်ဘယ်မှာရှိတယ်ဆိုတာ သိသွားလား"

ဒီမေးခွန်းအဆုံးမှာတော့ ရွှေပိုးမျှင်ဆိုတဲ့ကောင်မလေးဟာ

www.burmeseclassic.com



ကြည်ကြည်နူးနူးပြုံးတယ်။

"ရှင်သိလား. . . မောင်မောင်ဘယ်မှာရှိနေတယ်ဆိုတာ . . . ယုစံက စိတ်မဝင်စားဘူး. . . ဘာလို့လဲသိလား"

ကျွန်တော်လွယ်လွယ်ကူကူခေါင်းပဲခါပြလိုက်တယ်။

"ဘာလို့လဲဆိုတော့ မောင်မောင်က ယုစံရင်ထဲမှာ အမြဲရှိနေတာလေ. . . မောင်မောင်ဘာတွေပြောနေနေ. . . ယုစံအတွက်တော့ မောင်မောင်ဟာ အမှန်စကားပဲပြောမယ်လို့ ယုစံကယုံတယ်၊ ခုချိန်မှာ ယုစံမရှိတော့ပေမယ့်. . . ယုစံဟာ. . . မောင်မောင့်ကို ယုံကြည်မှု ချစ်ခင်မှုအပြည့်နဲ့ ဘဝတစ်ခုကူးသွားတာမို့ ကျွန်မကတော့. . . ကျေနပ်တယ်. . . ယုစံ. . . သူ့ရောဂါနဲ့သူခံနိုင်ရည် မရှိတော့တဲ့အချိန်မှာ မောင်မောင်ဘေးမှာရှိနေသင့်လျက်နဲ့ ရှိမနေတာကလွဲရင်. . . ယုစံအားလုံးကို ကျေနပ်ပါတယ်လို့ ကျွန်မယုံတယ်"

သူမပြောတာတွေကို ကျွန်တော်နားလည်တယ်။ ခံစားလို့ရတယ်။ ဒါပေမယ့် ကျွန်တော့်လိုရင်းက တစ်ခုမှမရောက်သေးဘူး။ ကျွန်တော်သိချင်တာက ပထမ မောင်မောင်ဘယ်မှာလဲ။ ဒုတိယ. . . မောင်မောင်ဘယ်မှာရှိလဲဆိုတာ ယုစံသိသွားခဲ့လား။ ဒါပါပဲ။ ဒါပေမယ့် ကျွန်တော်ဘယ်လို ဆက်မေးရမှန်း မသိဘူး။

ရွှေပိုးမျှင်ကတော့ သူမဧည့်ခန်းက. . . သူမမိဘနှစ်ပါးပုံအောက်က show case တစ်ခုပေါ်မှာ မောင်မောင်နဲ့ ယုစံပုံလေးကို တွဲတင်ထားလိုက်တယ်။ ပြီးဓာတ်ပုံတွေကို သေချာကြည့်ပြီး. . . မဆိုင်တဲ့ စကားတစ်ခွန်းကိုဆိုတယ်။

"လောကမှာ. . . သိပ်ချစ်ကြပါလျက်နဲ့ မဆုံစည်းနိုင်တဲ့. . . ဆုံစည်းခွင့်မကြုံတဲ့လူတွေ ဘယ်လောက်တောင်များလဲ မသိဘူးနော်" တဲ့။

ကျွန်တော် ဘာပြန်ပြောရမှာလဲ။ ဟုတ်တယ်နော်. . . လို့



ထောက်ခံချက်မပေးဖြစ်ပေမယ့်. . . သူမကို စူးစူးနစ်နစ်ကြည့်လို့ ခေါင်းညိတ်ပြလိုက်တယ်။ ကျွန်တော့်ဆုံစည်းခွင့်ကိုလည်း ကျွန်တော်စိုးရွံ့မိတာပါပဲဆိုတာတော့ မပြောဖြစ်ပါဘူး။

အချိန်မှ မတန်သေးဘဲ။

"ခု. . . မောင်မောင်ဘယ်မှာရှိလဲဆိုတာ ကျွန်မသိပေမယ့်၊ ရှင့်ကိုပြောပြလို့ မရဘူး. . . ဘာလို့လဲဆိုတော့. . . ကျွန်မ. . . ယုစံကိုတောင် မပြောပြခဲ့တာ. . . ရှင့်ကိုလည်း မပြောပြချင်ဘူး. . . ပြောလို့ရတာတစ်ခုကတော့. . . ခုချိန်ထိ. . . မောင်မောင်. . . ကောင်းမွန်စွာရှိနေသေးတယ်ဆိုတာပါပဲ. . ."

ကျွန်တော်မျက်မှောင်ကြုတ်ရင်းပြန်မေးမိတယ်။

"ဒါဆိုရင်. . . မောင်မောင့်မှာအကြောင်းတစ်ခုတော့ ရှိရမှာပေါ့"

"သိပ်သေချာတာပေါ့. . . အရမ်းကိုခိုင်မာတဲ့ အကြောင်းတစ်ခုရှိပါတယ်"

"ဒါကို. . . ယုစံအပါအဝင်သူ့အုပ်စုလို့ လူသိများတဲ့ ပြဿနာတို့အုပ်စုက မသိဘဲ. . . ဘာလို့ရွှေပိုးမျှင်ဆိုတဲ့ ခင်ဗျားက သိနေရတာလဲ"

သူမက တစ်ချက်ပြုံးတယ်။ သူပြုံးတော့မှပဲ. . . ကျွန်တော့်မေးခွန်းတွေ စည်းသိပ်ကျော်နေပြီဆိုတာ ကျွန်တော်သိလိုက်တယ်။ ဒါပေမယ့် မရတော့ဘူး။ မေးခွန်းက ကျွံထွက်သွားခဲ့ပြီ။

"လောကကြီးမှာ. . . ရည်ရွယ်မထားတဲ့ တိုက်ဆိုင်မှုတွေရှိတတ်ပါတယ်. . . သူတို့ရည်ရွယ်ချက်ရှိရှိတည်ဆောက်ခဲ့ကြတဲ့ အုပ်စုထဲမှာ မတိုက်ဆိုင်နိုင်တာတွေရှိနိုင်သလို. . . မရည်ရွယ်ဘဲ. . . ဘေးကလေ့လာနေတဲ့ ကျွန်မနဲ့မှလာတိုက်ဆိုင်တဲ့အဖြစ်အပျက်တွေလည်းရှိတာပဲ. . . ဒါကို ရှင်လက်ခံလား"

www.burmeseclassic.com

www.burmeseclassic.com



"လက်ခံပါတယ်"

'မောင်မောင်က. . . ကျွန်မအစ်ကိုလိုခင်တွယ်ရတဲ့ လူတစ်ယောက်နဲ့ ပတ်သက်နေတယ်. . ."

"သြော်. . ."

"ကျွန်မ. . . မပြောချင်တဲ့ဆန္ဒရှိတဲ့နေ့ကျရင်. . . ဒါမှမဟုတ် အကျိုးအကြောင်းတိုက်ဆိုင်လာခဲ့ရင်. . . ကျွန်မပြောပြပါ့မယ်. . . အခုတော့လဲဆိုတော့. . . ရှင်က. . . အပြင်လူတစ်ယောက်ဖြစ်နေလို့ပဲ"

"အပြင်လူ. . ."

ကိုယ့်ဘာသာကိုယ် သံယောင်ရေရွတ်မိတဲ့ အသံကိုတောင် ကျွန်တော် မမှတ်မိချင်ဘူး။ 'အပြင်လူ' ဆိုတာ ဘာအဓိပ္ပာယ်လဲ။ ပြဿဒါးတို့ Lost Horizon တို့နဲ့ ကင်းလွတ်တဲ့ အပြင်လူကိုဆိုလိုတာလား။ ဒါမှမဟုတ် သူမရဲ့စည်းဝိုင်းအပြင်က လူလို့ဆိုလိုတာလား။ သူမကတော့ ကျွန်တော်ရေရွတ်သံကိုကြားလျက်နဲ့ အဲဒီစကားလုံးကို မဖြေရှင်းပါဘူး။ တချို့နေရာတွေမှာ ဖြေရှင်းချက်တွေက ပို့ရှုပ်တတ်တယ်ဆိုတဲ့. . . ကလေးတွေကို စာသင်တဲ့ဆရာကြီး သီလရဲ့အယူအဆက ဒီမှာလာမှန်နေသလိုပဲ။

သူမက. . . ယုစံရဲ့ပစ္စည်းတွေကို တစ်စုတစ်စည်းတည်းပုံပေးပြီး ကျွန်တော့်ကိုစာရွက်လေးတစ်ရွက်လာချပေးတယ်။

"ဘယ်လိုသဘောမှတော့ မဟုတ်ဘူး၊ ငယ်ငယ်တည်းက အလုပ်ခွင်ထဲမှာ အသားကျနေတဲ့ကျွန်မ. . . အကျင့်ပါနေလို့. . . ဒါ ပစ္စည်းစာရင်းပါ. . . ကျွန်မကပေးသူနေရာမှာ လက်မှတ်ထိုးထားတယ်၊ ရှင်ကယူသူနေရာမှာ လက်မှတ်ထိုးပေးပါ"

ပထမတော့ ကျွန်တော်အံ့ဩတဲ့အကြည့်နဲ့ကြည့်မိသေးတယ်။ ဒါပေမယ့် ကျွန်တော်တို့ဟာ ကြားလူတွေဖြစ်တယ်ဆိုတာ သဘောပေါက်လိုက်တဲ့အခိုက်မှာပဲ ကျွန်တော်လက်မှတ်ထိုးပေးလိုက်ဂယ်. . .။





"ကျေးဇူးတင်ပါတယ်. . . ကျွန်မကူသယ်ပေးပါ့မယ်. . ."

ပစ္စည်းတွေကို သူမကပဲ စ,မတာမို့ ကျွန်တော်ဆက်ထိုင်နေလို့မရတော့ဘူး.။ ပြန်ရတော့မယ်။ ကားပေါ်ကို ပစ္စည်းအားလုံးရောက်သွားတဲ့အချိန်မှာ ကျွန်တော်သတိတရပြောဖြစ်တယ်။

"ယုစံ. . . ကျွန်တော့်ကားကိုငှားတာ. . . ဝေဇယန္တာလမ်းမပေါ်က. . . ယုစံလိပ်စာကိုရှာတော့ ကျွန်တော်အဲဒီလမ်းပေါ်တစ်ခါပြန်ရောက်သေးတယ်. . . နောက်မှ. . . Lost Horizon လိပ်စာကိုရတာ. . . ခု. . . ခင်ဗျားတို့အိမ်ကျပြန်တော့လည်း ဝေဇယန္တာလမ်းနဲ့ ဘာမှမဆိုင်ပြန်ဘူး"

ကျွန်တော့်စကားကို သေသေချာချာနားထောင်ပြီးမှ ရွှေပိုးမျှင်က တအံ့တဩမေးတယ်။

"ယုစံကိုတွေ့တာ ဘယ်မှာ"

"ဝေဇယန္တာလမ်းမပေါ်မှာ. . ."

"ဘယ်နားလောက်မှာလဲ"

"မပြောတတ်ဘူး. . . ခန့်မှန်းအရကတော့. . . ၁၆ ကွေ့နားဝန်းကျင်ပဲထင်တယ်. . ."

ရွှေပိုးမျှင်ရဲ့မျက်နှာက. . . လေးနက်ငြိမ်သက်သွားတယ်။ တစ်စုံတစ်ခုကို စဉ်းစားနေပုံပဲ. . .။

"ဘာဖြစ်သွားတာလဲ. . ."

ကျွန်တော်က မေးတော့သူ. . . ဖြေပါတယ်. . .။

"ကျွန်မစဉ်းစားနေတာ. . . သူ. . . အဲဒီနားကို ဘာလို့ရောက်သွားရသလဲဆိုတာ. . ."

"ကျွန်တော်ကတော့ ဘယ်လိုမှမသိနိုင်ဘူး. . . ခင်ဗျားဘဲမှ စဉ်းစားရင်အဖြေထွက်လာနိုင်ဦးမယ်. . ."

ကျွန်တော့်စကားကြောင့် သူမပြုံးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"စဉ်းသာစဉ်းစားနေရတာ. . . အဖြေက ရှိနေသလိုပဲ. . . ဒါပေမယ့် အဲဒီရှိနေတဲ့အဖြေက ကျွန်မလိုချင်တဲ့အဖြေမဟုတ်ဘူး"

"ဘယ်လို. . . ဘယ်လို"

"ရှင်နားလည်ဦးမှာ မဟုတ်ဘူး. . . ဒါတွေကိုလည်း ကျွန်မ ပြောပြစရာတွေကို ပြောပြဖြစ်တဲ့နေ့ကျမှ ထည့်ပြောပါ့မယ်"

"ကောင်းပါပြီ"

"ကျေးဇူးတင်ပါတယ်. . ."

သူက ကျေးဇူးတင်တယ်တဲ့. . .။ ဘာအတွက်လဲ။ သေချာတာကတော့ သူမလေသံက ရွဲ့တာမဟုတ်ဘူး။

"ဘာအတွက်ကျေးဇူးတင်တာလဲ"

"အတင်းဆက်မမေးတဲ့အတွက်. . ."

"ကျွန်တော့်မှာ မေးခွင့်မရှိပါဘူး. . . သိခွင့်ရှိတဲ့နေ့ကျရင်တော့ သိချင်ပါတယ်. . ."

"ကျွန်မ ကြိုးစားပါ့မယ်. . ."

သူမ. . . လက်ပြန္ဓတ်ဆက်ကျန်ခဲ့တဲ့ ညနေရီဟာ. . . ကမ္ဘာမှာ အမှုန်အမွှားဆုံးနဲ့ အလှပဆုံးညနေခင်းတစ်ခုဖြစ်နိုင်တယ်။ စိတ်ပျက်စရာကောင်းလောက်အောင် မှုမမှန်တဲ့ တိမ်တချို့နဲ့ မှုန်မှိုင်းနေတဲ့ ကောင်းကင်ပြင်ဟာ. . . သူမရဲ့လက်တစ်ဖက်အလှုပ်မှာတင်. . . လင်းချင်းလှပသွားသလိုပဲ။ အဲဒီပဥ္စလက်ဖြူဖြူလေးတွေနဲ့သူဟာ. . . ကျွန်တော့်ကမ္ဘာကို ကိုင်လှုပ်ထားရစ်ခဲ့ပြီ။ ဘယ်အချိန်ကျမှ ကျွန်တော် တည်ငြိမ်ခွင့်ရမှာတဲ့လဲ။ ကျွန်တော့်ကမ္ဘာလေးကို ပိုးမျှင်လေးတွေနဲ့ ရစ်သိုင်းချုပ်ကိုင်တည်ငြိမ်ထားစေချင်နေခဲ့တယ်။

* * *

## အခန်း (၁၀)

ယုစံပစ္စည်းလေးတွေကို ပြသဒါးနဲ့ ကျွန်တော်ကားဂိတ်ကိုသွားပို့ပေးလိုက်တယ်။ ကားဂိတ်က ယုစံတို့အဖေကုန်တွေဝယ်တင်နေတဲ့ ကားဂိတ်မို့ အစစအရာရာ အဆင်ပြေပါတယ်။ အပြန်မှာ. . . ပြသဒါးက. . . ဇာနည်ပါးတဲ့စကားကို ကျွန်တော့်ဆီ တင်သွင်းတယ်။

"အစ်ကို"

"အင်. . ."

"ဇာနည်က မှာလိုက်တယ်"

"ဘာတဲ့လဲ"

"သူ့ရွှေပိုးမျှင်ကလေးကို စောင့်ရှောက်ပေးပါ. . . တဲ့"

"အာ. . ."

သူ့စကားက ဘာလိုလိုကြီး။ ကျွန်တော့်လှမ်းချင်နေတဲ့ ခြေလှမ်း

www.burmeseclassic.com

www.burmeseclassic.com



တွေကို ပျက်ယွင်းသွားစေတယ်။ ကျွန်တော့်ရဲ့ 'အာ'ကို ပြဿဒါးက ရယ်တယ်။

"မအာပါနဲ့အစ်ကိုရာ. . . ဇာနည်က. . . တစ်သက်လုံး စောင့်ရှောက်ခွင့်ရရင်လည်း စောင့်ရှောက်သွားဖို့ပါ. . . ပြောပါတယ်"

"ဟာ. . . ဘာလဲကွ"

ကျွန်တော်. . . အယောင်ယောင်အမှားမှားနဲ့ငြင်းမိတယ်။ ကျွန်တော့်ကိုကြည့်ပြီး ပြဿဒါးကတော့ လှိုမ့်ရယ်တော့တာပဲ။

"ဘာရယ်တာလဲ"

"ဩော်. . . အစ်ကိုငြင်းတာကိုကြည့်ပြီး ရယ်တာပါ"

"ဘာရယ်စရာပါလဲ"

ကျွန်တော့်အမေးကိုဖြေဖို့ ပြဿဒါးက ခဏလေးမျက်မှောင်ကြုတ်စဉ်းစားလိုက်သေးတယ်။ ပြီးမှ. . .

"ညော့်သည်သွားလုပ်တဲ့အချိန်မှာ. . . ဗိုက်ကဆာနေတယ်၊ ဥပမာနော်. . ."

"ဘာဆိုင်လဲ"

"ဆိုင်တဲ့ထိပြောမှာပါ. . . ဗိုက်ဆာနေချိန်မှာ အိမ်ရှင်က ကော်ဖီနဲ့ မုန့်ချကျွေးတယ်၊ ဒါပေမယ့်. . . အိမ်က ရင်းထဲ့အိမ်မဟုတ်ဘဲ စိမ်းနေတော့. . . ဟန်လုပ်ငြင်းရတယ်။ ဟာ. . . မလုပ်ပါနဲ့. . . အားနာစရာ. . . ကျွန်တော်မသောက်တော့ဘူး. . . အဲ. . . အဲလိုမျိုး"

သူ့ဥပမာကြောင့် ကျွန်တော်ပါရယ်မိတယ်။ ဒါဆိုသူတို့က ကျွန်တော်ဆာနေတာကိုသိတယ်ဆိုတဲ့သဘောပေါ့။ ဒါပေမယ့် သေချာတာကတော့ ရွှေပိုးကောင်ဟာ ကျွန်တော့်ကို ဇာနည်ချကျွေးတဲ့မုန့်တော့ မဖြစ်နိုင်ဘူးဆိုတာပဲ။ ရချင်းရကျွန်တော်က. . . ဂံကြမ္မာဆီကရတဲ့ လက်ဆောင်ပဲဖြစ်သင့်တာပေါ့။ ရွှေပိုးမျှင်ကို ဇာနည်ပိုင်တာမှ မဟုတ်တာ။



နောက်တစ်ခုက. . . ကျွန်တော်. . . ဒီဖြစ်စဉ်ကို ဝန်ခံလိုက်သည့်တိုင် ပြဿဒါးကိုတော့ ဆရာ့မတင်မိဖို့လိုတာကိုလည်း မေ့လို့မဖြစ်ဘူး။

"ဘာတွေနေတာလဲအစ်ကို. . . ဘယ်လိုဆက်ငြင်းရင် ကောင်းမလဲလို့လား"

"မဟုတ်ပါဘူး. . . ဘယ်လိုသိလဲစဉ်းစားနေတာ"

"အင်း. . . ဒါတော့. . . ပြောရခက်တယ်. . . ကျွန်တော်တို့ ထက်စာရင် ဇာနည်ကသိတာ. . . ဇာနည်က. . . မြွေမြွေချင်းခြေမြင်တယ် ပြောရမှာပေါ့"

ကျွန်တော်ရှက်ရယ်,ရယ်မိတယ်။ ကျွန်တော်သိပ်သိသိသာသာ နေတာလည်း မဟုတ်ပါဘဲ ဒီကောင်က သိတယ်ဆိုတော့ ပြဿဒါး ပြောသလို မြွေမြွေချင်းမို့ခြေမြင်တယ်လို့ ပြောရုံကလွဲရင် ဘာစကားမှ မရှိနိုင်တော့ဘူးလေ။

ကျွန်တော်. . . ပြဿဒါးကိုဝန်ခံလိုက်တယ်။

"အင်း. . . ဟုတ်တယ်. . . ဒါ. . . ငါ့ဘဝမှာ ပထမဆုံးဖြစ်ဖူးတဲ့ခံစားမှုပဲ. . . သူ့ကိုမမြင်ဖူးခင်. . . သူ့ဘဝကိုသိကတည်းက စိတ်ဝင်စားနေခဲ့တာ. . . တွေ့တော့ ပိုဆိုးသွားတယ်. . . ငါနေမကောင်းတဲ့ အချိန်မှာ ထပ်ရောက်လာတော့. . . ရောဂါတိုးတော့တာပေါ့"

"ခုကော. . ."

"ဒီတိုင်းပဲ. . ."

"ဘာကြေညာပြီးပြီလဲ မေးတာ"

ပြဿဒါးကတော့စ,ပြီ။ ကျွန်တော်ပဲ. . . သူ့မေးခွန်းတွေကို သတိထားဖြေရင်း သူ့အကြံကို မတော်တဆလေးတောင် မယုံမိအောင် ကြိုးစားရတော့မယ်။

"ဘာမှ မကြေညာရသေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"စောသေးတယ်"

"ဘာ. . ."

ကျွန်တော့် 'ဘာ'ကြောင့် ပြဿဒါးက ရယ်တယ်။

"ဩော်. . . စောသေးတယ်ဆိုတာတွေ ဘာတွေ အချစ်မှာ မရှိဘူးလို့ပြောမလို့ပါ"

"တောင်းပန်ပါတယ် ပြဿဒါးရာ. . . ငါ့ကိုတော့ ဖာနည်လို အကြံပေးမှုတွေညွှန်ကြားမှုတွေ မလုပ်ပါနဲ့"

ပြဿဒါးက လက်ကာငြင်းတယ်။

"အာ. . . အစ်ကို့ကို ကျွန်တော်က ဘာမှမလုပ်ပါဘူး"

"ကျေးဇူးတင်ပါတယ်ကွာ. . ."

ကျွန်တော့်စကားကြောင့် ပြဿဒါးက ရယ်တယ်။ ပြီးမှ. . . စကားလမ်းလွှဲတယ်။

"ဩော်. . . အစ်ကို. . ."

"ပြော. . ."

"ယမင်းတို့စုံတွဲတောင်ရွှေ့အပတ်ထဲ မင်္ဂလာဆောင်တော့မယ်"

"ဟုတ်လား. . . ကောင်းတာပေါ့. . ."

"အစ်ကိုလာနော်. . . ကျွန်တော်ကလူပျိုရံ. . ."

လူပျိုရံဖြစ်ရတာကို ကော်လာလေးထောင်ပြနေတဲ့ ပြဿဒါးကို ကျွန်တော်မရယ်မိပါဘူး။ သတို့သားဖြစ်ခွင့်မရလိုက်တဲ့ မောင်မောင့်ကိုပဲ သွားသတိရတယ်။

"မောင်မောင့်ကိုတောင်. . . သတိရတယ်. . . ဒီကောင်က အားလုံးထက်အရင်ဆောင်မှာလို့ ပြောထားခဲ့တာလေ"

တိုက်ဆိုင်တာလား မသိဘူး။ ပြဿဒါးကလည်း မောင်မောင့်ကို သတိရသွားတယ်. . . ထင်တယ်။ ကျွန်တော်. . . မောင်မောင်ဘယ်မှာ ရှိတယ်ဆိုတာ ရွှေပိုးမျှင်သိနေတယ်ဆိုတဲ့အကြောင်းလေး. . . ပြဿဒါး တို့ကို ပြောမထားခဲ့ဘူး။ ကျွန်တော်သိတာမှ မဟုတ်တာ။ ကျွန်တော် သိခွင့်ရခဲ့ရင်တောင် ပြောဖြစ်မဖြစ် မသေချာဘူး။ အခြေအနေက ရှိသေးတယ်လေ။

"ဒီကောင်သာရှိရင်. . . မေလ တစ်ရက်တည်းက ဆောင်ပြီးပြီ"

ပြဿဒါးရဲ့ဆက်လာတဲ့စကားကြောင့် ကျွန်တော်ယုစံကိုသွား သတိရတယ်။

"ဧပြီလ. . . ၃၁ ရက်. . . တဲ့"

ကျွန်တော်တို့နှစ်ယောက်သားတိတ်ဆိတ်သွားကြတယ်။ မှန်မှန် ထွက်ပေါ်နေတဲ့ ကားစက်သံတွေက လူတွေကို [illegible]မောင်း ခေါ်သွားနိုင်ခဲ့ပေလို့ပဲ။ မဟုတ်ရင် ကျွန်တော်တို့နှစ်ယောက်တော့ မလွယ်ဘူး။

ကျွန်တော်တို့ကားက တစ်ဘီးချင်းလိမ့်နေတာမို့ နောက်က ကားက အတင်းကြီးလမ်းတောင်းပြီး ကျော်တက်ဖို့ကြိုးစားတာနဲ့ ကျွန်တော်လမ်းဖယ်ပေးလိုက်တယ်။

"သူ့ကြီးခေါ်လင်နောက်လိုက်သွားတာလား မသိဘူး"

ပြဿဒါးက စိတ်ပျက်ဟန်နဲ့ပြောတယ်။ ကျော်တက်သွားတဲ့ ကားလေးက ပြိုင်ကားအပြာနုလေး။ မောင်းတဲ့သူအပါအဝင်မှ နှစ်ယောက်ပဲထိုင်လို့ရတဲ့ကားမျိုး။ အဲဒီကားကို ဖျပ်ခနဲလှည့်ကြည့်လိုက်တဲ့ ပြဿဒါးရဲ့အကြည့်က ပထမတော့ 'ဘု'ကြည့်ပဲ။ ချက်ချင်းမှာပဲ အကြည့်ကပြောင်းသွားတယ်။ အံ့သြငြိမ်သက်သွားပြီးမှ လှုပ်လှုပ်ရှားရှား ဖြစ်လာတယ်။

"မောင်မောင်. . ."

"ဘာ. . ."

ရုတ်တရက်မို့ သူ့အသံက မပီပြင်တာ မဟုတ်ပေမယ့် ကျွန်တော်ကြားလိုက်ရတဲ့အသံက မသဲကွဲချင်ဘူး. . .

www.burmeseclassic.com



"မောင်. . . မောင်မောင်"

"ဘယ်မှာလဲ"

"ခုနက ကျော်တက်သွားတဲ့ကားမှာ. . ."

ကျွန်တော်တို့ကို မကျော်ခင်တည်းက အလောသုံးဆယ်ဖြစ်နေတဲ့ကားဟာ ကျော်လည်းကျော်ပြီးရော. . . လေးကနေလွှတ်လိုက်တဲ့မြားလို. . . တဟုန်ထိုးမောင်းသွားတာ. . . တော်တော်လေးတောင်ဝေးသွားပြီ။ ဒါပေမယ့်. . . ကျွန်တော် ဘယ်သူ့သဘောတူညီချက်မှမပါဘဲလီဗာကို ဖိနင်းပစ်လိုက်တယ်။ ရှေ့က ကားနောက်ကိုလိုက်ဖို့ ကြိုးစားတာပါ။ ပြဿဒါးကလည်း သဘောတူညီပုံရတယ်။ ကျွန်တော့်ကို သတိထားခိုင်းတာကလွဲရင် မလိုက်ဖို့မပြောဘူး။

ဒါပေမယ့်. . .

တကယ့်ကို ဒါပေမယ့်ပါပဲ. . .။ မီးပွိုင့်တစ်ခုမှာ ကျွန်တော်တို့ကျန်ရစ်ခဲ့ကြတယ်။ မီးနီဖြတ်လို့မရတာထက်ကို ကားကြောက တအားကိုရှုပ်နေခဲ့ပြီ။ ဟိုကြားဒီကြားအလုအယက်တိုးဝင်ပျောက်ကွယ်သွားတဲ့ကား ကလေးကိုကြည့်ပြီး ကျွန်တော်တို့တိုင်ပင်မထားဘဲ လေပူတစ်ချက်ကို ပြိုင်တူမှုတ်ထုတ်မိကြတယ်။

ဒီတော့မှ ကျွန်တော်သူ့ကိုမေးရတယ်။

"မောင်မောင်ဆိုတာသေချာလား"

"သေချာတယ်. . . ရုတ်တရက်ဆိုတော့ အမြင်မှားတာလားထင်မိတာ. . . သူ့ကိုသတိရပြီး သူ့အကြောင်းပြောနေတဲ့အချိန်မို့. . . စိတ်ထင်တာလားပေါ့. . . ဒါပေမယ့်. . . ကျွန်တော်တို့က မှားစရာမရှိတဲ့ လူတွေလေ. . ."

ကျွန်တော် မျက်မှောင်ကြုတ်လိုက်မိတယ်။

"သူကကော. . . မင်းကိုမမြင်ဘူးလား"

"မသိဘူး. . . သူ တပ်နေကျ. . . မျက်မှန်အနက်တော့ တပ်ထားတယ်. . ."

"ပုံစံကကော. . . အဆင်ပြေပြေပဲလား"

"ဘာကိုမေးတာလဲ အစ်ကို. . ."

"သူ့မျက်နှာရဲ့ အနေအထားကိုမေးတာ. . . လန်းဆန်းနေလား၊ ပုံမှန်လား၊ ညှိုးနေလား မေးတာ"

"ကျွန်တော့်အထင်တော့. . . သူတစ်ခုခုတို့တွေးတော ပြုံးလျှော့ထားတဲ့ပုံမျိုး. . . ကားနောက်မှီကို မှီပြီးထိုင်နေတယ်. . ."

"ကားမောင်းတာက. . ."

"ကျွန်တော်မသိဘူး"

"ကားနံပါတ်ကတော့. . . ၆က/. . . ပဲ. . ."

ကားနံပါတ်ကိုရွတ်ပြတဲ့အတွက် ပြဿဒါးက ကျွန်တော့်ကိုတအံ့တဩကြည့်တယ်။ အဲဒီအံ့ဩကြည့်ထဲမှာ ကောက်ရိုးပုံထဲကျသွားတဲ့အပ်တစ်ချောင်းရဲ့အရိပ်တွေပါနေတယ်. . . ဘာတတ်နိုင်မှာလဲ။ ကျွန်တော်တို့ ရေနစ်နေတာ မဟုတ်ပေမယ့် ဒီနံပါတ်တစ်ခုဟာ လောလောဆယ်တော့ ကောက်ရိုးတစ်မျှင်ပဲ။ မသေချာမှုတွေများတဲ့အထဲမှာ ကျွန်တော်တို့ ဒီကားကိုတစ်နေ့နေ့ ပြန်မတွေ့နိုင်လောက်ဘူးဆိုတဲ့ မသေချာမှုလည်း ပါနေနိုင်တာပဲ။ အဲဒီအခါကျရင်တော့ သေချာမှုတစ်ခုကိုတွေ့ကြရမှာပါ။

❄ ❄ ❄





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ကျွန်တော်က ပစ္စည်းတွေ အောင်မြင်စွာရောက်သွားကြောင်း အကြောင်းမရှိအကြောင်းရှာ သတင်းပို့ပြီးတဲ့အချိန်မှာ. . . မောင်မောင့်ကို ရုတ်တရက်တွေ့လိုက်တဲ့အကြောင်းပါ. . . တမင်ပြောပြဖြစ်လိုက်တယ်။

"မောင်မောင်. . . ဟုတ်လား"

"ဟုတ်တယ်"

"ယုစံရဲ့မောင်မောင်လား. . ."

"ရော်. . . ခက်ပါသော်ကော. . . ခင်ဗျားကော, ကျွန်တော်ပါ သိတဲ့မောင်မောင်က ဒီမောင်မောင်ပဲရှိတာလေ. . ."

ရွှေပိုးမျှင်ရဲ့အသံက စက္ကန့်တချို့ကြာတဲ့ထိ တိတ်သွားတယ်။ ပြီးမှ. . .





"ဘယ်မှာတွေ့တာလဲ"

"လမ်းမှာ. . . အဲ. . . ကားတစ်စီးပေါ်ပါသွားတာ. . ."

"ကား. . . ဟုတ်လား. . . ဘာကားလဲ"

"၆က/. . ."

ကားနံပါတ်ကိုပြောပြလိုက်ပေမယ့် ရွှေပိုးမျှင်ဆီက ဘာတုံ့ပြန်သံမှ ရောက်မလာဘူး။ မဆီမဆိုင်တဲ့စကားတစ်ခွန်းတိုပဲ ကြားလိုက်ရတယ်။

"ဩော်. . . ရှင့်ကို မေးစရာရှိတာနဲ့အတော်ပဲ"

"မေးလေ. . ."

"ကျွန်မ. . . ရှင့်ကားကို (၅)ရက်လောက်ငှားချင်တယ်"

"ခရီးထွက်မလို့လား. . ."

"မဟုတ်ဘူး. . . တစ်နေ့လုံး မဟုတ်ဘူး၊ မနက်ရုံးသွား ညရုံးပြန်. . . ဒီလောက်ပဲ. . . ကျွန်မတို့ရုံးက ဖယ်ရီ. . . ကား body ပြင်ဆေးမှုတ်မှာမို့လို့. . . ကျွန်မဘာသာဆို အရေးမကြီးပါဘူး. . . သူတို့က Taxi ခပါ ထုတ်ပေးလို့. . . တခြား Taxi ငှားလည်း ကျွန်မတစ်ခါတလေပြန်ရတာ နောက်ကျတော့ မငှားချင်ဘူး. . . အဲဒါနဲ့ ရှင့်ကို သတိရပြီး. . ."

အရေးထဲ ရှည်ရှည်ဝေးဝေးရှင်းပြနေသေးတာမို့ ကျွန်တော် ပြုံးချင်သွားရတယ်။ သူ ကျွန်တော့်ကားကို ဘာကြောင့်ငှားရတယ်ဆိုတာကို သေသေချာချာရှင်းပြနေတာလေ။ ကြည့်ရတာ ကျွန်တော်က အကူအညီပေးပြီး လာကြိုဖို့လုပ်နေမှာစိုးပုံလည်း ရတယ်ထင်တယ်။ ပိုက်ဆံမယူမှာစိုးလို့ ရှင်းပြနေတာနဲ့လည်း တူတယ်။ ကျွန်တော်က ရပါတယ်ဆိုပြီး သူသဘောအတိုင်းလုပ်ရုံပါပဲ။ စဉ်းစားကြည့်ပါ။ ဘယ်ဘက်ကကြည့်ကြည့် ကျွန်တော့်အတွက် အမြတ်ပဲ။ မိုးလင်းတာနဲ့ သူ့မျက်နှာမြင်ရမယ်၊ သူ့ကိုလုံခြုံစိတ်ချစွာ ပြန်ကြိုပေးရမယ်၊ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်တောင် ကောင်းတဲ့အခွင့်အရေးလဲ။ သူ့ရုံးက ဖယ်ရီကိုပဲ ထိုင်ရှိခိုးထားချင်တော့တယ်။

"ကျွန်တော်လုပ်ပေးပါ့မယ်"

"ဘယ်လောက်ယူမလဲဟင်"

"ရုံးကပေးသလောက်ယူမှာပေါ့"

"ဟင်. . . ပြောပါ. . . ယူနေကျဈေးပြောပါ. . ."

"ကျွန်တော်ယူမယ့်ဈေးက ရုံးကပေးတာထက်နည်းမှာစိုးလို့ ပေးသလောက်အကုန်ပဲ. . . ကျွန်တော့်ကိုပေးပါ"

ကျွန်တော့်စကားကြောင့် သူမရယ်ပါတယ်။

"ဒါဆို ရုံးကပေးတဲ့ကားခက အရမ်းနည်းနေရင်ကော. . ."

"ကံပေါ့ဗျာ"

"ဟင်းဟင်း. . . ဒီကားသမားက ဈေးညှိရတာ အရမ်းအဆင်ပြေတယ်နော်. . . ဒါကြောင့် တခြားကားကိုဈေးမမေးတော့ဘူး. . . မနက်ဖြန်ပဲလာခဲ့တော့. . ."

"ကောင်းပါပြီဗျာ"

သူမဘက်က ဖုန်းချသွားတဲ့ထိစောင့်ပြီးမှ ကျွန်တော်ဖုန်းချလိုက်တယ်။ အစက ဖုန်းစဆက်တော့ ဒီလောက်အဆင်ပြေပါ့မလားလို့ တွေးမိတာ။ ခုလို အဆင်ပြေပြန်တော့လည်း လောဘက တက်လာပြန်ကော။ ငါဖုန်းစ,မဆက်လည်း ကားကိစ္စပြောဖို့အတွက် သူဆက်မှာပဲ၊ စောင့်နေလိုက်ပြီးရောလို့ တွေးမိတယ်။ ဘာလို့လဲသိလား၊ ကိုယ်က စ,ဆက်လို့ရတဲ့ ခံစားမှုနဲ့ သူ့ဆီက စ,ဆက်လို့ရတဲ့ ခံစားမှုမျိုး မတူနိုင်ဘူးလေ။

ကျွန်တော်သူ့ကို လူမမြင်ခင်စိတ်ဝင်စားနေပြီး လက်လျှော့လိုက်ချိန်မှာ ကျွန်တော့်အိမ်ထိ သူရောက်လာတဲ့ ခံစားမှုနဲ့ ကျွန်တော် သူ့အိမ်ရောက်သွားတဲ့ခံစားမှု မတူသလိုမျိုးပေါ့။





ခုချိန်မှာတော့ တကယ့်ကိုသွားသတိ၊ လာသတိပါပဲ။ အဲဒီ ဖြေ/. . . ကားအပြာလေးကို ရှာရတာ. . . လူတောင်မောချင်လာပြီ။ ပြာပြာမြင်တိုင်းပြာနေမိတာလည်း အမှန်ပဲ။ ကိုယ်ကသာ ပြာနေမိတာ ဟိုမချောလေးကတော့ ကားနံပါတ်ပြောမှပဲ. . . စိတ်မဝင်စားတော့တာ လမ်းကိုလွှဲရော။ လွှဲသွားတဲ့လမ်းက အတော်ကောင်းတဲ့လမ်းဖြစ်နေပေလို့ပဲ။

နောက်တစ်နေ့ မနက်ကျတော့. . . ရွှေပိုးမျှင်တို့ အကြို ယောက်ဖို့ အစောကြီးထွက်လာနေကျအတိုင်းထွက်ခဲ့လိုက်တယ်။ မထွက်ခင် သီလက လှမ်းအော်နေသေးတယ်။

"ဟေ့ကောင်. . . သတိလည်းထားသွားဦး"

"ဘာလဲကွ. . ."

"ဒီနေ့ ဇွန်လ(၃၁)ရက်လေ. . ."တဲ့။

ဟုတ်ပါရဲ့. . .။ ဒီနေ့ ဇူလိုင်လ (၁)ရက်နေ့။ ယုံစံဆုံးတာတောင် နှစ်လပြည့်သွားခဲ့ပြီ။ ကျွန်တော် ဒီနေ့. . . ရွှေပိုးမျှင်ကို အကြိုအပို့လုပ်ပေးရမယ်ဆိုတာ ဘယ်သူမှ မသိဘူး။ တမင်တကာကို မပြောထားခဲ့တာ။ ဒီကိစ္စကို ပြဿဒါးတို့ကိုတောင် မပြောဖြစ်ဘူး။ ဘာလို့လဲဆိုတာတော့ လာမမေးနဲ့. . . ဖြေစရာမရှိဘူး။

ကျွန်တော်. . . သူမအိမ်ရှေ့ရောက်တော့ သူမကို ဝရံတာမှာ တွေ့ရတယ်။ ကားကိုမြင်တာနဲ့ လက်လှမ်းပြပြီး တံခါးပိတ်လိုက်တာမို့ ကျွန်တော်. . . ကားထဲကပဲ ထိုင်စောင့်နေလိုက်တယ်။

" Good morning ကိုသိုးထိန်း"

ကားပေါ်ကို တံခါးဖွင့်တက်လာလာချင်းပဲ. . . သူမက နှုတ်ဆက်တယ်။ သူမတက်လာတာ နောက်ခန်းမဟုတ်ဘဲ. . . ရှေ့ခန်းမို့ ကျွန်တော်ကြိတ်ပြီး ပျော်လိုက်ရသေးတယ်။ တခြား Taxi တွေဆိုတော ရှေ့ကပဲထိုင်လားလို့ မဆီမဆိုင်တွေးလိုက်မိပြန်တာကြောင့် ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကျွန်တော် ဆုံးမလိုက်ရသေးတယ်။

"ကားခခုဏည်းက ပေးထားရရင် ကောင်းမယ်နော်"

မွှေးပိုးမျှင်က စာအိတ်ကလေးတစ်အိတ်ကို ထောင်ပြပြီးမေး တယ်။

"ကောင်းတာပေါ့. . . ကားခပေးပြီးသားဆိုတော့. . . ခင်ဗျား စိတ်တိုင်းကျကျ မကျကျစီးရတော့မှာပဲလေ"

သူမက ကျွန်တော့်စကားကို ရယ်တယ်။

"ဘယ်ရမလဲ. . . နိုင်ငံခြားမှာဆို customer ကိုကျေနပ်အောင် service မပေးနိုင်ရင် ၂ ဆပြန်အမ်းရတယ်. . . တဲ့"

"ဟုတ်လား. . . ဒါ. . . နိုင်ငံခြားမှ မဟုတ်တာ"

"ကိစ္စမရှိပါဘူး. . . ဒီကားသမားက. . . အရမ်းယုံရမယ့် ပုံပေါက်ပါတယ်"

"အရမ်းယုံရမယ့်ပုံဟုတ်လား"

သူ့စကားကိုလိုက်ပြောမေး,မေးလိုက်တာကြောင့် သူမတစ်ချက် မျက်လုံးစွေကြည့်တယ်။

"ထင်ရတာပဲလေ. . . "တဲ့။

စကားကိုလျှောချလိုက်ပြန်ရော။

"ယုံလို့ရပါတယ်. . . ပုံပြီးတော့ကို ယုံပစ်လိုက်လို့ရတယ်"

ကျွန်တော်က လျှောကျသွားတဲ့စကားကို ပြန်ကောက်ပြီး တမင် အမြင့်ဆုံးတင်ပစ်လိုက်တာပါ။ ဒါပေမယ့် အဌာရသ (၁၈)ရပ်ထက် မြင့်တဲ့ပညာတွေနဲ့ပြည့်နေတဲ့ ကုတ္တိယတွေရဲ့ ပညာရပ်နဲ့ ကာကွယ်လိုက် တယ်။ ကြည့်လေ. . .။

"အမယ်လေးစိတ်ချပါ. . . ပုံပြီးတော့ကို ယုံမှာ. . . ရော့. . . ရှင့်ကားခ. . . အကုန်ပုံပေးလိုက်ပြီ. . . "တဲ့။

ဘာတတ်နိုင်လို့လဲ. . .။ သူ့ရဲ့ပုံပေးပြီးယုံတဲ့ ကားခကိုပဲ. . .



အပိုင်သိမ်းလိုက်ရတော့တယ်။

"ခင်ဗျားရုံးသွားရတာ စောသလား"

"အင်း. . . စောတယ်. . . ကျွန်မတို့နာရီအရောက် ဝင်ရတာ၊ 8:30 လောက်ရောက်၊ uniform လဲ. . . ဘာညာနဲ့. . . ကျွန်မက အရမ်း ကြီးလောလော, လောလောပြင်ဆင်ရတာကို မကြိုက်ဘူး"

"ဒါဆို. . . ခင်ဗျားနေ့လယ်စာ ဘာနဲ့စားလဲ. . . ရုံးက ကျွေးလား"

"မကျွေးပါဘူး. . . ဒီနားက ဆိုင်လေးမှာ သွားစားရင်စား၊ မစားရင် မှာစားတယ်၊ ကျွန်မက. . . အသားငါးသိပ်မစားတော့ နည်းနည်းတော့ ကရိကထများတယ်"

"အိမ်မှာရော. . . ကိုယ့်ဘာသာကိုယ်ချက် မစားဘူးလား"

"ဟင့်အင်း. . . ကျွန်မကို ဘယ်သူကမှ မသင်ခဲ့ဘူး. . . တတ် လည်းမတတ်. . . rice cooker နဲ့တော့ ထမင်းချက်တတ်တယ်၊ အဲဒီ ထဲ ကြက်ဥထည့်ပြုတ်တတ်တယ်၊ ခေါက်ဆွဲပြုတ်တတ်တယ်၊ ကော်ဖီ ဖျော်တတ်တယ်. . . ဒါပဲ. . ."

"ခင်ဗျားအဖေနဲ့နေတည်းက အဲဒီလိုပဲလား"

"ရှင်. . ."

ကျွန်တော်ဘာကြောင့် ဒါတွေသိနေတာလဲဆိုတဲ့ ပုံနဲ့တအံ့တဩ ဖြစ်သွားပုံရတယ်။ ဒါကြောင့် ကျွန်တော်ကပဲ ပြဿဒါးတို့ပြောပြထား လို့ သူ့အကြောင်းတချို့သိနေတာကို ပြောပြဖြစ်တယ်။ ကျွန်တော့် အကြောင်းလည်းပါတာပေါ့. . . .။

"ဒါဆို. . . ရှင်လည်း တစ်ကောင်ကြွက်ပဲပေါ့"

"အင်း. . . ဒါပေမယ့်. . . ကျွန်တော့်မှာက သီလနဲ့ မင်းသော် ရယ်. . . ပြဿဒါးတို့လူစုလေးရယ် ဘေးမှာရှိနေသေးတယ်"

"ဟုတ်တယ်နော်. . . ရှင်ကမှ ဟုတ်သေးတယ်၊ ကျွန်မမှာတ

www.burmeseclassic.com

www.burmeseclassic.com



ယုစံတောင်မရှိတော့ဘူး"

"အလုပ်မှာရော. . ."

"အလုပ်သဘောအရ ဆက်ဆံနေရတဲ့အထဲမှာ. . . အရမ်းရင်းတဲ့မိတ်ဆွေစစ်. . . ဆိုတာရခဲ့ပါတယ်. . . ကျွန်မဘဝကတော့မကောင်းခဲ့လို့လား မသိဘူး၊ ကျွန်မဘဝထဲကို ယုစံနဲ့ မောင်မောင်ကလွဲရင် ဘယ်သူ့ကိုမှ ထည့်မထားဘူး. . . ယုံလည်းမယုံခဲ့ဘူး. . . ခုဆိုရှင်တစ်ယောက်တိုးလာပြီပေါ့. . . ယုစံတို့အစား"

သူမရဲ့ပွင့်လင်းလွန်းတဲ့စကားကြောင့် ကျွန်တော်ရုတ်တရက်အံ့လည်းအံ့သြ ဝမ်းလည်းဝမ်းသာဖြစ်သွားရတယ်။ သူမကြည့်ရတာအရမ်းကို lonely ဖြစ်ပုံပါပဲ။ ဒါပေမယ့် အဲဒီ lonely ဖြစ်မှုတွေ၊ ဘဝရဲ့ရုန်းကန်ရမှုတွေထဲမှာ သူမအသားကျနေပုံလည်း ရတယ်။ သူမကိုကြည့်ရတာ မပျော်ရွှင်တာကလွဲရင် စိတ်ညစ်နေတာမျိုးတော့ မတွေ့ရသလိုပဲ။

သူက ရုံးရှေ့မှာ ကားရပ်တာနဲ့ ဆင်းသွားခဲ့ပေမယ့် ကျွန်တော့်မှာ သူ့ရုံးရှေ့က ချက်ချင်းထွက်မလာနိုင်သေးဘူး။ လူတစ်ယောက်ကကားလာငှားလို့သာပဲ။ မဟုတ်ရင် ကျွန်တော်အဲဒီရှေ့မှာပဲ ရပ်နေဖြစ်လိမ့်မယ်ထင်တယ်။

ကားမှန်ရှေ့မှာ တစ်စက်တစ်စက်ကျလာတဲ့ မိုးစက်တွေကိုစိတ်ရှုပ်ထွေးစွာကြည့်ရင်း. . . အရင်မိုးဦးကျတွေလောက် စိတ်မရှုပ်မိတာကို သွားသတိထားမိတယ်။ ဘာလို့လဲ. . .။ ဘာလို့လဲဆိုတာသိရင်တစ်ယောက်ယောက်ကပြောပေးကြပါဦး။

❄ ❄ ❄



အခန်း (၁၂)

သဲသဲမဲမဲရွာနေတဲ့မိုးကြောင့် ကျွန်တော်ကားကို လမ်းဘေးထိုးရပ်ထားရတယ်။ ရှေ့ပိုးမှုန်က တအားမိုးသည်းနေတယ် ရပ်ထားပါလားဆိုတာကြောင့်လည်း ပါတာပေါ့။

"မိုးဦးကျကို ဒီလောက်ရွာနေရလား မသိဘူး"

ကျွန်တော်က မကျေမနပ်ရေရွတ်တော့ သူမကရယ်တယ်။

"ဒါမှ. . . လယ်တွေရေရမှာပေါ့. . ."

"မဟုတ်ဘူး. . . ပျိုးပင်တွေရေမြုပ်ကုန်မှာ"

ခပ်တည်တည်နဲ့ လူတတ်ကြီးတွေလုပ် ငြင်းမိပြီးမှ တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ရယ်မိကြတယ်။

"ရှင်က. . . မိုးရွာတာကို ကြိုက်လား"

"ဟင့်အင်း. . . မိုးရာသီကို, ကိုမကြိုက်တာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကတော့. . . မိုးရွာတာကို ကြိုက်တယ်. . . မိုးရေထဲကို လျှောက်ပြေးချင်တာမျိုး မဟုတ်ဘူး. . . ဝရံတာကနေ မိုးတွေညီညီ ညာညာလေးရွာချနေတာကိုကြည့်ချင်တာ. . . နောက်. . . မိုးရေကြောင့် စိမ်းနေတဲ့ သဘာဝပင်တွေကိုကြည့်ချင်တာ. . ."

"ကျွန်တော်က မိုးရွာရင် စိတ်ညစ်တယ်. . ."

"ဒါဆို. . . ခု. . . ရှင်စိတ်ညစ်နေတာပေါ့"

"အင်း. . . ခုတော့. . . မင်းရှိလို့လား မသိဘူး. . . သိပ်စိတ်မညစ်ဘူး. . . ဪ. . . ခုနှစ်နာရီတောင်ထိုးတော့မယ်. . . မင်းညစာစားပြီးပြီလား. . ."

"ဟင့်အင်း"

"ဒါဆို. . . ဆိုင်တစ်ခုရှာစားမယ်လေ. . . မိုးအစဲလည်းစောင့်ရင်း"

"ရှင်မောင်းလို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်. . . သိပ်ဝေးဝေး မမောင်းပါဘူး"

ကျွန်တော်တို့ သိပ်မဝေးတဲ့နေရာတစ်ခုမှာ. . . ထမင်းဆိုင်လေးတစ်ခုတွေ့တာနဲ့ ထမင်းဝင်စားကြတယ်။

"ရှင်က. . . နေကောင်းခါစကို. . . ဆန်ပြုတ်သောက်ပါလား"

"အာ. . . ကျွန်တော်က ဆန်ပြုတ်မုန်းတယ်"

"ဒါဆိုလည်း ခေါက်ဆွဲပြုတ်သောက်ပါလား. . . ဆရာဝန်က ထမင်းစားခိုင်းပြီဆိုပေမယ့်. . . ဆိုင်က ထမင်းတွေက မာတယ်"

ဟုတ်တော့ ဟုတ်ပါတယ်။ ဆိုင်ထမင်းဟင်းဆိုတာက များသောအားဖြင့်က,မာတတ်တာကိုး။ ကျွန်တော့်ကို ခုလိုဂရုတစိုက်ရှိတဲ့အတွက် ကျွန်တော့်ရင်ထဲ ဘယ်လိုဖြစ်သွားမှန်းတောင် မပြောပြတတ်ဘူး။ ဘဝမှာ မေမေ့ဂရုစိုက်မှုတစ်ခုကလွဲရင် ဘာမှမရခဲ့ဘူးတာမို့ ဒါဟာ ကျွန်တော့်အတွက်တော့ အဖိုးမဖြတ်နိုင်တဲ့အရာပါပဲ။





ကျွန်တော့်ကို ဦးစားပေးတာလား။ ကျွန်တော်တခြားဟာစားမှာစိုးလို့လားမသိဘူး။ သူကိုယ်တိုင်လည်း ခေါက်ဆွဲပြုတ်ပဲ မှာတယ်။

"ထမင်းမစားဘူးလား"

"ဟင့်အင်း. . . ညဘက်ရောက်လာရင် ကျွန်မထမင်းကို စိတ်မဝင်စားတော့ဘူး၊ ပုံမှန်အရလည်း ကျွန်မ. . . ထမင်းတို့နေ့လယ်တစ်ကြိမ်ပဲစားဖြစ်တာများတယ်. . . ညဘက်ဆို. . . မုန့်တစ်မျိုးမျိုးဒါမှမဟုတ်. . . ခေါက်ဆွဲပြုတ်. . . ကြာဇံပြုတ်. . . ဆီချက်ခေါက်ဆွဲ စားတတ်တာများတယ်. . ."

"ကျွန်တော်ကတော့ မိုးလင်းကနေ မိုးချုပ်ထမင်းပဲ စားချင်တာ"

ကျွန်တော်တို့ စားနေတုန်းမှာပဲ. . . မိုးကပိုသည်းလာတယ်။

"ဟော. . . မိုးကပိုသည်းလာသလိုပဲ. . ."

"အင်း. . . ဟုတ်တယ်. . . ဒါပေမယ့်. . . ခင်ဗျားနားသင့်နေပြီ. . . ကျွန်တော်ကမောင်းလို့ရတယ်နော်"

"ရှင်လည်းနေကောင်းကာစပဲ. . . နားသင့်တာပေါ့. . ."

"ရပါတယ်. . . ဒါဆို. . . စားပြီးရင် ကျွန်တော်ဖြည်းဖြည်းပြန်မောင်းသွားမယ်. . ."

ဒါပေမယ့် ကျွန်တော်တို့ ထပြန်မယ်လုပ်တဲ့အချိန်မှာ မိုးတပြန်စဲသွားတယ်။ ဘားပေါ်ရောက်ပြီး မောင်းထွက်လာတော့. . . တိတ်တောင်တိတ်သွားပြီ။ ရွှေပိုးမျှင်က သက်ပြင်းလေးချပြီး ပြောတယ်။

"တော်သေးတာပေါ့. . . မဟုတ်ရင် ရှင်မိုးရေထဲမောင်းပြန်နေရမှာ. . ."

"အဲဒါဆိုရင်. . ."

ကျွန်တော်က သူမစကားမဆုံးသေးဘူးထင်ပြီး တမင်စောင့်ပေးလိုက်တာပါ။ သူမက ကျွန်တော့်ကို မျက်စောင်းလဲ့လဲ့လေးထိုးပြီး



www.burmeseclassic.com

www.burmeseclassic.com



ပွင့်လင်းစွာပြောလာတယ်။

"အဲဒီလို... မိုးဆက်ရွာနေရင် ကျွန်မကရှင့်ကိုပြန်ဖို့ ပူနေရမှာပေါ့" တဲ့။

ကျွန်တော့်ရင်ထဲနွေးသွားတယ်။ သူမကတော့ မိန်းကလေးပီပီ စိုးရိမ်တတ်တဲ့စိတ်ကလေးနဲ့ ပြောတာလည်းဖြစ်နိုင်တယ်။ ဒါပေမယ့် လူတစ်ယောက်က ကိုယ့်အတွက် စိုးရိမ်တာကိုခံရတာ အရမ်းကြည်နူးစရာကောင်းတာတော့ သေချာတယ်ဆိုတာ ကျွန်တော်သိသွားတယ်။

"မိန်းကလေးတွေက စိုးရိမ်တတ်ကြတယ်လား"

"ဟင့်အင်း... ကျွန်မ,မသိဘူး... ကျွန်မမှာ မိန်းကလေးမိတ်ဆွေများများစားစား မရှိဘူး"

"ယောကျ်ားလေး မိတ်ဆွေရော"

"ရှိတယ်... သုံးယောက်... မောင်မောင်ရယ်၊ ရှင်ရယ်... လူတစ်ယောက်ရယ်"

လူတစ်ယောက်ရယ်... တဲ့။ အဲဒီလူက ဘယ်သူလဲ။ လူတစ်ယောက်ဆိုတာ သေချာသလို သူဟာပုရိသတစ်ယောက်ဆိုတာလည်း သေချာတယ်။ ယောကျ်ားလေးမိတ်ဆွေလို့ ဆိုတာကိုး။ မိတ်ဆွေတစ်ယောက်ကို ဘာလို့နာမည်ထည့် မပြောဘဲ... လူတစ်ယောက်လို့ သုံးနှုန်းရတာလဲ...။ အဲဒီလူက ဘာမို့လို့လဲ။

ကျွန်တော့်ရင်ထဲမှာ ကိုယ်ပိုင်မေးခွန်းတွေနဲ့ ရှုပ်ယှက်ခတ်သွားတယ်။

ကျွန်တော်က ကိုယ့်မေးခွန်းတွေနဲ့ကိုယ် ငြိမ်သက်သွားချိန်မှာ သူမကဆက်ပြောတယ်။

"ကျွန်မဘဝကို ရှင်သိတယ်... ကျွန်မဘဝမှာ လူများများ မရှိပါဘူး... ယုစံရယ်၊ မောင်မောင်ရယ်... ခုနပြောကဲ့သူရယ်... အဲဒီလူရဲ့မိသားစုလေးရယ်... ခု... ရှင်ရယ်... ဒါပဲ... ကျွန်မက



အဲဒီလူတွေအတွက်တော့ ပူပင်တတ်တယ်..."

သူမဆိုလိုချင်တာက ကျွန်တော့်ကို သူပူပင်တာဟာ ယုစံတို့ကို ပူပန်သလိုပဲလို့ ဆိုချင်တာလား။ ကျွန်တော့် အတွေးတွေကို မသိတဲ့ ရွှေပိုးမှုင်ဆိုတဲ့ကောင်မလေးက စကားကိုဆက်ပြောတယ်။

"ကိုယ်... ခင်တွယ်တဲ့သူတွေကို ကိုယ်ပူပင်တတ်တာ... ယောကျ်ားရယ်၊ မိန်းမရယ်မှ မဟုတ်ဘူးလို့... ကျွန်မထင်တယ်"

"ကျွန်တော့်မှာတော့ ကျွန်တော့်ကို ပူပင်မယ့်သူ မရှိသလို၊ ကျွန်တော်ပူပင်ပေးရမယ့်သူလည်း မရှိဘူးထင်တယ်"

ကျွန်တော့်စကားကို သူမကဘယ်လိုနားလည်သွားတယ်မသိ နိုင်ဘူး။ သိမ်သိမ်မွေ့မွေ့လေးပြုံးတယ်။ အဲဒီချိန်မှာ သူ့အိမ်ရှေ့ကို ကားကရောက်နေပြီ။

"ရှင်ထင်လို့ပါ... ကဲ... ကျွန်မသွားမယ်... Good night ရှင့်အပြန်ခရီးကိုပူပေးမယ့် ရှင့်မိတ်ဆွေညီမလေးတစ်ယောက်ရှိနေတယ်လေ..."

"ဗျာ..."

"ကဲ... သွားတော့..."

ကျွန်တော်သူ့စကားကို နာခံပြီး ထွက်ခဲ့လိုက်တယ်။ ကားကိုသာ မောင်းထွက်ခဲ့တာ စိတ်ကတော့ သူမနဲ့အတူ ကျန်ခဲ့သလိုပဲ။ သူမကတော့ အမျိုးအမည်ဖော်ပြမထားသေးတဲ့ သံယောဇဉ်တစ်ခုနဲ့ ကျွန်တော့်ကို ဆက်ဆံခဲ့တာပါပဲ။ ကျွန်တော့်မှာတော့ အဲဒီသံယောဇဉ်ရဲ့အမည်နာမ အရင်းကိုရှာဖွေစိတ်ကူးရင်း မောဟိုက်နေခဲ့တယ်။

ကောင်မလေးရယ်။

အဲဒီသံယောဇဉ်လေးတွေကို ငါလိုချင်တဲ့နာမည်လေးပေးခွင့် ပေးပါလား။

သေချာပါတယ်...။ ကျွန်တော်သူ့ကိုချစ်နေမိပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ချစ်မိသွားမှန်း ကျွန်တော့်ဘာသာကျွန်တော်တောင် မသိဘူး။ သူ့ဘဝလေးကိုသိပြီး ဘဝတူမို့ရင်ထဲရောက်သွားခဲ့တာလား၊ သံယောဇဉ်များများ မထားတတ်တဲ့ သူမရဲ့အဝန်းအဝိုင်းလေးကို နယ်ချဲ့ချင်မိတာလား၊ သူမရဲ့စိုးရိမ်ပူပန်မှုတွေကို နွေးထွေးစွာ ခံယူချင်တာလား ဒါမှမဟုတ် သူမဘေးမှာ အမြဲတမ်းအတူရှိပြီး ဖေးမပေးနေချင်မိတာကြောင့်လား။ ဘာမှန်းမသိပေမယ့် သေချာတာကတော့ ကျွန်တော် သူ့ကိုချစ်တယ်ဆိုတာပါပဲ။

အိမ်ပြန်ရောက်တော့. . . သီလနဲ့မင်းသော်ကလည်းပင်း ရှည်နေကြတယ်။

"မင်းကွာ. . . ပူလိုက်ရတာ"

ဒါက. . . မင်းသော်ရဲ့စကား။

"နာလန်ထ,ကာစကို ဒီချိန်ထိကားဆွဲရလ "

ဒါက. . . သီလရဲ့ ကရုဏာဒေါသစကား။

ကျွန်တော် ရယ်ချင်မိသွားလျက်ကပဲ. . . သူ့တို့ရဲ့သံယောဇဉ်ကိုပါ သတိပြုလိုက်မိတာမို့. . . ကျွန်တော်. . . အစ,အဆုံးပြောပြလိုက်မိတယ်။

"ဩော်. . . ဒါကြောင့်ကိုး"

သီလက ခေါင်းတညိတ်ညိတ်နဲ့ မှတ်ချက်ချတယ်။ မင်းသော်ကတော့. . .

"ကြည့်လုပ်. . . ကိုယ့်ကျန်းမာရေးလည်း ရှိသေးတယ်" တဲ့။

ဒါကို သီလကလည်း ထောက်ခံတယ်။

"အင်းလေ. . . မင်းက နေကောင်းစ,ကို"

"ရပါတယ်. . . နေ့လယ်နားမှာပေါ့. . . "

"ဟင်. . . သူများတွေက မိုးတွင်းဆိုနေ့လယ်ဆွဲကြတာ. . . မင်းစီးပွားရှာပုံက. . . စားရမဲ့များဆိုရင် ဒုက္ခ"



မင်းသော်ရဲ့စကားကြောင့် ကျွန်တော်လည်း ကိုယ့်ကိုယ်ကို မလုံမလဲဖြစ်သွားရတယ်။ ကျွန်တော့်ပုံစံက အရမ်းလွန်ကဲနေပြီလား။ လွန်တော့မလွန်လောက်ဘူးထင်တာပဲ. . .။ သူတို့ပြောပုံကလည်း အစကတော့ စေတနာနဲ့လို့ ထင်ချင်စရာပေမယ့်. . . နောက်ကျတော့ လေသံက ပြောင်းချင်ချင်ဖြစ်လာတယ်။ ကျွန်တော်က ရွှေပိုးမှုင်ကိစ္စ ပြောလိုက်မိတာကိုး။

ကျွန်တော်. . . အဲဒီညက တစ်ညလုံးတောင်းတောင်း အိပ်မပျော်ဘူး၊ အိပ်မက်တွေ အခန်းဆက်မက်လိုက်. . . နိုးလာလိုက်နဲ့. . . မိုးလင်းတဲ့ထိပဲ။ အရင်တုန်းက အိပ်မရဘူးဆိုတာကို ကြုံရတာပါရဲ့၊ အိပ်မှာတစ်ယောက်တည်း ကျန်ခဲ့တဲ့အစ,ဦးကာလတွေတုန်းကပေါ့၊ ဒါပေမယ့်. . . အဲဒီတုန်းက အိပ်မပျော်တဲ့ညတွေက ကြေကွဲမှုတွေ အုံ့မှိုးနေခဲ့တယ်။ ခုချိန်မှာတော့. . . ခံစားချက်က အဲလိုမျိုးမဟုတ်ဘူး ကြည်နူးမှုလား၊ ငြိမ်းအေးမှုလား. . . ဘာမှသိပ်မကွဲပြားချင်ဘူး။ ခွဲခြားတတ်တာလည်း ပါမှာပေါ့။

မိုးလင်းတော့. . . ကောင်းကင်တစ်ခုလုံးကြည်စင် လင်းလက်လို့။ ညက. . . သဲသဲမဲမဲရွာထားတာသူ မဟုတ်တဲ့ပုံစံနဲ့။ သဘာဝတရားကြီးက အစိုးမရသလိုပဲ. . . လူတွေရဲ့ ကံကြမ္မာကလည်း အစိုးမရပါဘူး။ မိုးသည်းထန်တဲ့ညတွေရှိသလို ခုလိုနံနက်ခင်းမျိုးလည်း ရနိုင်သေးတာပဲလို့ ကျွန်တော်တွေးနေမိတယ်။ ကျွန်တော့်ဘဝရဲ့နံနက်ခင်းအလင်းရောင်လေးဟာ. . . ခုလိုပဲလှပနိုင်မှာတဲ့လား။

မသေချာပါဘူး။

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ဒီနေ့ဟာ. . . ကားငှားထားတဲ့ (၅)ရက်ရဲ့နောက်ဆုံးနေ့ပါပဲ။ မနက်က ရုံးအသွားမှာ ရွှေပိုးမျှင်က ကျွန်တော့်ကိုမှာတယ်။

"ဒီနေ့. . . နေ့လယ် (၂)နာရီလောက်လာခဲ့နော်. . . "တဲ့။

ခါတိုင်းဆို အစောဆုံးက ငါးနာရီခွဲပဲ။ ဒီနေ့တော့ ထူးထူးဆန်းဆန်း မှာတာမို့ ကျွန်တော်အံ့ဩသွားပေမယ့် ဘာမှတော့ မမေးဖြစ်ဘူး။ နေ့လယ်ရောက်သွားတော့. . . သူမကတောင် ရုံးရှေ့က အသင့်စောင့်နေပြီ။

"ကျွန်မစောင့်နေတာကြာပြီ. . . "

"ခုမှ. . . နှစ်နာရီအတိပါ. . . "

"ဟုတ်တယ်. . . ကျွန်မစိတ်စောနေတာပါ"

"သွားစရာရှိလို့လား"



"အင်း. . . ဟုတ်တယ်. . . ဒါကြောင့်ရုံးကနေ. . . နေ့ဝက် ခွင့်ယူခဲ့တာ. . . "

"ဘယ်သွားမှာလဲ. . . ဘယ်ပို့ပေးရမလဲ"

"ဘယ်သွားမှာလဲ. . . ဆိုတော့. . . "

သူမက စကားကိုသံရှည်ဆွဲပြီးမှ ကျွန်တော့်ကိုတစ်ချက်ကြည့်တယ်။ အဲဒီအကြည့်ကို ကျွန်တော်နားမလည်ဘူး။ ဒါပေမယ့် ကျွန်တော်က. . . နားလည်လို့ မဟုတ်ဘဲ ရင်ခုန်သွားမိတယ်။

"ကျွန်မတို့ ထမင်းအရင်သွားစားရအောင်. . . ရှင်စားပြီးပြီလား"

"ဟင့်အင်း. . . "

"လာ. . . ဒါဆိုထမင်းအရင်စားမယ်"

သူပြောပုံအရဆိုရင်တော့ ထမင်းအရင်စားပြီးမှ သွားမယ်ပေါ့။ သွားမယ့်နေရာကိုတော့ မပြောသေးဘူး။ ခုမပြောလည်း နောက်သိရမှာပဲမို့ ကျွန်တော်မမေးတော့ဘူး။ သူမနဲ့ သူမညွှန်တဲ့၊ သူမစားနေကျထမင်းဆိုင်လေးကို ရောက်သွားခဲ့တယ်။ တော်ကြာ ဟိုတစ်ညကလို ခေါက်ဆွဲပြုတ်ကျွေးနေမှာစိုးလို့ ကြိုပြောထားရသေးတယ်။

"ကျွန်တော် ထမင်းစားမှာနော်"

"စားပါ. . . ညဘက်တော့ဆင်ခြင်ပေါ့. . . ဒီဆိုင်က ထမင်းက မမာဘူး"

သူမထိုင်လိုက်တယ်ဆိုရင်ပဲ ဆိုင်က သူမကိုဟင်းစုံလာချပေးတယ်။ side dish လို့ခေါ်တဲ့ ပန်းကန်လေးတွေပေါ့။

"ကျွန်မက ဒါတွေရယ်၊ ပဲကုလားဟင်းရယ်ပဲစားမှာ၊ ရှင်ကကော"

"ကျွန်တော်လည်း အဲလိုပဲစားမယ်လေ. . . "

"မဟုတ်တာ. . . တစ်ခုခုမှာစားပါ. . . "



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး. . . ကျွန်တော်လည်း ဒီ side dish တွေကို စိတ်ဝင်စားတယ်. . ."

ကျွန်တော့်စကားကြောင့် သူမကဖြစ်ရမယ်ဆိုတဲ့ အပြုံးမျိုး ပြုံးတယ်။ ပဲသီးကြော်၊ ပဲပင်ပေါက်၊ ပဲပြား၊ ပုန်းရည်ကြီး၊ ပဲနှပ်၊ ငါးချဉ်သုပ်၊ မြင်းခွာရွက်သုပ်၊ ခရမ်းချဉ်သီးငါးပိချက်၊ တို့စရာ. . . စတဲ့ ဟင်းခွက်လေးတွေက တကယ့်ကိုစိတ်ဝင်စားစရာကောင်းတာပါ။ ကျွန်တော့်ဘဝမှာက အဲလိုဖွယ်ဖွယ်ရာရာမျိုး မစားရတာကြာလှပြီပဲ။

ထမင်းစားတုန်းမှာ သူမကျွန်တော့်ကို စကားတစ်ခွန်းပြောတယ်။

"ကျွန်မ. . . ရှင့်ကိုပြောစရာရှိတယ်"

အင်း. . .။ ယောက်ျားလေးကစ,တဲ့စကားဆိုရင်တော့ ဒီစကားဟာ. . . Love scene တစ်ခုရဲ့နိဒါန်းဖြစ်သွားနိုင်တာပေါ့နော်။ ကျွန်တော့်အနေနဲ့ကတော့ သူမရဲ့ပုံမှန်လေသံအောက်မှာ မျှော်လင့်ချက်နဲ့တောင်. . . ရင်ခုန်ခွင့် မရှိပါဘူး။

"ပြောလေ"

"ကျွန်မ. . . ဒီနေ့သွားမှာက. . ."

"အင်း. . ."

"မောင်မောင့်ဆီကို. . ."

"ဟင်. . . ဟုတ်လား"

ကျွန်တော် တအံ့တသြဖြစ်သွားရတယ်။

"ဟုတ်တယ်. . . ဒါပေမယ့်. . . အဲဒီနေရာကိုသိသွားမယ့် ရှင်က. . . ပြဿဒါးတို့ကို ပြန်မပြောရဘူး"

"မပြောပါဘူး"

"ကတိနော်"

"ကတိပါ. . ."





"မပြီးသေးဘူး"

"ပြောလေ. . ."

"မောင်မောင့်ကိုတွေ့ရင်လည်း ယုစံအကြောင်းမပြောရဘူး"

"ဘယ်လို. . . ဘယ်လို. . . မောင်မောင်ကတော. . . ယုစံမရှိတော့တာ မသိဘူးတဲ့လား"

ရွှေပိုးမျှင်. . . နှုတ်ခမ်းလေးကိုက်ပြီးငြိမ်သွားတယ်။ အတန်ကြာမှ. . .

"သူ့ရင်ထဲမှာခံစားပြီးတော့ သိနေမှာကိုတော့ ကျွန်မရိပ်မိတယ်. . . ဒါပေမယ့်. . . ဒါဟာသေချာမှု မဟုတ်တဲ့အတွက်. . . မျှော်လင့်ချက်ရှိသေးတယ်လေ. . . သူအသက်ဆက်ရှင်ဖို့ကြိုးစားရင်း နေလိမ့်ဦးမယ်"

"ဗျာ. . ."

ကျွန်တော်. . . တကယ့်ကို ဘာမှနားမလည်ပါဘူး။ ယုစံဆုံးတုန်းက ပြဿဒါးတို့အုပ်စုက သတင်းစာနှစ်စောင်လုံးထဲကို သေသေချာချာကြော်ငြာထည့်ခဲ့တာပဲ။ မောင်မောင်က မဖတ်မိဘူးတဲ့လား။ ပြီးတော့. . . မောင်မောင်က မျှော်လင့်ချက်နဲ့ အသက်ဆက်ရှင်ဖို့ကြိုးစားမယ်တဲ့. . . ဘာတွေလဲ. . . ကျွန်တော်နားမလည်တော့ဘူး။

"ကျွန်မပြောပြပါ့မယ်။ ယုစံသေတာ. . . မောင်မောင်မသိအောင်. . . ကျွန်မတို့ထားခဲ့ကြတယ်. . . ဒါပေမယ့်. . . အရင်ကသူတို့တစ်လတစ်ခါလောက်ဖုန်းပြောကြတယ်. . . ခု. . . ဖုန်းမပြောရတာကြာတော့ မောင်မောင်ကလည်းမေးတယ်. . . ယုစံဘယ်မှာလဲ. . . တဲ့ ယုစံ. . . ခရီးသွားနေတယ်. . . ဆေးရုံတက်ရလို့. . . နယ်ပြန်ရောက်နေ၊ ကျွန်မတို့မှာ အခြေအမြစ်ခိုင်လုံမှုန်း မခိုင်လုံမှုန်း မသိတော့တဲ့ reason တွေပေးထားရတယ်. . . ဒါပေမယ့်. . . သူ. . . ခု. . . ကျွန်မတို့



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ဖို့ အတင်းခေါ်နေပြီ. . . သူ. . . တစ်ခုခုမေးတော့မှာပဲ. . . ကျွန်မလည်း ခုထိအဖြေမရှိဘူး. . . မီးစင်ကြည့်က,ရမှာပဲ. . . "

ယုစံနဲ့မောင်မောင်တို့ ဘဝဆန်းကျယ်တယ်ပြောရမလား။ တစ်ယောက်နဲ့ တစ်ယောက်အသက်ရှင်စဉ်ကလည်း ကွဲကွာနေခဲ့ရတယ်။ ခုလည်း သေကွဲကွဲနေတာတောင် တစ်ယောက်က သိခွင့်မရှိပြန်ဘူး။ ကံကြမ္မာတွေကို ရေးထုတ်နေတဲ့လက်ဟာ နတ်ဆိုးတစ်ပါးရဲ့လက်များ လား. . . လို့ ကျွန်တော်သံသယဖြစ်မိပါရဲ့။

Lost Horizon ရဲ့အပြင်လူဖြစ်တဲ့ ကျွန်တော့်ကို သူမပြောပြမယ်ဆိုတဲ့ အကြောင်းအရာတွေဟာ ဒါ. . . တစ်စိတ်တစ်ဒေသပဲ ရှိဦးမှာပဲ။ အားလုံးခြုံလိုက်ရင်လည်း မလှပတဲ့အဖြစ်အပျက်တွေပဲရမှာ သေချာနေပါတယ်။ ဒါကြောင့် ကျွန်တော်မမေးတော့ဘူး။

ထမင်းစားပြီးတော့ ကျွန်တော်တို့ထွက်လာခဲ့ကြတယ်။

ရွှေပိုးမျှင်ညွှန်ရာအတိုင်းပေါ့။

ကျွန်တော်တို့ရဲ့နောက်ဆုံးနေရာဟာ. . . ကိုယ်ပိုင်ဆေးခန်း တစ်ခုဖြစ်နေလိမ့်မယ်လို့ ကျွန်တော်တစ်ခါမှ တွေးမထားခဲ့မိဘူး။ ပိုဆိုးတာက. . . အဲဒီဆေးခန်းရှေ့မှာ ကျွန်တော်ဒေါင်းတောက်အောင် ရှာခဲ့ဖူးတဲ့ ကားအပြာ ၆က/. . . လေးက. . . လေးဘီးလုံးကျောက်ချ ရပ်ထားလေရဲ့။

"ဒါ. . . "

"ဒီကားက. . . ကိုကို့ကားပါ"

"ကိုကို. . . ဟုတ်လား"

"ဟုတ်တယ်. . . ဒီဆေးခန်းရဲ့ပိုင်ရှင်. . . ကျွန်မရဲ့တစ်ဦးတည်းသော. . . သံယောဇဉ်ရှိတဲ့လူတစ်ယောက်. . . "

သူမစကားလုံးတွေက ဆန်းနေတယ်။ သူမတစ်ခါက ပြောခဲ့ဖူးတဲ့ လူတစ်ယောက်ဆိုတာ ဒီလူကိုညွှန်းတာလား။ မေးစရာ မလိုတော့ပါဘူး။ ဒါပေမယ့် ကျွန်တော်. . . ဒီဝေါဟာရတွေ၊ အဖြစ်တွေ ကို ခဏမှိန်





ဖျော့ထားလိုက်တယ်။

ဆေးခန်းက သုံးထပ်ပဲရှိပေမယ့်. . . တော်တော်ကျယ်ဝန်းပါတယ်။ အပေါ်ဆုံးထပ်ရဲ့ထောင့်ဆုံးခန်းလေးဆီ ကျွန်တော်တို့ရောက်တော့ စင်္ကြံမှာ ရပ်နေတဲ့လူတစ်ယောက်ကိုတွေ့ရတယ်။

"ရွှေပိုးကောင်"

သူက ဖျော့တော့စွာ နှုတ်ဆက်တယ်. . . ။

"မောင်မောင်. . . နေကောင်းလား"

"ဒီလိုပါပဲ. . . "

မောင်မောင်က ဖျော့တော့တော့ ပြုံးပြီး ကျွန်တော့်ကို စူးစမ်းသလိုကြည့်တယ်။

"ဒါ. . . နင့်သူငယ်ချင်း. . . ပြဿဒါးတို့နဲ့လည်းခင်တဲ့. . . ကိုသိုးထိန်း"

ပြဿဒါးဆိုတဲ့နာမည်ကြောင့် မောင်မောင်မျက်နှာပျက်သွားတယ်။ ဒါကိုသိတဲ့ ရွှေပိုးမျှင်က. . .

"ဒါပေမယ့်. . . ကိုသိုးထိန်းက. . . ငါ့မိတ်ဆွေပါ. . . အစစ စိတ်ချပါ. . . ယုစံနဲ့လည်း သိတယ်"

ယုစံနဲ့လည်း သိတယ်ဆိုတဲ့စကားကြောင့် မောင်မောင့်အမူအရာက ချက်ချင်းပြောင်းသွားတယ်။

"ထိုင်လေ. . . အစ်ကို. . . "

"ရတယ်. . . "

"ရော့. . . ဒါကနင်ကြိုက်တဲ့ ဘိန်းမုန့်. . . ငါဝင်ဝယ်လာတာ"

ရွှေပိုးမျှင်က မောင်မောင်စားဖို့မုန့်ကို အခန်းထဲက ပန်းကန်တစ်ခုမှာသေချာထည့်ပေးတယ်။ မောင်မောင်က မုန့်ကိုစိတ်ဝင်စားပါဘူး။

"ရွှေပိုးကောင်. . . "

www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

"ယုစံကော..."

"ယုစံ...နေမကောင်းလို့ ဆေးရုံတက်ရတယ်"

"အဲဒါ ငါသိတယ်လေ...ပြီး...သူမြို့ပြန်သွားတယ်"

"အေး...ခုထိပြန်မလာသေးဘူး...သူ့အမေသိပ်နေမကောင်းလို့တဲ့..."

မောင်မောင့်မျက်နှာပေါ်က သံသယတချို့ပါးသွားသလိုပဲ။

"ဟုတ်မှာ...သူ့အမေကလည်း သူ့လိုပဲ နှလုံးမကောင်းဘူး" လို့ မှတ်ချက်ချတယ်...။

"ဟုတ်တယ်..."

"အင်းပါ...သူနေကောင်းရင်ပဲတော်ပါပြီ...ငါသတိရနေတာပြောလိုက်နော်...ဒါနဲ့...သူ...ဧပြီလ (၃၁)ရက်နေ့အကြောင်းဘာပြောသေးလဲ"

ဧပြီလ (၃၁)ရက်တဲ့။ ဒါ...ယုစံဆုံးတဲ့နေ့လေ။ ရွှေပိုးမျှင်သာ မပါရင် ကျွန်တော်ဟန်ဆောင်နိုင်မယ်တောင် မထင်ဘူး။ ရွှေပိုးမျှင်ကတော့...မျက်နှာလေးကို အကြည်လင်ဆုံးပြုံးပြီး ပြောရှာတယ်။

"ဘာပြောရမှာလဲ...ဧပြီလ (၃၁)ရက်ဆိုတာ...နှစ်တိုင်းမှာ ရှိတာပဲတဲ့...ဒီနှစ်မဟုတ်ရင် နောက်နှစ်ပေါ့...တဲ့"

"နောက်နှစ်...ဟုတ်လား"

ရွှေပိုးမျှင်ရဲ့စကားက မမှားပေမယ့်...ခံစားမှုတွေကလွဲမှားသွားခဲ့ပြီ။ မမြင်ရသေးတဲ့ နောက်တစ်နှစ်ကို မှန်းမျှော်ကြည့်နေသလို မောင်မောင်တစ်ယောက်အဝေးကို ငေးရီကြည့်ရင်း မျက်ရည်တွေ စီးကျလာနေတာကို ကျွန်တော်ထိတ်လန့်စွာတွေ့လိုက်ရတယ်။

❄ ❄ ❄



## အခန်း (၁၄)

ကျွန်တော်တို့ရဲ့ အပြန်ခရီးဟာ တိတ်ဆိတ်ခြောက်သွေ့လွန်းနေသလိုပဲ။

ကားကိုစိတ်ဝင်စားခြင်းကင်းစွာ မောင်းနေမိတယ်။ ပုံမှန်လှုပ်ရှားမှုတွေနဲ့ ယန္တရားရုပ်တစ်ရုပ်လို ကျွန်တော့်ကိုယ်ကျွန်တော်မြင်နေမိသလိုပဲ။

အိမ်နားရောက်မှ သူမက စကားစ,တယ်...။

"မောင်မောင်ဘာဖြစ်တာလဲဆိုတာရှင်သိလား"

ကျွန်တော်သိပါတယ်။ ဒါပေမယ့်...ခေါင်းမညိတ်ပြမိဘူး။ မောင်မောင်တို့အလွှာရဲ့အဝင်ဝမှာ ချိတ်ဆွဲထားတဲ့စာတန်းက...မောင်မောင်ဟာ ဘာဝေဒနာရှင်လဲဆိုတာ ပြောပြနေတယ်...။

"သူ့ကိုယ်သူ ဘယ်လိုသိသွားတာလဲ...ရောဂါလက္ခဏာပြ

www.burmeseclassic.com

လို့လား"

"ဟင့်အင်း. . . သူက. . . ယုစံနဲ့လက်ထပ်ဖို့ စီစဉ်တဲ့အချိန်မှာ သူ့ကိုယ်သူလည်း စိတ်ချရအောင်. . . ယုစံကိုလည်းသက်သေပြရအောင် ဆေးသွားစစ်ခဲ့တယ်. . . အဓိက,က. . . သူက. . . အသည်းရောင်ဖူးတော့. . . B ပိုးစစ်တာ. . . B မတွေ့ဘဲ. . . HIV သွားတွေ့ရာက စ,တော့တာပါပဲ. . ."

"သူက ဘယ်လိုဖြစ်ရတာလဲ"

"သူ့ဘာသာသူလည်း မသိဘူး. . . သေချာတာကတော့ မောင်မောင်က မူးယစ်ဆေးဝါးရော မိန်းမပါကင်းတယ်"

လူဆိုတာ အပြင်ပန်းဘာမှ ဆုံးဖြတ်လို့မရဘူးလို့ ကျွန်တော်သိထားပေမယ့် မောင်မောင့်ကိုတော့ ဘာလို့မှန်းမသိဘဲ ကျွန်တော်ယုံမိတယ်။

"သူ. . . စ,သိသိချင်းမှာ ဘယ်လိုနေလဲ. . ."

"အလူးအလဲပဲ. . . ရှုးမတတ်ပဲဆိုပါတော့၊ တစ်ခုကံကောင်းတာက သူဆေးစစ်ခဲ့တာက ခုနကဆေးခန်းမှာပဲ. . . အဲဒီမှာ ကိုကိုက သူ့ကိုသိတော့. . . ကိုကိုပဲ. . . သူ့ကိုစောင့်ရှောက်ထိန်းသိမ်းပေးထားတာ. . . စိတ်ဓာတ်ရေးရာက အစပေါ့. . . အဲဒီမှာ ကိုကိုလက်ခံထားတဲ့ မောင်မောင့်လို လူတချို့လည်း ရှိနေတယ်လေ. . ."

"မောင်မောင့်လို. . ."

"ဟုတ်တယ်. . . ကိုယ့်ကိုယ်ကို. . . ဘယ်ကရောဂါကူးလို့ကူးလာမှန်း မသိရှာတဲ့သူတွေလေ"

ကျွန်တော်သက်ပြင်းချမိပါတယ်။ ဒီနေ့ခေတ်မှာ အသိပညာပေးမှုတွေ မြင့်မားလာတာမှန်ပေမယ့်၊ မတိုးတက်သေးတဲ့ အသိဉာဏ်တစ်ချို့နဲ့ လူတွေရှိနေသေးတာလည်း ငြင်းလို့မရပါဘူး။ ဒီရောဂါဝေဒနာကို ရှိလို့ရှိမှန်းသိတာ၊ သိရက်နဲ့ ရှက်လို့ဖုံးကွယ်ထားတာ၊ မသိလို့





သူတစ်ပါးဆီကူးစက်သွားတာတွေ ဘယ်လောက်များရှိနေပြီလဲ။

ဘယ်လောက်ပဲကာကွယ်မှုတွေလုပ်လုပ်၊ ကျွန်တော်တို့ မမြင်နိုင်တဲ့၊ မသိနိုင်တဲ့အကြောင်းအချင်းအရာတွေ အများကြီးရှိနိုင်တာပဲ။ သွားဆေးခန်းတွေ၊ အလှပြင်ဆိုင်တွေကလည်း မထင်မှတ်တဲ့အခါ ဖြစ်ပျက်လာနိုင်တာပဲ မဟုတ်လား။ သတိထားမိညာဏ်မြေတာတုတ်လို့ ဆိုပေမယ့် ဘယ်လောက်ပဲနိုင်နိုင်. . . [illegible]တွေလည်း ရှိနေနိုင်တာပဲ။

"မောင်မောင့်အခြေအနေက. . ."

"နောက်ထပ် သုံးလေးနှစ်မက, နေရဖို့ရှိပါတယ်. . . ဒါပေမယ့် အတိအကျတော့ ကံကြမ္မာပဲ သိမှာပဲ. . . ယုစံမရှိတော့တာ သူ့ကိုသွားတဲ့နောက်ပိုင်းကို ကျွန်မတို့ သူ့အတွက် အထူးဂရုစိုက်ရတော့မှာ. . ."

ကျွန်တော်သက်ပြင်းချမိတယ်။ ဒီကိစ္စဟာ ဘယ်လောက်ဖုံးကွယ်ထားနိုင်မယ့်ကိစ္စမို့လဲ။ အနေးနဲ့အမြန်တော့ သိမှာပါပဲ။ စိတ်ကို လျှော့ချလိုက်တာဟာ လူတစ်ယောက်အတွက် ကျဆုံးခန်းရဲ့အစ,ပါ။ အဲလိုတော့ မဖြစ်စေချင်ဘူး။

"မောင်မောင် သူ့သူငယ်ချင်းတွေကို အသိမပေးတဲ့ကိစ္စက. . ."

"အဲဒါတော့ ကျွန်မလည်း မသိဘူး. . . သူရှက်လို့မဟုတ်တာတော့ သေချာတယ်. . . ဒီကိစ္စမှာ သူ့အပြစ်မှမပါတာ. . . အင်မတန်ကြီးမားတဲ့ မတော်တဆမှုနဲ့ မောင်မောင်ထိပ်တိုက်တွေ့ခဲ့ရတာပဲ. . . ကျွန်မတို့ကတော့ သူ့ဆန္ဒမရှိလို့ အသိမပေးတာကလွဲရင် တခြားအကြောင်းပြချက်မရှိပါဘူး. . . ယုစံနဲ့ကျတော့ သူကလက်ပွန်းတတီးနေမိမှာစိုးတာရော. . . မတော်တဆမှုကြီးကြီးကို တွေ့ခဲ့ရသူပီပီ. . . နောက်ထပ်မတော်တဆမှုကြီးကို ရောဂါသည်ချစ်သူဆီ မကျရောက်စေချင်တာရောကြောင့်. . . အလုပ်သွားလုပ်နေသလိုနဲ့ ရှောင်ခဲ့တာ"

"ဪ. . ."



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုတော့ကောင်းပါတယ်"

"ဘာလဲ"

"ယုစ်ကတော့ မောင်မောင်အဖြစ်ဆိုးတွေကို သိမသွားလိုက်ဘူး. . . သူ့ယုံကြည်ချက်အပြည့်နဲ့ ဘဝကူးသွားခဲ့ရှာတာ"

ဒါတော့ ဟုတ်ပါတယ်။ မောင်မောင့်ကိုတော့ ဒီလိုဖြစ်ဖို့ ကျွန်တော်တို့ ဘယ်လိုဆုတောင်းပေးရမှာတဲ့လဲ။ ဒီလောက်တောင် ဘေးကြပ်နံကြပ် အခြေအနေမျိုးကျွန်တော့်ဘဝမှာ မကြုံခဲ့ဖူးဘူးထင်တာဘဲ။ ခုဟာက တန်ခိုးရှင်တစ်ပါးပါးက ဆုတစ်ဆုတောင်းစေဆိုရင်တောင် ဘာဆုတောင်းရမှန်းမသိတဲ့ဘဝ။

အားလုံးကို ရှင်းလင်းစွာသိလိုက်ရပေမယ့် ကျွန်တော့်ရင်ထဲမှာ ရှင်းမသွားဘူး။ ပိုလို့တောင် ရှုပ်ထွေးလာခဲ့သလိုပဲ။ ဗြကေ/. . . ကားလေးကို တောင်မြောက်ဝဲယာ အပြင်ထွက်တိုင်းရှာနေတတ်တဲ့ ပြဿဒါးတို့ အုပ်စုကိုလည်း ကျွန်တော့်မှာပြောစရာစကား မရှိနိုင်ပြန်ဘူး။

"ဟား. . ."

ကျွန်တော်. . . သက်ပြင်းတစ်ချက်ကို သိသိသာသာပဲ မှုတ်ထုတ်လိုက်မိတယ်။ ဒါကိုမြင်တော့ ရွှေပိုးမျှင်က. . .

"ကျွန်မတို့နဲ့ ပတ်သက်မှ. . . ရှင်ပိုရှုပ်ထွေးလာပြီထင်တယ်" တဲ့။

"အဲလိုတော့ မဟုတ်ပါဘူး"

"ဒီနည်းနှင်နှင်ပဲ မဟုတ်လား"

ကျွန်တော်ဘာပြန်ပြောရမှန်း မသိတော့ သူမကရယ်သည်။

"အဲဒါ. . . ကျွန်မတို့နဲ့ ရှင်. . . ရေစက်ပါလာလို့. . . ကဲ. . . ကျွန်မသွားမယ်. . . ကျွန်မတို့ ရေစက်ရှိသေးရင် ထပ်ဆုံကြတာပေါ့"

သူမကားပေါ်ကဆင်းပြီး. . . လက်ပြထွက်ခွာသွားတဲ့ထိ





ကျွန်တော်. . . ငြိမ်သက်နေမိတယ်။ အတန်ကြာမှ. . . ကားကိုအသာမောင်းထွက်ခဲ့တယ်။ ဘာမှမလုပ်ချင်တော့တဲ့အတွက် အိမ်ပဲပြန်ခဲ့လိုက်ရင်းက. . . 'မရှိလို့လုပ်စားတာဆို ခက်ဦးမယ်' ဆိုတဲ့စကားကိုလည်း ကြိုကြားယောင်နေမိတယ်။

တကယ်ပါပဲ။ စောစောစီးစီး ပြန်လာပြန်တော့လည်း သံသယမျက်လုံးတွေနဲ့ ကြည့်ပြန်ရော။ တကယ်ဆို ညနေ (၅)နာရီဆိုတာ သီလပြန်ရောက်နေကျအချိန်လည်း မဟုတ်ပါဘူး။ ဒါပေမယ့် သူက စောရောက်နေတော့ ကျွန်တော့်ကို မသင်္ကာသလိုကြည့်ခွင့်က သူ့ဆီရောက်သွားတယ်။

"လမ်းတွေပိတ်ထားလို့လား. . ."

ကြည့်. . . ။ နှုတ်ဆက်ပုံက သင်းတယ်။ ဒါက သီလရဲ့တောအဆ ရှိသေးတယ်။ မင်းသော်ကတော့ ခြေဆုံးခေါင်းဆုံးကြည့်ပြီး. . .

"ဘာကျန်ခဲ့လို့ပြန်လာတာလဲ. . ."တဲ့။

ခပ်တည်တည်နဲ့ ပက်လက်ကုလားထိုင်မှာ ဝင်ထိုင်လိုက်ပြီးမှ သူတို့ကို သံပြတ်နဲ့ ဖြေရတယ်. . ။

"စောစောတမင်ပြန်လာတာ. . ."

"ငါတို့နဲ့ ညနေစာ စားမလို့လား"

မင်းသော်ရဲ့အမေးက အတည်လား။ အနောက်လားတောင် မသိဘူး။ သေချာတာကတော့ ကျွန်တော် မဆာဘူး။ နောက်ထပ်သေချာတာတစ်ခုက ကျွန်တော်တို့သုံးယောက်အတူ ထမင်းမစားကြတာကြာပြီ။ ဒါကြောင့်. . .

"အေးလေ. . . စောရောက်လာမှတော့ ဘာတတ်နိုင်မှာလဲ. . . မင်းတို့နဲ့ပဲ ညစာစားရတော့မှာပေါ့"

ကျွန်တော့်စကားကြောင့် သီလက. . . ဝမ်းသာအားရယာနဲ့ ပြောတယ်။

www.burmeseclassic.com



"အင်းလေ. . . မင်းကျွေးမယ်ဆိုတော့လည်း စားရတာပေါ့"

"ဟင်. . . ပြောမိလို့လား. . . အတူစားမယ်ပြောတာလေ၊ ကျွေးမယ်ဆိုတာမပါဘူး"

"ကျွေးသင့်ပါတယ်. . . မင်းဖယ်ရီခတွေရထားတယ်လေ"

မင်းသော်ကပါ ဝင်ပြောတယ်။

"ဟာ. . . အဲဒါက သုံးလို့မဖြစ်ဘူး. . ."

ကျွန်တော်က အကြောက်အကန်ငြင်းပေမယ့် သူတို့က အေးအေးဆေးဆေးပါပဲ။ သီလက. . .

"ရပါတယ်. . . ဘယ်ငွေကိုသုံးကျွေးကျွေး ကိစ္စမရှိပါဘူး၊ ငါတို့ကသဘောထားကြီးကြပါတယ်. . . နော်. . . မင်းသော်"

"အင်း. . ."

ကျွန်တော်စကားရှည်ရှည်ဝေးဝေးမပြောတော့ဘူး။ ကျွန်တော့်ရဲ့ရှုပ်ထွေးညစ်ညူးလာတဲ့စိတ်တွေကို သူငယ်ချင်းတွေနဲ့ ဖြေဖျောက်ပစ်လိုက်ဖို့ စိတ်ကူးလိုက်တယ်။ ဒါကြောင့် ကျွန်တော် ခဏနား၊ ရေမိုးချိုး၊ အဝတ်အစားလဲပြီး ပြန်ထွက်ခဲ့လိုက်တယ်။ ကျွန်တော်တို့ သုံးယောက်မရောက်တာကြာပြီဖြစ်တဲ့. . . တစ်ချိန်က သွားခဲ့ကြဖူးတဲ့ဆိုင်ကလေးကိုပဲ ထွက်ခဲ့ကြတယ်။ အဲဒီဆိုင်ကလေးရဲ့နာမည်က 'Friendship' တဲ့။

ကျွန်တော်တို့သုံးယောက်သားပေါက်တတ်ကရလေးငါးဆယ်မကပြောဖြစ်ကြတယ်။ အကြောင်းအရာက စုံနေတာမို့ ကျွန်တော်တို့ရဲ့ ရယ်သံတွေကလည်း မစဲဘူး။

အဲဒီအချိန်မှာပဲ. . . မင်းသော်က. . . toilet ထ,သွားတယ်။ ပြန်လာတော့ မျက်နှာက ရှေ့ကြီးသုတ်ပြာနဲ့။

"ဘာဖြစ်တာလဲ. . ."

"ရွှေ. . . ရွှေပိုးကောင်"

"ဟုတ်လား. . . ဘယ်မှာလဲ. . ."





"ဟိုဘက်ထောင့်နားက စားပွဲမှာ. . ."

"ဟုတ်လား. . . ငါသွားဦးမယ်"

ကျွန်တော် ဝမ်းသာအားရထ,သွားမယ်လုပ်တော့ မင်းသော်က ပြန်ဆွဲပြီးထိုင်ခိုင်းတယ်။

"မသွားနဲ့ဦး"

"ဘာလို့လဲ"

"သူ. . . လူတစ်ယောက်နဲ့ထိုင်နေတယ်"

လူတစ်ယောက်ဖြစ်တဲ့ ရွှေပိုးမျှင်မှာ လူတစ်ယောက်နဲ့ ထိုင်ခွင့်ရှိနေတာပါပဲ။ ခက်တာက အဲဒီ 'လူတစ်ယောက်' ဆိုတဲ့အသုံးအနှုန်း။ အဲဒီအသုံးအနှုန်းက ခုတလောကျွန်တော့်ကို အရမ်းထိခိုက်နေသလိုပဲ။

ကျွန်တော်စဉ်းစားရင်းက ဆိုင်ပြင်ကို လှမ်းကြည့်လိုက်တော့ ကျွန်တော့်မြင်ကွင်းထဲမှာ. . . စောစောကမမြင်ခဲ့တဲ့ မိုးစာ/. . . တား အပြာလေးကို မြင်လိုက်ရတယ်။ ဒါဆို သူနဲ့ထိုင်နေတဲ့ လူတစ်ယောက်ဆိုတာ. . . သူမပြောဖူးတဲ့ သံယောဇဉ်ရှိတဲ့ လူတစ်ယောက်ဆိုတာပဲပေါ့။

"ကိုကို". . . တဲ့။

ကျွန်တော်. . . သူမရှိရာဝိုင်းကို မသွားတော့ပေမယ့်. . . အဲဒီလူတစ်ယောက်ကိုတော့ ကျွန်တော်မြင်ဖူးတယ်ရှိအောင် မလှမ်းမကမ်းက သွားကြည့်ခဲ့လိုက်တယ်။ အဲဒီလူကတော့ ထူးထူးခြားခြားကြီး သိပ်မရှိလှပါဘူး။ ထူးခြားနေတာက သူနဲ့ထိုင်နေတဲ့ ကျွန်တော့်ရဲ့ ရွှေပိုးမျှင်ပါ။ သူမရဲ့ မျက်နှာလေး အဲဒီလောက်ရွှင်ကြည်လန်းဆန်းနေတာ ကျွန်တော်ဒီတစ်ခါပဲတွေ့ဖူးသေးတယ်။ အဲဒီလူဟာ ရွှေပိုးမျှင်ကို အဲလိုဖြစ်အောင် စွမ်းဆောင်နိုင်သူလေလား။ ကျွန်တော်တွေးနေမိတယ်။

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ကျွန်တော့်ကို မြင်ရင်တအံ့တသြဖြစ်သွားလိမ့်မယ်လို့ထင်ထား ပေမယ့် သူမပုံစံက သိပ်အံ့သြပုံမရဘူး။ ဖယ်ရီရပ်ထားတဲ့ဆီ မလျှောက် တော့ဘဲ ကျွန်တော့်ကားဆီလှမ်းလာဖော်ရတဲ့ သူမရဲ့ခြေလှမ်းတွေကိုပဲ ကျေးဇူးတင်နေမိသေးတယ်။

"ကျွန်မကို လာကြိုတာလား"

"အတိအကျပဲ. . ."

"ကားခတော့ လျှော့ယူရမယ်နော်"

သူမက နောက်သလိုလိုပြောပြီး ကားတံခါးကိုဆွဲဖွင့်တယ်။ ဒါ ဟာသူမရဲ့ထူးခြားမှုပါပဲ။ ဟန်မဆောင်တတ်ဘူး၊ ပွင့်လင်းတယ်။ တခြား မိန်းကလေးတွေလိုလည်း ပဲမများဘူး။ ကားပေါ်ရောက်တယ်ဆိုရင်ပဲ စကားကို ဘယ်ကစ,ပြီး ဘာလုပ်ရမှန်း မသိဖြစ်နေတဲ့ ကျွန်တော့်ကို



သူမကပဲ စကားစ,တယ်။

"မနေ့ညက. . . Friendship ရှေ့မှာ ရှင့်ကားကို တွေ့လိုက် ရတယ်"

"ဟုတ်တယ်. . . ညက သူငယ်ချင်းတွေက ထမင်းကျွေးခိုင်း တာနဲ့"

"ဪ. . . သဗ္ဗါစိတ်ကဆက်ပြီး ဒီညလည်း ကျွန်မကို ထမင်း ကျွေးချင်လို့လား"

"ဟင့်အင်း. . . ပိုက်ဆံနည်းသွားလို့ ခင်ဗျားကို ထမင်းလာ ကျွေးခိုင်းတာ. . ."

"ဒါဆိုရင်တော့. . . ဈေးအသက်သာဆုံးဆိုင်ကိုပဲ ရွေးမောင်း ပေတော့"

ပြောပြီး ကျွန်တော်တို့ရယ်ဖြစ်ကြတယ်။ ကျွန်တော့်ရယ်သံက အသက်မပါသလောက် သူမကိုကြည့်ရတာတော့ အတော်လေးရွှင်လန်း နေပုံပဲ။ မပြောစဖူး အရွှန်းတွေတောင်ဖောက်လို့။

တကယ်ပဲ ကျွန်တော်က လမ်းဘေးက အသုပ်စုံနဲ့ ထမင်းဖြူ ရောင်းတဲ့ဆိုင်ကိုမောင်းသွားတော့ သူမကတားတယ်။

"ဟာ. . . အဲလို အတည်ပြောတာ မဟုတ်ပါဘူး. . . ဒီထက် နည်းနည်းဈေးမြင့်လို့ ရပါသေးတယ်"

"မဟုတ်ပါဘူး. . . ကျွန်တော်မြင်းခွာရွက်သုပ်နဲ့ ထမင်းဖြူ စားချင်လို့. . ."

"ဖြစ်ပါ့မလား. . ."

"ဖြစ်ပါတယ်. . . ဒီဆိုင်က ထမင်းပူပူနွေးနွေးအိအိလေးရပါ တယ်. . . လာပါ"

ကျွန်တော်ကားတံခါးဆွဲဖွင့်ပေးတော့မှ သူမဆင်းလာတယ်။ Uniform မဟုတ်တဲ့အပြင် ဝတ်စုံကိုလဲလှယ်ထားတာမို့ သူမပုံစံလေးက

www.burmeseclassic.com



ဘာမှ သိပ်ထူးထူးခြားခြားကြီး ရှိမနေပါပဲနဲ့ကို အများအမြင်မှာတော့ ထင်ရှားနေသလိုပဲလို့ ကျွန်တော်ထင်မိတယ်။

"ခင်ဗျားဘာစားမလဲ"

"ဆေးဘဲဥသုပ်. . . ရှင့်လိုပဲ. . . ထမင်းဖြူနဲ့စားမယ်"

"ကောင်းတယ်. . . ကျွန်တော်လည်းကြိုက်တယ်"

ကျွန်တော်တို့စားစရာတွေရောက်လာတဲ့ထိ တိတ်တိတ်နေမိကြသေးတယ်။ ကျွန်တော်ကတော့ ကိုယ်နဲ့သက်ဆိုင်လား မသက်ဆိုင်လား၊ မေးခွင့်ရှိလား မရှိလား မသေချာတဲ့မေးခွန်းတစ်ခုအတွက် စကားလုံးရှာနေတာပါ။ သူမကတော့ ဘာလို့ငြိမ်သက်နေတာလဲ မသိဘူး။ ငြိမ်နေပေမယ့် မျက်နှာကြည်ကြည်လေးကတော့ အရင်ကထက်လန်းဆန်းနေတယ်။

"မနေ့ညက ကျွန်မ. . . ကိုမင်းသော်ကိုတော့ ဖျပ်ခနဲတွေ့လိုက်တယ်. . . ရှင်တို့ကိုတော့ မတွေ့ဘူး"

"ဟုတ်တယ်. . . ဝိုင်းနှစ်ဝိုင်းက. . . ထောင့်ချိုးကျနေလို့. . . ဪ. . . ဒါနဲ့. . ."

စကားကိုအတင်းဆက်စပ်ပစ်လိုက်ဖို့ ကျွန်တော်ကြိုးစားလိုက်တယ်။

". . . ပြောလေ. . ."

"ညက. . . ရွှေပိုးမျှင်ဘယ်သူနဲ့ လာတာလဲ"

"ကိုကိုနဲ့. . . ဟိုလေ. . . နေ့လယ်ဘက်မောင်မောင့်ကို သွားကြည့်တဲ့ဆေးခန်းက. . ."

"ဪသိပြီ. . . ရွှေပိုးမျှင်ရဲ့အစ်ကိုလား. . ."

"ဟုတ်တယ်လို့ပြောရင်ရသလို. . . မဟုတ်ဘူးလို့ ပြောရင်လည်းရတယ်"

"ဗျာ. . ."



ကျွန်တော် ထမင်းအံ့ဩပြလိုက်တော့ သူမကရယ်တယ်။ ယောက်ျားမာယာက မန်ကျည်းတိုးပင်ပိုတယ်ဆိုတာ ဒါပဲထင်ပါရဲ့။

"ဒီလိုလေ. . . ဘာမှတော့ မတော်ဘူး. . . ဒါပေမယ့်. . . ကျွန်မတို့ချင်း မောင်နှမတွေလိုပဲ. . . သူကလည်း ကျွန်မကိုညီမတစ်ယောက်လို ချစ်တယ်လေ"

စကားက ဒီလောက်နဲ့ ဘာလို့ရပ်ထားရတာလဲ မသိဘူး။ တကယ်ဆို ကျွန်မကလည်း သူ့ကိုအစ်ကိုတစ်ယောက်လိုပါပဲ. . . ဆိုတဲ့စကားလောက်တော့ ဆက်ပြောသင့်တာပေါ့။ ခုတော့. . . ကျွန်တော့်လိုအပ်ချက်က ပါမလာသလိုပဲ။

"ကျွန်မမိဘတွေမရှိတော့တဲ့နောက် ကျွန်မကို စိတ်ဓာတ်ရေးရာကော. . . လိုအပ်ချက်တချို့ပါပေးပြီး guide လုပ်ပေးခဲ့တာ. . . ကိုကိုပါ"

"သူ့နာမည်က. . . ဒေါက်တာကိုကိုလား"

ဒါလည်း ကျွန်တော့်အကြံအဖန်မေးခွန်းပါ။ "သိုးထိန်းသား" ဆိုတဲ့ကောင်က ဒီလောက်မတုံးမှန်း သူမ ရိပ်မိလောက်သလား။ ကျွန်တော် မစဉ်းစားတော့ဘူး။

"မဟုတ်ပါဘူး၊ ကျွန်မက ခေါ်နေကျဖြစ်နေလို့. . ."

သူမအဖြေက တကယ့်ကို ရိုးရိုးလေးနဲ့ ရှင်းရှင်းလေးပါပဲ။ စောစောကလည်း ပြောခဲ့ပြီးပြီပဲ။ ညီမတစ်ယောက်လိုချစ်တာ. . . တဲ့။ ဒါပေမယ့် ခက်တာက ခုထိကျွန်တော့်အတွက်က မရှင်းလင်းသေးဘူးဖြစ်နေတာ။

"ဒါဆို. . . ငယ်ငယ်တည်းက ရင်းနှီးခဲ့တာပေါ့"

"ဆိုပါတော့. . . ကျွန်မအဖေနဲ့ သူ့အမေနဲ့က. . . same batch တွေလေ. . . တော်တော်လေးရင်းနှီးကြတယ်. . . ကျွန်မတို့ [illegible] လောက်မှာကတည်းက ကိုကိုက ကျွန်မတို့ကို guide လုပ်ပေးခဲ့တာ. . ."

www.burmeseclassic.com



"ကျွန်မတို့. . . ဟုတ်လား"

"အင်း. . . ကျွန်မနဲ့ ကျွန်မသူငယ်ချင်း မေသင်းနွေ. . . ခု. . . မေသင်းက. . . New Zealand မှာရောက်နေတယ်"

"ဩော်. . ."

"ကျွန်မက ကံမကောင်းဘူး"

အဆက်အစပ်သိပ်မရှိဘူးလို့ ထင်ရတဲ့စကားတစ်ခွန်းဝင်လာတာမို့ ကျွန်တော်သူမကို မေးမိတယ်။

"ဘာကိုပြောတာလဲ. . ."

"ဩော်. . . ကျွန်မက. . . ငယ်ငယ်တည်းက သံယောဇဉ်ရှိတဲ့သူတွေနဲ့ဝေးနေရတတ်တယ်. . . ရှင်ကွဲမဟုတ်ရင် သေကွဲပဲ. . ."

"ဟာ. . . ဟုတ်ရဲ့လား"

"ဟုတ်တယ်. . . ပထမဆုံး ကျွန်မကိုခွဲသွားတာ မေမေပဲ၊ နောက်. . . မေသင်း၊ တတိယ ဖေဖေ၊ ဖေဖေပြီးတော့ ကျွန်မမွေးထားတဲ့ Doggy ခွေးလေး ၊ Doggy ပြီးတော့ မောင်မောင်၊ မောင်မောင်ပြီးတော့ ယုစံ၊ သေကွဲရယ်၊ ရှင်ကွဲရယ်ပဲကွာတယ်"

ကျွန်တော်စိတ်မကောင်းဖြစ်သွားမိတယ်။ ဒါပေမယ့် အဲဒီစိတ်မကောင်းမှုနဲ့အတူ ကိုကိုဆိုတဲ့လူကတော့ ခင်ဗျားလေးနဲ့အတူရှိနေတယ် မဟုတ်လား. . . လို့လည်း အတွေးဝင်လာတယ်။

"ကဲ. . . ထားပါတော့. . . ကျွန်မလျှောက်ပြောနေမိပြီ"

"ရပါတယ်. . . ကျွန်တော်သိရတာပေါ့. . . ဒါနဲ့. . . မေးစရာရှိတယ်"

"မေးလေ. . ."

"ပြဿဒါးတို့အုပ်စုနဲ့ကျ ဘာလို့မခင်တာလဲ"

"အင်း. . . မခင်ဘူးရယ် မဟုတ်ပါဘူး. . . ယုစံနဲ့ပတ်သက်နေတော့လည်းတွေ့ရင် ခေါ်ဖြစ်ပါတယ်၊ စိတ်ထဲကတော့ တရင်းတနှီး





မရှိလှဘူး. . . ရှင့်ကိုခင်သလို သံယောဇဉ်ရှိမိသလိုတောင် သူတို့ကို မရှိတာတော့ အသေအချာပဲ. . . ဒါဟာလည်း အကြောင်းပြချက်တော့ မရှိပါဘူး. . . ရေစက်လို့ပဲ ပြောမလားမသိဘူး"

"ဟုတ်မှာပေါ့. . . ရေကတစ်စက်စက်တွေနေတာ"

"ဘုံဘိုင်က ဝါရှာမကောင်းလို့နေမှာပေါ့. . ."

"အေးလေ. . . ပြင်မယ့်လူကလည်း မရှိတော့ စိုအဆင်ပြေတာပေါ့"

ကျွန်တော်တို့ ပေါက်ကရတွေလျှောက်ပြောရင်း ရယ်မိကြပြန်တယ်။

"ခင်ဗျားကြည့်ရတာ ဒီရက်မှာ ပိုပြီးရွှင်လန်းလာသလိုပဲ"

"ကျွန်မ. . ."

သူမ. . . ကိုယ့်ကိုယ်ကို စားလက်စ ဇွန်းကလေးနဲ့ညွှန်ပြရင်း ပြန်မေးတယ်။

"ဟုတ်တယ်. . ."

ကျွန်တော်က ထပ် confirm လုပ်တော့ သူမရယ်တယ်။ ပြီးမှ စဉ်းစားသလိုလုပ်ပြီး ဖြေတယ်။

"အင်း. . . ဟုတ်မှာပါ. . ."

"အဲဒါဘာလို့လဲ. . ."

"ဘာလို့လဲ ဆိုတော့"

သူမ. . . စကားကိုခဏဖြတ်ထားပြီး ကျွန်တော့်ကိုကြည့်တယ်။ ပြီးမှ. . . ကျွန်တော့်ရဲ့အဖြေကို စောင့်နေတဲ့ဟန်ကိုတွေ့မှ စကားဆက်တယ်။

"ဘာလို့လဲဆိုတော့. . . ကျွန်မညက ကိုကိုနဲ့ထမင်းစားရင်း စကားပြောဖြစ်တယ်လေ. . . ကိုကိုနဲ့တွေ့ရင်. . . ကျွန်မရဲ့ ရှင်သွားနေတဲ့ပြဿနာတွေပြေလည်သွားသလို ရှုပ်ထွေးနောက်ကျိနေတဲ့စိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ကြည်လင်သွားတတ်တယ်. . . ကျဆင်းနေတဲ့ စိတ်တွေပြန်တက်လာသလိုခံစားရပြီး အားလည်းတက်လာသလိုပဲ"

သူမပြောနေပုံက. . . အဲဒီလူဟာ တန်ခိုးရှင်တစ်ပါးကျနေတာပဲ။ ကျွန်တော်တောင်မှ မနာလိုဖြစ်သွားရတယ်။ နဂိုကမှ မကြည်လင်ချင်ရတဲ့အထဲ။ ဒါပေမယ့်. . . ယောကျ်ားမာယာနဲ့ပဲ ကျွန်တော့်ကိုယ်ကျွန်တော်ထိန်းရင်း စကားတစ်ခွန်းပြောမိတယ်။

"တယ်ဟုတ်ပါလား. . . သူက psychiatrist တစ်ယောက်လား"

"ဆိုပါတော့. . ."

အဲဒီ. . . ဆိုပါတော့ဆိုတဲ့စကားရဲ့ အဓိပ္ပာယ်ကို ကျွန်တော်နားမလည်ဘူး။ အဲဒီလူက တကယ်ပဲ psychiatrist တစ်ယောက်လား။ ဒါမှမဟုတ် သူမအတွက်ဆိုရင်တော့ ဒီလူဟာ psychiatrist တစ်ယောက်လိုပဲလို့ဆိုလိုချင်တာလား။ ကျွန်တော်မသိဘူး။ သိလည်း မသိချင်တော့ပါဘူး။ ကျွန်တော်ကြုံခဲ့နေတဲ့ သက်ပြင်းတစ်ခုကို ဘယ်သူမှမသိအောင်ခိုးချလိုက်မိတယ်။

သူမဆီက ဆက်ကြားနေရတဲ့အဲဒီလူတစ်ယောက်ရဲ့ 'ဋီကာ' တွေကိုလည်း ကျွန်တော်နားခံခြင်းငှာ မစွမ်းနိုင်တော့ဘူး။ ကြားတစ်ချက်မကြားတစ်ချက်နဲ့. . . အသိစိတ်တွေဝေဝါးလာသလို ခံစားရတယ်။ အဲဒီညကအပြန်. . . ကျွန်တော် ဖျားပါတယ်။ အစာကြောင့် ပြန်ဖျားတာတော့ မဟုတ်လောက်ဘူး။ စိတ်ကြောင့် ဖျားတာပဲဖြစ်လောက်တယ်လို့ တွေးမိပေမယ့် psychiatrist တစ်ယောက်တော့ မလိုအပ်တာသေချာပါတယ်။

ဆူဆူဆဲဆဲနဲ့ ကျွန်တော့်ကို ဆေးခန်းပို့ရ၊ ဆေးတိုက်ရ၊ ပြုစုရတဲ့ သီလနဲ့ မင်းသော်ကိုတော့ ကျွန်တော်ဘာမှ မပြောဖြစ်တော့ဘူး။ ဒီတစ်ခါဖျားတာကတော့ စိတ်ပါချိုးချိုးကျသွားလို့လား မသိဘူး။ ကျွန်တော်ပိုပြင်းပြင်းထန်ထန်ခံစားရတယ်။ နောက်တစ်နေ့ မနက်မှာ





ကျွန်တော် လုံးဝမထ,နိုင်တော့တဲ့အထိပဲ ဆိုပါတော့။

ကျွန်တော့်ကို ကယ်တင်ကုသနိုင်မယ့်ဆေးက ဒီအချိန်မှာ တစ်မျိုးတည်းရှိတာ သိပ်ကိုသေချာနေခဲ့ပါပြီ။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ဒီတစ်ခါ ကျွန်တော်ဖျားတာကို သုံးလေးရက်ကြာတဲ့ထိ ဘယ်သူမှ မသိကြဘူး။ ကျွန်တော်ပြန်ပြီးနေသာထိုင်သာရှိစပြုမှ. . . ယမုန်က ဖိတ်စာတစ်စောင်နဲ့ အိမ်ရောက်လာတယ်။

"ဟင်. . . နေမကောင်းဘူးလား"

"ဟုတ်တယ်"

"ဟင်. . . ဒါနဲ့. . . ပြဿဒါးကပြောတော့ ကောင်ပြီးဆို"

"ကောင်းပြီ. . . ပြန်ဖျားတာ. . ."

"ဩော်. . . ကိုသိုးကောင်းကလည်း ကလေးမဟုတ်ဘူးလည်း ပြောရဲ့။ ဆင်ခြင်ဦး. . ."

ကြည့်ဦး။ ကျွန်တော့်ကို သီလတို့ခေါ်သလို ဘိုးကောင်းလည်း ခေါ်ရဲ့၊ ကလေးမဟုတ်ဘူးလည်း ပြောရဲ့။ ဆင်ခြင်ဦး. . . တဲ့။



"နင်က အငယ်လား၊ ငါကအငယ်လား"

"အံမယ်. . . ငယ်တာကြီးတာကအရေးလား. . . လိမ္မာဖို့က အရေးကြီးတာ"

"ဒါဆို. . . နင်လိမ္မာလိုက်ပြီပေါ့. . . ဟုတ်လား"

ယမုန်က ကျွန်တော့်စကားကို နားမလည်သလိုကြည့်တယ်။

"ဩော်. . . မစွံမယ့်တူတူ. . . မိဘစကားနားထောင်ပြီး သမီးလိမ္မာဘွဲ့ခံသလိုလိုနဲ့ မိဘပေးစားတာယူလိုက်ပြီလားလို့. . . နင်ဖိတ်စာလာပေးတာ မဟုတ်လား"

အဲဒီတော့မှ သဘောပေါက်သွားပြီး. . . ရယ်တယ်။

"မိဘစကားနားထောင်ချင်တာတောင် အခွင့်မပြေပါဘူး ကိုသိုးကောင်းရာ. . . ဒါက အလှူဖိတ်စာ. . . ဖေဖေနဲ့ ကိုကြီးတို့ဝခွင်းတက်မယ်. . ."

"နင်ပါ သီလရှင်ဝတ်လေ. . ."

"မပူနဲ့ ဝတ်မှာ. . ."

"ကိလေသာတွေကုန်ပြီပေါ့"

"ဟင့်အင်း. . . မရှိတော့တာ"

ပြောပြီး ရယ်ဖြစ်ကြသေးတယ်။ သေချာတာကတော့ သူ့အလှူကို ကျွန်တော်သွားနိုင်မှာ မဟုတ်ပါဘူး။ သီလနဲ့ မင်းသော်ကိုပဲ သွားခိုင်းရမယ်။ သူ. . . သီလရှင်စိတ်ဖြောင့်ဖြောင့်ဝတ်နိုင်ဖို့တော့ မင်းသော်တို့မှာရမယ်။ သွားမနှောက်ယှက်ဖို့။ မင်းသော်က ယမုန့်ကို ဘာလိုလိုလေးတကယ်လား ဘာလားတော့ မသိဘူး။

"ဩော်. . . မေ့တော့မလို့. . ."

"ဘာလဲ. . ."

"ရွှေပိုးမျှင်"

"အင်း. . . ဘာဖြစ်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူ့လည်း ဖိတ်စာပေးချင်လို့. . . ပေး,ပေးမလား"

သူတို့ချင်းလည်း အရမ်းကြီးမရင်းနှီးကြပါဘဲနဲ့. . . ကျွန်တော်သာဆို ဖိတ်ဖြစ်မှာမဟုတ်ဘူးလို့ တွေးနေမိသေးတယ်။

"ရတယ်လေ. . . ထားခဲ့"

ကျွန်တော်က ဝတ်ကျေတန်းကျေပြောတာပါ။ ဒါကို ယမုန်က ဘယ်လိုနားလည်တယ် မသိဘူး။ မျက်လုံးလေးထောင့်ကပ်ပြီး ပြုံးစစနဲ့ မေးတယ်။

"အံမယ်. . . အတော်အဆင်ပြေနေပြီပေါ့"

"ဘာကိုပြောတာလဲ"

"အံမယ်. . . မသိချင်ယောင်ဆောင်မနေနဲ့. . . ရွှေပိုးမျှင်ကို ဖိတ်ချင်လို့ အဓိက မဟုတ်ဘူး. . . ကိုသိုးကောင်းကြီးနဲ့ အခြေအနေကို သိချင်တာက အဓိက. . ."

ရော. . .။ မခက်ဘူးလား။ ကျွန်တော်တွေးတာ မှန်သားပဲ။ ဖိတ်ချင်လို့ မဟုတ်ဘူးတဲ့။ အခြေအနေကို သိချင်တာဆိုပဲ။ ဘာပြန်ပြောရမှန်းတောင် မသိဘူး။ ဒါကို. . . မရွှေချောက ထပ်မေးတယ်။

"ကဲ. . . ပြောပါ. . . ဇာနည်မနာလိုဖြစ်အောင်ပြောပစ်ချင်လို့ပါ"

"အာ. . . အဲလိုမဟုတ်သေးပါဘူး"

"ဟာ. . အဲလိုမဟုတ်သေးရင်လည်း ဟုတ်သလိုပြော"

"ဘယ်လိုမှကို မဟုတ်သေးတာ. . ."

"ဟင်. . . ဒါနဲ့များ ဖိတ်စာပေးပေးမယ် ထားခဲ့တဲ့. . ."

"ဟ. . . ဖိတ်စာပေးတာလောက်ကတော့ ဇာနည်ပေးတောင် ရတယ်"

ပန်းယမုန်က ပြုံးပြုံးလေးခေါင်းခါတယ်။

"မရဘူး. . . လုံးဝမရနိုင်ဘူး"



"ဒါဆိုငါကသာတယ်ပေါ့"

"အင်း. . ."

"သာချင်ပါတယ်. . . ခက်တာက. . ."

ကျွန်တော်စကားကို မဆက်ဘဲတမင်ရပ်ထားလိုက်တယ်။ ပန်းယမုန်က ရွှေပိုးမျှင်နဲ့ မခင်ရင်တောင်မှ အကြောင်းချင်းရာတွေ တော်တော်တော့ သိထားလောက်တယ်လို့ ထင်တယ်လေ။ ယုစ်နဲ့အတူ နေတဲ့လူတစ်ယောက်အကြောင်း ဂဃနဏမဟုတ်တောင် 'လ,ဥ' လောက်တော့ သိမှာပဲ။

"ဘာခက်တာလဲ. . ."

ပန်းယမုန်က မျက်မှောင်လေးကြုတ်ပြီးမေးတယ်။

"သြော်. . . သူ့မှာက. . . သူတွဲနေတဲ့သူ တစ်ယောက်ရှိသလား လို့. . ."

"တွဲနေတဲ့သူ"

ပန်းယမုန်က ဇဝေဇဝါလေးကြည့်ပြီး ခေါင်းရမ်းတယ်။ သူခေါင်းရမ်းပုံက မသိတာလား၊ မဖြစ်နိုင်တာလား၊ မဟုတ်တာလား ဘာမှန်းကို မခွဲခြားတတ်ဘူး။

"နင်က ဘာကိုခေါင်းရမ်းတာလဲ"

"မသိဘူး. . . အဲဒီလူကဘယ်သူလဲ"

ကြည့်ဦး. . .။ ကျွန်တော်မသိတာ မပြောနဲ့။ သူ့ဘာသာ သူတောင်ဘာလို့ခေါင်းရမ်းမှန်း မသိဘူးတဲ့။ ကျွန်တော်က ခပ်တည်တည်နဲ့ပြောလိုက်တယ်။

"နင်မသိဘူးလား. . . ဟိုဆရာဝန်ဟာလေ. . ."

"သြော်. . . သူ့အစ်ကိုဆိုတာလား"

"ဘယ်ကအစ်ကိုရမှာလဲ"

"မတော်ဘူးဆိုရင်တောင် ရည်းစားတော့ မဟုတ်လောက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဘူး. . . "

"နင်က ဘာလို့အတိအကျပြောနိုင်တာလဲ"

"ပြောနိုင်တာပေါ့. . . အဲဒီလူက. . . အိမ်ထောင်ရှိတယ် . . . အဲဒီအမျိုးသမီးနဲ့ ရွှေပိုးမျှင်နဲ့လည်း ညီအစ်မတွေလိုပဲ. . . "

"ဟင်. . . ဟုတ်လား"

ကျွန်တော်. . . အားတက်ဝမ်းသာသွားပုံက အရမ်းကြီး သိသာသွားမှာသေချာပါတယ်။ ဒါပေမယ့် မတတ်နိုင်ဘူး။ ကျွန်တော် ဟန်မဆောင်နိုင်တော့ဘူး။ ပန်းယမုန်က ကျွန်တော့်အဖြစ်ကိုကြည့်ပြီး မျက်စောင်းထိုးကာ. . . ရယ်တယ်။

"အံ့ဩပါရဲ့"တဲ့။

နှုတ်ကလည်း ရေရွတ်သေးတယ်။ ဘာကို အံ့ဩတာလဲ။ ကျွန်တော်ပျော်သွားတာကိုလား. . . ဒါလေးတောင် မသိရတာကိုလား. . . လို့သွားမမေးနဲ့။ သူ့ဘာသာသူ ဘာကိုအံ့ဩမှန်းတောင် သိမှာမဟုတ်ဘူး။

ချက်ချင်းပဲ ဖုန်းကိုလှမ်းဆွဲပြီး ရွှေပိုးမျှင်တို့ရုံးကို ဖုန်းဆက်လိုက်တယ်။ ဖိတ်စာရောက်နေတာ လာယူဖို့။ ပန်းယမုန်က ကျွန်တော့်ကို ကြည့်ပြီး ရယ်ပြန်ပါတယ်။ "အံ့ဩပါရဲ့"လို့လည်း ထပ်ရေရွတ်တယ်။ ဒီတစ်ခါတော့ ကျွန်တော်သူဘာကိုအံ့ဩတယ်ဆိုတာ သိလည်းမသိချင်တော့ဘူး။ တွေးလည်းမတွေးချင်တော့ဘူး။ ကျွန်တော့်အာရုံထဲမှာ ရွှေပိုးမျှင်ရဲ့ အသံပဲရှိတော့တယ်။

ညနေ (၆)နာရီလောက်ကျတော့. . . ရွှေပိုးမျှင်ရောက်လာတယ်။ ကျွန်တော့်ကိုလည်းတွေ့ရော. . . တအံ့တဩနဲ့. . . ။

"ဟင်. . . ပြန်ဖျားတာလား. . . "

"အင်း. . . နေမကောင်းတာပါ"

"ဘယ်တုန်းကလဲ"





"မကြာသေးပါဘူး"

သူမနဲ့တွေ့ခဲ့တဲ့နေ့ကတည်းကဆိုတာ မပြောတော့ဘူး။ ဒါတောင်မှ သူက ကရုဏာဒေါသောနဲ့ ပြောနေသေးတာ။

"မိုးထဲလေထဲသိပ်မထွက်နဲ့လေ၊ အစားလည်းပျော့ပျော့စား. . . "

"ခုဟာက ရိုးရိုးဖျားတာပါ"

"ကျွန်မကို လှမ်းပြောရောပေါ့"

"ဘာလဲ. . . ဆရာဝန်ခေါ်လာပေးမလို့လား"

ကျွန်တော့်စကားက. . . ယောကျ်ားသိပ်မဆန်ဘူးဆိုတာ ကျွန်တော့်ဘာသာသိပေမယ့် မတတ်နိုင်ဘူး။ သူမကတော့. . . ဘာမှတွေးမိပုံ မပေါ်ဘူး။ အရိုးခံနဲ့ပြောနေသေးတယ်။

"ခေါ်ပေးဆိုလည်း ခေါ်ပေးလို့ရပါတယ်. . . အဓိကက. . . ကျွန်မလာကြည့်လို့ရတာပေါ့. . . ဒါကိုပြောတာ. . . "

သူမကလာကြည့်ပြီး ဘာလုပ်မှာတဲ့လဲ။

လာပြုစုပေးမှာမို့လို့လား။ ဘာအတွက်နဲ့ သူမက ကျွန်တော့်ကို စိတ်ပူပေးရတာလဲ။ လာကြည့်ပေးချင်ရတာလဲလို့လည်း တွေးမိပါရဲ့။ သူများက ရိုးရိုးစေတနာထားတာကို ကျွန်တော်က အမြင်မှားနေတာလေလားလို့လည်း စဉ်းစားမိတယ်။

"ခု. . . ကျွန်မ. . . Season က ပူတင်းတွေဝယ်လာတယ် စားပါလား"

"ရပါတယ်. . . "

"မရနဲ့ ကျွန်မထည့်ပေးမယ်"

ပြောပြောဆိုဆို သူမက စားပွဲပေါ်မှာအသင့်တင်ထားတဲ့ ပန်းကန်နဲ့ ဇွန်းကိုဆွဲယူထည့်ပေးတယ်။ ကျွန်တော်ကြည်နူးသွားလို့ ဖြစ်သွားပြီးမှ မောင်မောင့်ကိုလည်း ဒီလိုပဲ ပြင်ဆင်ကျွေးခဲ့တာပဲဆိုတာ သွားသတိရတယ်။ ဒီလိုကြင်နာတတ်တာ၊ ယုယတတ်တာ သူမရဲ့

www.burmeseclassic.com



ပင်ကိုစိတ်ကလေးသာဆိုရင်တော့ သွားပါလေရောပဲ. . .။

ကျွန်တော့်ကို ပူတင်းကျွေး၊ Ovaltine'ဖျော်တိုက်၊ သောက်ရမယ့် ဆေးပါမေးပြီး တိုက်သွားတဲ့ ရွှေပိုးမျှင်ကို ကျွန်တော်ဘယ်လိုနားလည်ရမှန်းမသိဘူး။ နားလည်ချင်သလို နားလည်လိုက်မိပြန်ရင်လည်း ကျွန်တော်ပဲ ရှုံးရဦးမှာ။

ပြန်ရောက်လာတဲ့မင်းသော်က. . . ဒီကဖြစ်စဉ်တွေကို အစအဆုံးမြင်လိုက်တာမို့ ရွှေပိုးမျှင်ပြန်သွားတော့. . . တစ်စခန်းထ,တယ်။

"မင်းရောဂါတွေပျောက်သွားပြီ. . . မဟုတ်လား"

"ဟာကွာ. . ."

"မင်းဒါကို စောင့်ပြီးဖျားနေတာလေ. . . ခုတော့ O.Kသွားတာပေါ့. . ."

ဖြစ်ရတယ်။ ဒါကိုပဲ ကျွန်တော်က စောင့်ဖျားနေတာတဲ့။ အံ့သြပါရဲ့. . . လို့ ပန်းယမုန်လိုရေရွတ်ရရင် မကောင်းရှိကုန်တော့မယ်။ ဖျားတာတောင်မှ မျှော်ကိုးပြီးဖျားတယ်ဆိုတာ သူတို့တွေ့ဖူးလား မသိဘူး။ ကျွန်တော် ဘာမှပြန်မပြောတော့ဘူး။ တော်ကြာ. . . သီလပါပြန်ရောက်လာရင် ကျွန်တော်ရှုံးနိမ့်သွားမှာသေချာတာမို့ အထဲပြန်ဝင်အိပ်နေလိုက်တယ်။

ခေါင်းချတာနဲ့ အိပ်ပျော်သွားတတ်တဲ့အခါသမယ မဟုတ်တော့ ရာသီဥတုတွေကိုလည်း ကြည့်ရသေးတယ်လေ။ ကောင်းကင်မှာက ဘယ်လိုမုန်တိုင်းတွေဆင်နေသလဲမှ မသိတာ။

❄ ❄ ❄



## အခန်း (၁၇)

သူတို့ အပြောအရဆိုရင်တော့ ကျွန်တော်ဟာ အနာနဲ့ဆေး တွေ့သွားတဲ့လူမမာပေါ့. . .။ တကယ့်တကယ်မှာဆေးက ရွှေပိုးမျှင် မဟုတ်ဘဲ. . . ၆က/. . . ကားပြာလေးရဲ့အရှင်သခင် ဆရာဝန်ဆိုတာကိုတော့ ဘယ်သူမှသိမှာမဟုတ်ပါဘူး။ အဲဒီလူကို သူ့အမျိုးသမီးလို့ ယူဆရတဲ့ အမျိုးသမီးတစ်ယောက်နဲ့ 'စိန်လျှံ'မှာတွေ့လိုက်တဲ့ နေ့တည်းက ကျွန်တော်ဆုံးဖြတ်ချက်တစ်ခု အတိအလင်းကျသွားတယ်။ အဲဒါကတော့ ရွှေပိုးမျှင်ကို ဖွင့်ပြောဖို့ပါ။

လောကမှာရှိတဲ့ ပုရိသတွေတော်တော်များများဟာ အတော်တော်မှန်း ကျွန်တော်ခုမှလက်တွေ့ကျကျသိလိုက်ရတယ်။ အထူးသဖြင့် ရည်းစားထည်လဲတွဲတယ်ဆိုတဲ့ ကိုယ်တော်တွေ။ ဒီရည်းစားတွေကို ဘယ်လိုများရည်းစားစကားပြောခဲ့လဲ သိချင်မိနေတယ်။ ပြဿနာက

www.burmeseclassic.com



အဲဒီမှာ စ,တာပါ။ ဆုံးဖြတ်ချက်ကြီးကျပြီးကာမှပဲ. . . ရည်းစားစကားကို ဘယ်နားက စ,ပြောရမှန်းမသိဘူး။ ဘယ်လိုစ,ပြောရမှန်းမသိဘူး။ ဘယ်နားမှာ ပြောရမှန်း မသိဘူး။ ခက်တော့ခက်နေတာမှန်ပေမယ့် ကိုယ့်ဘာသာကိုယ်ပဲ မီးစင်ကြည့်က,ရမှာပဲ။ ဘယ်သူမှလည်း ဆရာမတင်ရဲသလို တင်လို့လည်း မဖြစ်ဘူးမဟုတ်လား။

"ရွှေပိုးမျှင်ကို ကျွန်တော်ချစ်တယ်"

"ကျွန်တော်. . . ရွှေပိုးမျှင်ကိုချစ်တယ်"

"ကျွန်တော်ချစ်တယ်. . . ရွှေပိုးမျှင်ကို. . ."

"ရွှေပိုးမျှင်ကိုချစ်တယ်. . . ကျွန်တော်က. . ."

အဲဒါပဲကြည့်ပါတော့။ ပို့စ်မော်ဒန်ဝတ္ထုရေးနေတာ မဟုတ်ပါဘူး။ စကားလုံးစီရင်းစီရင်း တဖြည်းဖြည်း လွဲလာတာကိုပြောတာပါ။ ဒါတောင် သူမရှေ့မရောက်သေးဘူး။ ရောက်ရင် စကားလုံးတွေပိုလွှမ်းပစ်ကုန်မလားမသိဘူး။ သူမကိုကြောက်လို့ မပြောရဲတာမျိုး မဟုတ်ပါဘဲနဲ့ကို အဆင်မချောတာ။ အချစ်ရဲ့တန်ခိုးဆိုတာကြောင့်လား။ တချို့ကျတော့ အချစ်ရဲ့အစွမ်းကြောင့် ပိုပြီးရဲတင်းအားတက်လာတတ်သတဲ့။ သူ့ကျတော့ ပြောင်းပြန်။ ပိုပိုပြီးအားလျော့လာသလို ထင်မိသေးတယ်။

မီးစင်ကြည့်က,တယ်. . . ဆိုတဲ့စကားအတိုင်းပဲနေရတော့မယ်ထင်ပါရဲ့။ ဒီနေ့ ရွှေပိုးမျှင်နဲ့အတူ ယုံစံဆုံးတာ ခြောက်လပြည့်တဲ့ အထိမ်းအမှတ်အဖြစ် ဘုရားမှာသွားပြီး မောင်မောင်နဲ့ ယုံစံအတွက် ကုသိုလ်ပြုဖြစ်ကြတယ်။ သူတို့တွေ ကုသိုလ်ရမရတော့ မသိဘူး။ ကျွန်တော်ကတော့ ကုသိုလ်ရတာ အမှန်ပဲ။

"နိုဗင်ဘာထဲဝင်လာတာတောင် မအေးသေးဘူးနော်"

"ဟုတ်ပါရဲ့. . . ကျွန်တော်က ဆောင်းတွင်းတော့နေရထိုင်ရတာ အဆင်ပြေတတ်တယ်။ ဒါပေမယ့်. . . ခုကျပူတာ့ဝသူနဲ့"

"သိပ်မအေးတာကြာပြီပဲ"

"မဟုတ်ဘူး. . . ကျွန်တော်က ရာသီဥတုပူတာရော၊ ရင်ပူတာရော. . ."

အလှဲ့. . .။ ပြောပြီး ကိုယ့်ကိုယ်ကို တစ်မှတ်လို့ပေးလိုက်တယ်။

"ဟင်. . . ရင်ကဘာလို့ ပူရတာလဲ. . . အစာအိမ်ကြောင့်ဆိုရင်တော့ မကောင်းဘူး"

ကရုဏာစကားတော့ ကရုဏာစကားပါပဲ။ ဒါပေမယ့် ကျွန်တော့်ဘာသာ ကျွန်တော်ပေးထားတဲ့အမှတ်တွေကို ပြန်နုတ်ပစ်လိုက်ရတယ်။ လမ်းက မတည့်သေးဘူး။

"ဒီလိုပါပဲ. . . အစာအိမ်လို့ထင်ရတာပေါ့လေ"

"မပူမပင်နဲ့ ကြည့်စမ်း. . . ထင်ရတာပေါ့လေတဲ့. . . ကိုယ့်ကိုယ်ကိုလည်း ဂရုစိုက်ဦး. . . ဟိုဟာဖြစ်ဒီဟာဖြစ်နဲ့. . ."

"သူများ ဂရုစိုက်တာခံချင်လို့လေ. . ."

ကျွန်တော့်စကားကြောင့် ရွှေပိုးမျှင်က အံ့ဩသလိုကြည့်တယ်။

"ဟင်. . . အံ့ရော. . . ဂရုစိုက်ခံချင်တာနဲ့ပဲ. . . ဒုက္ခခံမလား". . . တဲ့။

ကဲ. . . ကြည့်။ တစ်မှတ်မှ ပေးမထားရသေးတော့ **minus** ပါပြပါလေရော။

"ဂရုစိုက်မယ်ဆိုရင်တော့ ဒုက္ခခံရကျိုးနပ်တာပေါ့"

ကျွန်တော်ကလည်း ပေါက်တဲ့နဖူးမထူးဘူးဆိုပြီး ဆက်ပြောလိုက်တယ်။ ရွှေပိုးမျှင်က ထူးထူးဆန်းဆန်းမျက်စောင်းထိုးပါတယ်။ ဒါပေမယ့် အဲဒီမျက်စောင်းက မမာကျောဘူး။ အရုပ်မဆိုးဘူး။ လှတယ်။

"ရှင်. . . ဖျားပဲနေလေ. . . အိပ်ရာထဲမှာနေ၊ ကျွန်မရက်ခြားလာကြည့်မယ်"

"ရက်ခြားပဲလား"

"ကားခပါရရင်တော့ နေ့တိုင်းလာမှာပေါ့"




www.burmeseclassic.com

www.burmeseclassic.com



" overtime ကြေးပါပေးမယ်"

"အဆင်ပြေတာပေါ့. . . ဖျားနေလိုက် . . . ခုပဲဖျားနေလိုက်တော့. . . ကြာတယ်"

သူမကရွဲ့ပြီး ကျွန်တော့်ကျောပိုးအိတ်ကိုလှမ်းဆွဲချရင်းပြောတယ်။

"တကယ်ဖျားမယ်. . ."

"ရှင်. . . ဘယ်အချိန်အလုပ်လုပ်မလဲ"

"အဖျားပျောက်ရင်. . . အင်း. . . ပြီးတော့. . . လိုတာရရင်"

"ရှင်လိုတာက ဘာတွေလဲ"

"ကျွန်တော်လိုတာက. . . အချစ်"

ထင်တောင်ထင်မထားဘူး။ ပါးစပ်က အခါအခွင့်သင့်လို့ထွက်သွားတဲ့စကားလုံး ရွှေချထားဖို့တောင်ကောင်းတယ်။ ပေးမှတ်ကလည်း 100% အပြည့်ပေါ့။

"အံမယ်. . . အဲဒီစာအုပ်က. . . ခု. . . မရှိတော့ဘူး"

"ဂျာနယ်လား. . . မဟုတ်ဘူးလေ"

"ဩော်. . . သုမောင်ရဲ့ အချစ်ကိုပြောတာလားလို့ပါ. . ."

"ဟင်. . . ဘယ်က သုမောင်လဲ. . . သိုးကောင်းရဲ့အချစ်"

ထင်မှတ်မထားပါဘဲ. . . ရွှေပိုးမျှင်က ဟာသတစ်ခုကိုကြားရသလို တခစ်ခစ်ရယ်တယ်။ လှောင်ရယ်တာနဲ့တော့ မထူးပါဘူး။ သဘောတကျရယ်နေတာနဲ့ တူတယ်။

"ကဲပါ. . . ဗုဒ္ဓဟူးထောင့်ကိုရှာရအောင်ပါ"

ရွှေပိုးမျှင်က စကားကိုလွှဲတယ်။ ကျွန်တော့်အတွက်ကတော့ ဒီအချိန်ကျမှ စကားလွှဲခံလို့ မရတော့ဘူး။ လမ်းကြောင်းပြန်တည့်မှ ရတော့မယ်။

"ဗုဒ္ဓဟူးထောင့်ကိုတွေ့ရင် ကျွန်တော်လိုချင်တာကို ပေးမှာ





လား"

အဲဒီတော့ ရွှေပိုးမျှင်က ကျွန်တော့်ကို မျက်လုံးပြူးကြည့်တယ်။

"မြတ်စွာဘုရား. . . ရှင်လိုချင်တာကို ကျွန်မကပေးရမှာလား"

"ဟုတ်တယ်. . . ခင်ဗျားပေးရမှာဆိုတာထက် ခင်ဗျားဆီကပဲ လိုချင်တာ. . ."

ကျွန်တော်ကတော့ ရှေ့သို့ပဲချီမိတော့တယ်။ နောက်တစ်ကြိမ်အခွင့်အရေးရဖို့ဆိုတာက လွယ်တာမဟုတ်ဘူးလေ။ ရွှေပိုးမျှင်က မျက်မှောင်ကြုတ်ပြီး ကျွန်တော့်မျက်နှာကို စူးစူးလေးကြည့်တယ်။

"ရှင်. . . ရည်းစားစကားပြောနေတာလား"

"အဲဒီလိုပါပဲ. . ."

"ဟင်. . . တကယ်ပြောတာလား"

"တကယ်ပါ. . . ဒါ. . . နောက်စရာမှ မဟုတ်တာ. . ."

"အာ. . . ဒါဆို. . . ကျွန်မက. . . ရှင့်ကိုအဖြေပေးရမှာပေါ့"

လွယ်လည်းမလေး။ ကျွန်တော်က သူ့ထက်လည်ဖို့ကြိုးစားရတော့မှာပေါ့။

"ဟင့်အင်း. . . ကျွန်တော်ပြောပြီးပြီလေ. . . ကျွန်တော် လိုချင် တာ အဖြေမှမဟုတ်တာ. . . အချစ်. . ."

ရွှေပိုးမျှင်က ခပ်ဖွဖွလေးပြုံးတယ်။ သူပြုံးတာက ဘာအဓိပ္ပာယ်လဲဆိုတာ ကျွန်တော်မသိဘူး။ တစ်မျိုးတော့တစ်မျိုးပဲ။

"ကျွန်မမှာ. . . အဲဒီအချစ်က မရှိဘူးဆိုရင်ကော. . ."

အဲ. . . ခနဲ အသံမမြည်အောင် ကျွန်တော်ကြိုးစားလိုက်ရတယ်။ ဦးနှောက်ကိုလည်း ကပျာကယာညှစ်ထုတ်ပြီး အလုပ်ပေးလိုက်ရတယ်။ ဘာပြန်ပြောရမလဲ. . .။

"အဲဒီအချစ်မရှိလည်း ရှိတဲ့အချစ်ပဲပေးပါ. . ."

"ဘာအချစ်မှ မရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ကျွန်တော်မယုံဘူး"

"မယုံတာတော့ ကျွန်မ,မတတ်နိုင်ဘူး. . . ပေးချင်ပါတယ်၊ မရှိလို့မပေးနိုင်တာကိုတော့ စိတ်မကောင်းပါဘူး"

"ကျွန်တော်ကတော့ ရှိလို့ပေးမယ့်နေ့ထိ စောင့်ရမှာပေါ့"

ရွှေပိုးမျှင်က လွင်လွင်ကလေးရယ်တယ်။ သူ့အသံက အရမ်းတော့ကြည်လင်မနေတော့ဘူး။

"ကဲပါ. . . အဲဒီထိမစောင့်နိုင်တောင်. . . ခုတော့ ခဏစောင့်ပါ. . . ဗုဒ္ဓဟူးထောင့်မှာ ကျွန်မယုစ်အတွက် ကုသိုလ်ပြုလိုက်ဦးမယ်"

မတတ်သာတဲ့အဆုံးတော့ ကျွန်တော်ခေါင်းပဲညိတ်ပြလိုက်ရတော့တာပေါ့။ စိတ်ထဲကတော့ ယုစ်ကိုကော. . . ဘုရားကိုကောကြိတ်တောင်းပန်ရတယ်။ ကျွန်တော့်မှာခုချိန်. . . ဘာမှ စိတ်မဝင်စားနိုင်တာကို နားလည်ပေးဖို့။ ရွှေပိုးမျှင်ကတော့ ဘုရားကန်တော့၊ ရေသပ္ပာယ်၊ ဆီမီးပူဇော်နဲ့ အတော်ကြာတယ်။ ကျွန်တော့်အတွက်ကတော့ ကမ္ဘာတွေအသချေကြာနေသလိုပဲပေါ့။

"ပျင်းနေပြီလား"

"ဟင့်အင်း"

တကယ်က. . . ပြင်းနေတာ။ ဘာပြင်းတာလဲဆိုတော့. . . ရောဂါပြင်းနေတာလို့ ပြောလိုက်ချင်တာပါ။ မပြောဖြစ်တဲ့စကားတွေကို မေ့ဖျောက်ပစ်လိုက်ရတာ လွယ်ကူလားတော့ မသိဘူး။ ကျွန်တော်ကတော့ ကြိုးစားမေ့လိုက်တယ်။

"ဗိုက်ဆာပြီလား"

"ဟင့်အင်း"

အမှန်တကယ်မဆာတာပါ။ ရင်ထဲဆာရကောင်းမှန်းတောင် မသိသလိုဘဲ။ ဒါပေမယ့် 'ဟင့်အင်း'က နှစ်ခါဆင့်သွားတော့၊ ကျွန်တော့်ပုံစံကို တစ်မျိုးထင်သွားလား မသိဘူး။ ကျွန်တော့်ကို မျက်မှောင်ကြုတ်



ပြီးကြည့်တယ်။

"ဘာကြည့်တာလဲ. . ."

"ဘာမှားနေလဲလို့"

"ဘာမှ မမှားဘူး. . . မှန်နေတာ"

စိတ်ထိန်းထားတဲ့ကြားက ရွှဲ့တဲ့တဲ့စကားထွက်သွားတာမို့ သူမက ရယ်တယ်။

"မှန်သွားတာဆိုတော့. . . ရေချိန်ကိုက်သွားတာပေါ့. . . ဟုတ်လား"

"ဟုတ်မှာပေါ့. . . အဲဒီရေချိန်က ပြင်းတယ်"

ဒီတစ်ခါတော့. . . သူမ,မရယ်ပါဘူး။ ကျွန်တော်မကြားဘူးအထင်နဲ့သက်ပြင်းတစ်ခုကို ခပ်ဖွဖွလေးချတယ်။ ပြီးတော့ သူမအကြည့်တွေက ရီဝေဝေလွင့်သွားတယ်။ ခုမှ. . . တကယ်ပဲ တစ်ခုခုမှားသွားသလို စတင်ခံစားလိုက်ရတာပါ။ ဝေးလွင့်ထွက်သွားတဲ့ အတွေးတစ်ခုရဲ့ ခရီးအဆုံးမှာ ဘာရှိမလဲဆိုတာ. . . ဘယ်သူသိနိုင်မှာလဲ။ ကာယကံရှင်တောင် သေချာရဲ့လားမသိတဲ့ အတွေးစဉ်ကြောမှာ ကျွန်တော်က ဘယ်လိုစောကြောခွင့်ရှိနိုင်မှာတဲ့လဲ။

ဘုရားပေါ်က ကြားနေရတဲ့ဆည်းလည်းသံလွင်လွင်လေးကို ကြားနေရတယ်။ သူမရဲ့ရယ်သံလောက် မချိုလွင်ချင်ဘူး။ ဖြတ်သန်းတိုက်ခတ်သွားတဲ့ လေညှင်းကလည်း သူမရဲ့သက်ပြင်းခိုးတွေ မျောလွင့်နေလို့လား မသိဘူး။ ပူသလိုခံစားနေရလေရဲ့။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"အဲဒါဆို. . . အဖြေစောင့်ဖို့ပဲ ကျန်တာပေါ့. . ."

ကျွန်တော့်စကားကြောင့် ဇာနည်က အဖြေရတော့မှာ သူပဲလိုလို့နဲ့ ဝမ်းသာအားရ ထ,မေးတယ်။ ပြည့်သဒါးနဲ့ ယမုန်က သူ့ကို နားမလည်သလို ကြည့်နေကြတယ်။ ကျွန်တော်လည်း ဇာနည့်ကို တအံ့တသြဖြစ်နေရင်းကပဲ ဖြေရှင်းရတယ်။

"အဲဒီအဆင့်လည်း မဟုတ်သေးဘူး"

"ဟင်. . . အစ်ကို့ဟာက ဒါဆိုဘာလဲ"

ရောက်နေတာ မကြာသေးတဲ့ စနေကပါ ဝင်ပြောတယ်။

"သူက အပြတ်ပြောသွားတာ. . ."

"ဘာလဲ. . . မချစ်တူးတဲ့လား"

"သူမှာ အချစ်မရှိဘူးတဲ့. . ."



"သေရော. . ."

အားလုံးက. . . နဖူး ရိုက်သူရိုက်၊ ရယ်သူရယ်ဖြစ်သွားပေမယ့် ဇာနည်က မရယ်ဘူး။ မျက်မှောင်ကြုတ်ပြီး စဉ်းစားရင်းက ကျွန်တော့်ကို ပြောတယ်။

"အဲဒါဖြစ်နိုင်တယ်. . ."တဲ့။

ပြည့်သဒါးကတော့ ဝင်ငြင်းတယ်။

"မဖြစ်နိုင်တာ. . . အချစ်မရှိတဲ့ **သူဆိုတာလောကမှာ မရှိ**ပါဘူး၊ ခုဟာက သူ့မှာပေးစရာမရှိတော့တာ **ဖြစ်နိုင်တယ်. . . ဘယ်**တော့မှ ဘယ်သူ့ကိုမှ မပေးတော့ပါဘူးလို့ **ဆုံးဖြတ်ပြီးလို့သော်**လည်းကောင်း၊ တစ်ယောက်ယောက်အတွက် **လျှာထားလို့သော်**လည်းကောင်း၊ တစ်ယောက် ယောက်ကိုပေး**ခဲ့ပြီးလို့သော်**လည်းကောင်း၊ ဘယ်သူမှ မပေးလိုက်ရပါဘဲ အဖူးဘဝတွင် **ဇာတ်သိမ်း**သွားလို့သော်လည်းကောင်း. . ."

"တော်တော်. . . တော်. . ."

ယမုန်က ဝင်အော်တော့မှ. . . ပြည့်သဒါးရဲ့ 'လည်း**ကောင်း**'**တွေ**ရပ်သွားတော့တယ်။

"တော်ကြပါတော့ကွာ. . . ခေါင်းရှုပ်ရတဲ့ထဲ. . ."

စနေကတော့ သူနဲ့မဆိုင်တဲ့အပြင် သူစိတ်ဝင်စားတဲ့ **topic** လည်း ဟုတ်ပုံမရတဲ့အတွက် တော်ခိုင်းတယ်။ သူ့စကားကို **နားထောင်**တယ် မဟုတ်ပေမယ့် အဖြေမထွက်မယ့်အတူတူတော့ **ဆက်မဆွေးနွေး**တာက အကောင်းဆုံး မဟုတ်လား။

ဒီနေ့က. . . ဇာနည့်အိမ်မှာ. . . ဘုရားကိုးဆူကပ်တဲ့**နေ့မို့** ကျွန်တော်တို့ လူစုံနေကြတာ။ ဇာနည်ကတော့ ထုံးစံအတိုင်း **ရွှေပိုး**ကို ဖိတ်ချင်လျက်နဲ့ မဖိတ်ရဲတာမို့. . . မဖိတ်လိုက်ရဘူး။ **ကျွန်တော်**ကလည်း ယမုန့်တုန်းကလိုတောင် ဖိတ်စာယူပြီး **ပေးရှာရလောက်**



www.burmeseclassic.com

www.burmeseclassic.com



အောင် ကိုယ့်ကိုယ်ကို လိပ်ပြာမလုံချင်ပြန်ဘူးလေ။ တော်ကြာ... ဇာနည့်အတွက်ကော ကျွန်တော့်အတွက်ပါ... ဆင်ကွက်လို့ထင်သွားမှာစိုးလို့ပါ...။

နောက်တစ်နေ့ကျတော့... ကျွန်တော်ရယ်၊ မင်းသော်ရယ်၊ မင်းသော်ရဲ့ကီစ္စတစ်ခုနဲ့ National CD ကိုသွားတော့ အဲဒီနားမှာ ကားရပ်မရဖြစ်နေတုန်း... ရွှေပိုးမျှင်တို့ရုံးက ကားကိုတွေ့လိုက်ရတယ်။ ရုံးတံဆိပ်နဲ့ကားမို့ သူတို့ရုံးကားမှန်းသိတာပါ။ ဒီကားက သူတို့ဖယ်ရီမှ မဟုတ်တာ။ ကျွန်တော်မမြင်ဖူးဘူး။ ကားပေါ်မှာ ဒရိုင်ဘာပဲရှိတယ်။

ကျွန်တော်နဲ့ မင်းသော်နေရာရှာရပ်ပြီး National ထဲကို ဝင်ခဲ့ကြတော့ အထဲမှာ CD ရှာနေတဲ့ ရွှေပိုးမျှင်နဲ့ ကောင်မလေးတစ်ယောက်ကို သူတို့ uniform နဲ့တွေ့လိုက်ရတယ်။

"ရွှေပိုးမျှင်"

"ဟင်... ကိုသိုးကောင်း"

သူတို့ခေါ်သလိုလိုက်ခေါ်တာမို့ မင်းသော်က ရယ်တယ်။

"ဒီကောင်မကောင်းတော့ဘူး"

"ဆိုးနေပြီလား"

"မဟုတ်ဘူး... နာနေပြီ"

"ဒါဆို... သိုးနာပေါ့"

" Yes "

ရွှေပိုးမျှင်နဲ့ မင်းသော်က ပေါက်ကရတွေပြောပြီး ရယ်နေကြတယ်။ အံ့ရော...။ တစ်ခါမှ ဒီလောက်ကြီးစကားမပြောဖူးကြပါပဲနဲ့ ဘာလို့ခုမှ အပေးအယူတည့်သွားမှန်း မသိဘူး။ ဘာနက္ခတ်တွေကြွနေမှန်းကို မသိတာပါ။

"ဘာလာလုပ်တာလဲ... CD လာရှာတာဆိုရင်တော့





ကိုမင်းသော် ကီစ္စပဲဖြစ်ရမယ်"

"ဒါပေါ့... သူက ပညာရှင်လေ၊ ကျွန်တော်က ဒရိုင်ဘာအဆင့်ပဲရှိတာ"

ကျွန်တော်စိတ်ပေါက်ပေါက်နဲ့ ပြောပစ်လိုက်တယ်။ ကလေးဆန်တယ်ထင်လည်း မတတ်နိုင်တော့ဘူး။ ရွှေပိုးမျှင်က ရယ်ချင်ချင်မျက်နှာနဲ့ မင်းသော်ကို စစ်ကူတောင်းသလိုကြည့်တယ်။ မင်းသော်က ပုခုံးတွန့်ပြလိုက်တော့... ရွှေပိုးမျှင်က ပြောတယ်။

"အဲလိုပြောမိလို့လားရှင့်..."

"အဲလိုပြောသလိုပါပဲ..."

"သူကနာနေပြီလေ..."

မင်းသော်ကခပ်တည်တည်နဲ့ဝင်ပြောလို့ ဘေးကကောင်မလေးကတောင် အသာကြိတ်ရယ်လိုက်တာကိုတွေ့ရတယ်။ ရွှေပိုးမျှင်ကတော့ ရယ်ချင်တာကို ထိန်းလိုက်ပြီး...

"အဲလို မပြောပါနဲ့ ကိုမင်းသော်ရဲ့... ကျွန်မမိတ်ဆွေကောင်းလေးက... သိုးထိန်းကောင်းကြီးပါ"

"ခရစ်ယာန်ဘာသာမှာတော့ သိုးထိန်းကောင်းဆိုဟာ... Jesus Christ ပဲ"

"Jesus Christ ဆိုတာ ခရစ်ယာန်ဘာသာဝင်တွေရဲ့ အရှင်သခင်ပေါ့"

ကျွန်တော် အဲလိုပြန်မေးမယ်လို့... ထင်မထားတဲ့အတွက် သူမ ဇဝေဇဝါလေး ခေါင်းညိတ်တယ်။

"ကျွန်တော်က သူတို့ရဲ့ အရှင်သခင်မဖြစ်ချင်ဘူး... သူတစ်ယောက်ရဲ့ သိုးကလေးပဲဖြစ်ချင်တာပါ"

ကျွန်တော့်စကားက အဓိပ္ပာယ်အများကြီးကိုဆောင်ပြီး ဓနိုးသားမှန်း သူတို့လည်း သိကြပါတယ်။ ဒါပေမယ့် မသိချင်ယောင်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ပေးကြတယ်။ မင်းသော်နဲ့ ဟိုကောင်မလေးက မသိချင်ယောင်ဆောင်တာ အရေးမကြီးပေမယ့် ရွှေပိုးမျှင်မသိချင်ယောင်ဆောင်တာက အရေးကြီးတယ်။ ဒါပေမယ့် ဘာတတ်နိုင်လို့လဲ။ ဘာမှမတတ်နိုင်ဘူး။ ကျွန်တော်နားမလည်တဲ့ CD တွေ ရွေးချယ်နေတဲ့ နေရာမှာလည်း ကျွန်တော်ဘာမှ နားလည်မှာမဟုတ်တာ သေချာတဲ့အတွက် အပြင်ကပဲ စောင့်နေဖို့ ထွက်ခဲ့လိုက်တယ်။

"ငါ. . . အပြင်ကပဲစောင့်မယ်"

သူတို့နောက်မှာ ဘယ်လိုကြည့်ကျန်ခဲ့မယ်ဆိုတာ ကျွန်တော်စိတ်မဝင်စားတော့ဘူး။ ဗိုလ်ချုပ်လမ်းမပေါ်မှာ ဥဒ်ဟိုသွားလာနေတဲ့ လူတွေနဲ့ ကားတွေကိုပဲ ကြည့်နေလိုက်တော့တယ်။ အဲဒီအချိန်မှာ တိုက်ဆိုင်လွန်းလိုက်တာကွာလို့ပဲ ထ,အော်ရမလား မသိဘူး။ ၆က/. . . ကားအပြာလေးဖြတ်သွားတယ်။ ကားပေါ်မှာ မောင်းသွားတာက ရွှေပိုးမျှင်ရဲ့ ကိုကိုဆိုသူပါ။ သူ့ရဲ့ဘေးမှာတော့ နုနယ်ပျိုမြစ်ပုံရတဲ့ ဖြူဖြူနုနုမိန်းကလေးတစ်ယောက်။ ဘာမှထူးခြားမှုမရှိပါဘဲ သူတို့ကားကို လိုက်ကြည့်နေမိသေးတယ်။

တော်တော်ကြာတော့ မင်းသော်တို့ပြန်ထွက်လာတယ်။

"ရုံးပြန်သွားရမှာမို့ ကျွန်မသွားဦးမယ်. . . ညကျမှ ဖုန်းဆက်လိုက်ဦးမယ်. . ."

"ကောင်းပါပြီ. . ."

ကျွန်တော့်စကားအဆုံးမှာ သူတို့ထွက်သွားကြတယ်. . .။ ကားပေါ်ရောက်တော့မှ မင်းသော်က . . .

"မင်း. . . ဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ"

"မင်း စကားလုံးတွေက ရှိနေသလိုပဲ"

"ရှိသံပေါက်နေလို့လား"





"အသံကိုပြောတာမဟုတ်ဘူး. . . စကားလုံး"

"စိတ်ထင်လို့ပါ. . . မိန်းကလေးတစ်ယောက်က အဖြေမပေးတာနဲ့ ရိုရလောက်အောင် ငါကအောက်တန်းကျတယ်လို့ မင်းထင်လို့လား"

စိတ်ကတိုချင်လာတာမို့ အဲလိုပဲမေးလိုက်တယ်။ ဒီတော့မှ မင်းသော်က. . ကပျာကယာငြင်းတယ်။

"မဟုတ်ပါဘူး. . . ငါက အဲလိုပြောတာ မဟုတ်ပါဘူး"

သူဘာမှဆက်မပြောတော့ပေမယ့် ကျွန်တော့်က တွေးနေမိတယ်။ ခုဆို. . . ကျွန်တော်. . . ရွှေပိုးမျှင်ကိုဖွင့်ပြောထားတာ. . . (၇) ရက်တောင်ကျော်ခဲ့ပြီ။ ဒီကြားထဲမှာ ကျွန်တော်တို့ သုံးခါလောက်ပဲတွေ့တယ်။ ဒီနေ့တွေ့တာနဲ့ပါဆိုရင်. . . လေးကြိမ်မြောက်ပေါ့။ ဘာမှ သိပ်ထူးထူးခြားခြားမရှိပါဘူး။ ကျွန်တော်က လမ်းကြောင်း မသင့်လို့ မမေးမိသလို သူကလည်း ဘာမှမဖြစ်ခဲ့သလိုပဲ။ ဘာစကားမှ စတာဦး မသန်းဘူး။

ဒါဟာ ဘယ်လိုသဘောဘဲလို့တွေးရင်. . . အဖြေကအမျိုးမျိုး ထွက်မှာပဲ။ အကောင်းဘက်ကတွေးရင်တော့ negative မရသေးသရွေ့ positive ကိုမျှော်လင့်ခွင့်ရှိတယ်ပေါ့။ အဆိုးဘက်ကတွေးရင်တော့ ရှောင်တယ်၊ ဖယ်တယ်၊ မသိချင်ယောင်ဆောင်နေတယ်ဆိုတာ ကောင်းတဲ့အလားအလာမှ မဟုတ်တာ။

"မင်းတို့ဘာတွေပြောဖြစ်ကြသေးလဲ"

စကားတွေတိတ်နေပြီးမှ ရုတ်တရက်ကျွန်တော်က မေးလိုက်တာမို့ မင်းသော်တစ်ချက်ကြောင်သွားသေးတယ်။ ပြီးမှ. . .

"ဒီလိုပါပဲ. . . CD အကြောင်းလေးဘာလေးပြောတယ်. . . ပြီးတော့ မင်းကျန်းမာရေးကိုမေးတယ်. . ."

"ငါ့ကျန်းမာရေး. . ."



www.burmeseclassic.com

www.burmeseclassic.com



ထင်မထားတဲ့စကားမို့ ကျွန်တော်တောင်အံ့ဩသွားတယ်။ ကျွန်တော်က ခဏခဏဖျားတတ်လို့မေးတာလား။ ဖျားပဲနေရင်. . . လာကြည့်မယ်ဆိုတဲ့ ကတိစကားကြောင့်လား၊ ဒါမှမဟုတ်. . . စိုးရိမ်လို့လား. . . (ဒါကလိုရာဆွဲတွေးတာ. . . )။

"ဟုတ်တယ်. . . မင်းအစားအသောက်ဆင်ခြင်ရဲ့လား၊ အနေအထိုင်မဆင်ခြင်ရင် ပြန်ဖျားတတ်တယ်. . . ဘာညာကွိကွပေါ့ကွာ"

အဲဒါ. . . ကျွန်တော့်ကိုပြောရမယ့်စကားလေ။ မင်းသော်ကိုကျော်ပြောတာတော့ အဓိပ္ပာယ်မရှိဘူး။ ဒါပေမယ့်. . . အဲဒီစကားကတော့ ဘယ်လိုသဘောနဲ့ပြောသွားပြောသွား၊ ကျွန်တော့်ရဲ့တင်းမာနေတဲ့စိတ်တွေကိုပြေလျော့သွားစေတာ အမှန်ပဲ။ လောကမှာ အရာတိုင်းကိုဝန်ခံစရာမလိုဘူးဆိုတဲ့အတွေးနဲ့ ကျွန်တော်က. . . အဲဒီစကားကြောင့်ရင်ထဲပေါ့ပါးသွားတာကို မင်းသော်ကို ဝန်မခံဖြစ်ပါဘူး။

မင်းသော်ကတော့ ဆက်ပြောနေတယ်။

"အမှန်က. . . မင်းဖျားရင် ပင်ပန်းတာငါတို့ကွ. . . ၊ သူထက်ငါတို့က မင်းဖျားမှာကို ပိုပူကြပါတယ်၊ ဒါတော့ မပြောလိုက်တော့ပါဘူး၊ သူက. . . အဲဒီစကားကို ဘာအဓိပ္ပာယ်နဲ့ပြောလဲမှ မသိတာ" တဲ့။

ကျွန်တော်. . . မင်းသော်မမြင်အောင်ကြိတ်ပြုံးလိုက်မိတယ်ထင်တာပဲ. . . တချို့အဓိပ္ပာယ်တွေက မသိတာကောင်းပါတယ်။ သူငယ်ချင်းရာ. . . လို့လည်း စိတ်ထဲက ပြောလိုက်မိသေးတယ်။ နေကတော့ ကောင်းကင်မှာ အဓိပ္ပာယ်ရှိရှိပူနေဆဲပါ။

❋ ❋ ❋

## အခန်း (၁၉)

မနေ့ညက. . . မျှော်လင့်မထားဘဲ. . . ကျွန်တော့်ဆီ ရွှေပိုးမျှင်တကယ်ပဲဖုန်းဆက်ခဲ့ပါတယ်။ ကျွန်တော်က. . . ဝတ်ကျေတန်းကျေပြောသွားတဲ့စကားလို့ထင်တာ။ ကျွန်တော်တို့ဖုန်းနဲ့စကားတွေ အကြာကြီးမပြောဖြစ်ကြပါဘူး။ ဒီနေ့. . . မွေးနေ့ပွဲလေးတစ်ခုကို. . . ကျွန်တော်ကို အထူးသည့်သည်အနေနဲ့ လာစေချင်လို့ဖိတ်တာ. . . တဲ့။ ဘယ်သူ့မွေးနေ့လဲဆိုတော့လည်း မပြောဘူး။ သေချာတာတော့ သူ့မွေးနေ့ မဟုတ်ဘူးတဲ့။ ဘာမှလဲ. . . မယူခဲ့ပါနဲ့တဲ့။ အဲဒါနဲ့. . . ကျွန်တော်ဒီတိုင်းပဲထွက်လာခဲ့တယ်။

နေရာက. . . Treasure Island ရဲ့အပြင်ဘက်ဝရံတာက. . . စားပွဲတစ်လုံးမှာ။ ရောက်သွားတော့မှပဲ ကျွန်တော်အံ့ဩရတော့တယ်။ သူကိုကိုဒေါက်တာရယ်၊ ဟိုနေ့က ကျွန်တော်တွေ့လိုက်တဲ့ အမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ မောင်မောင်ရယ်. . . ရွှေပိုးမျှင်ရယ်. . . ကျွန်တော့်ကိုစောင့်နေကြတယ်။

"လာ. . . စောင့်နေတာ. . ."

ဆရာဝန်က. . . ကျွန်တော့်ကို တရင်းတနှီးနဲ့ခေါ်တယ်။ တစ်မျိုးပဲ. . .။ သူနဲ့ကျွန်တော်တွေ့မှ မတွေ့ဖူးကြတာ။ ကျွန်တော့်နေရာက မောင်မောင်နဲ့ ရွှေပိုးမျှင်ကြားကခုံ။ ကျွန်တော်. . . လမ်းမှာကားကြပ်နေလို့ ကြာသွားတာကိုတောင်းပန်ရင်း မောင်မောင့်လက်ကိုဆွဲပြီး နှုတ်ဆက်လိုက်တယ်။ မောင်မောင်ကလည်း တရင်းတနှီးပါပဲ။

"ကျွန်တော်. . . အစ်ကို့ကို သတိရနေတာ. . ."တဲ့။

သူဘာကြောင့် ကျွန်တော့်ကို သတိရတယ်ဆိုတာတော့ သူမှပဲသိမှာပါပဲ။ မောင်မောင့်ကို ကြည့်ရတာ ရောဂါသည်နဲ့ မတူပါဘူး။ ဆေးရုံလို အပေါ်ထပ်က ထောင့်ခန်းလေးထဲမှာ လူတွေကို ရှောင်ဖယ်နေစရာမလိုဘူးလို့ ထင်တာပဲ။

"အပြင်မထွက်ဘူးလား၊ ထွက်ရင်. . . ကျွန်တော့်ဆီလာနိုင်ပါတယ်"

မောင်မောင်က ပြုံးရင်းပြောတယ်။

"ခုတလော့ထွက်ဖြစ်ပါတယ်. . . ကျွန်တော်. . . အလုပ်တစ်ခုလုပ်နေတယ်လေ. . ."

"ဟုတ်လား. . . ဘာတွေလဲ"

"ကျွန်တော်. . . ပန်းချီဆွဲတယ်. . . လိုအပ်တဲ့ ပစ္စည်းတွေထွက်ဝယ်ဖြစ်တယ်၊ ဒီက အစ်ကိုနဲ့ပေါ့. . . computer နဲ့ design တချို့လည်း လုပ်ဖြစ်တယ်. . . ကျွန်တော်က အရင်တည်းက လုပ်ခဲ့တာပါ။ ခုမှ အစ်ကို့ရဲ့အားပေးမှုနဲ့ ပြန်လုပ်ဖြစ်တာ၊ ကျွန်တော်စိတ်ဓာတ်တွေကျလို့ မဖြစ်တော့ဘူး. . . အချိန်ရှိတုန်းလုပ်ချင်တာတွေလုပ်ခဲ့ရဦးမှာ"

မောင်မောင့်ပုံစံက ကျွန်တော်တွေ့စကနဲ့ထောင် ပြတူတော့



ဘူး။ စိတ်ဓာတ်ရေးရာတော်တော်အားကောင်းလာပုံရတယ်။ ဒါဟာဟိုဆရာဝန်ပုဂ္ဂိုလ်လေးရဲ့ အရည်အချင်းတွေပဲနေမှာ။ ဒါကြောင့်လည်း ရွှေပိုးမျှင်က သူနဲ့တွေ့ရ စကားပြောရတာ အားရှိတယ်လို့ ပြောတာထင်ပါရဲ့။

"ဟုတ်တယ်. . . ကိုသိုးကောင်း. . . မောင်မောင်အရမ်းတိုးတက်လာပြီ. . . ဒီနေ့ ဒီမွေးနေ့ကို ရွေးလိုက်ရတာနှစ်ချက်ရှိတယ်. . . တစ်ချက်က. . . မောင်မောင့်ကို. . . ယုံအကြောင်းပြောပြချင်လို့. . ."

ကျွန်တော် မောင်မောင့်ကို တစ်ချက်ကြည့်လိုက်တယ်။ မောင်မောင့်ပုံစံက လာမယ့်ဘေးပြေးတွေ့မယ့်သူလို အဆင်သင့်ဖြစ်နေပုံပဲ. . .။

"မောင်မောင်. . ."

"ပြော. . . ရွှေပိုးကောင်. . . ငါသိချင်လှပြီ. . ."

"ယုံဆုံးတာ. . ."

ရွှေပိုးမျှင်စကားမဆုံးသေးဘူး။ မောင်မောင်က ဖြတ်ပြောလိုက်တယ်။

"ဧပြီလ (၃၁)ရက်နေ့တည်းက မဟုတ်လား"

မောင်မောင့်စကားကြောင့် ကျွန်တော်နဲ့ ရွှေပိုးမျှင်တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြတယ်။

"မဟုတ်ပါဘူး. . . ကျွန်တော့်စိတ်ထဲက ကျွန်တော့်ဘာသာသိနေတာ. . . မသေချာတာတစ်ခုပဲ. . . အဲဒီနေ့ထဲက. . . ကျွန်တော့်ရင်ထဲမှာ. . . ဟာနေခဲ့တာ. . . ကျွန်တော်သိနေတယ်. . . ဒါပေမယ့်အားလုံးက ဖုံးထားခဲ့တော့ ကျွန်တော်လည်း မျှော်လင့်ချက်တစ်ခုနဲ့ဆက်နေခဲ့တာ. . . အချိန်တွေကြာလာတာနဲ့အမျှ. . . ကျွန်တော့်ရင်ထဲက သိနေမှုက ပိုသေချာလာခဲ့တယ်. . . ခု. . . ရွှေပိုးကောင်က. . . ဒါကိုအတည်ပြုပေးလိုက်တာပဲ. . . ကျွန်တော့်ကို အရာရာရင်ဆိုင်တတ်

www.burmeseclassic.com



အောင် လှေကျင့်ပေးခဲ့တဲ့. . . ဒီကအစ်ကို့ကိုလည်းကျေးဇူးတင်ပါတယ်"

"မလိုပါဘူး မောင်မောင်ရာ. . ."

ဆရာဝန်ပုဂ္ဂိုလ်က. . . မောင်မောင့်ကိုပြုံးပြီးပြောတယ်။

"ယုစံက. . . ဒီက. . . ကိုသိုးထိန်းရဲ့လက်ထဲမှာ ဆုံးခဲ့တာ. . . အင်း. . . ကားပေါ်မှာဆိုပါတော့"

"ဩော်. . . အဲဒီနေ့က. . . ယုစံငှားသွားတာ အစ်ကို့ကားလား"

"ဗျာ. . ."

ကျွန်တော် မအံ့ဩဘဲ မနေနိုင်ပါဘူး. . .။ ကျွန်တော့်ကားပေါ် ယုံစံတက်သွားတဲ့အထိ. . . မောင်မောင်ကြည့်နေခဲ့တာမျှားလား။

"အဲဒီနေ့က. . . ကျွန်တော်အပြင်ခဏအထွက်မှာ. . . ယုစံကို ဖျပ်ခနဲတွေ့လိုက်တယ်. . . သူဆေးခန်းသွားဖို့လား မသိဘူး. . . သူ ကျွန်တော့်ကိုမြင်သွားသလို ရှိပုံရပါတယ်. . . လိုက်လာတယ်၊ မျက်ခြေ ပြတ်သွားမှ. . . သူ. . . ဇဝေဇဝါနဲ့ ကားတစ်စီးငှားပြီး ပြန်တက်သွား တာ. . . အဲဒါအစ်ကိုကားလား. . ."

"ဟုတ်တယ်. . . သူကားပေါ်ရောက်တော့ တော်တော်လေးကို မောဟိုက်နေပြီ. . ."

မောင်မောင် သူ့ဘာသာသူထိန်းထားတဲ့ကြားက ခေါင်းငိုက် စိုက်ကျသွားတယ်။ သူနဲ့တွေ့မသွားခဲ့ရင်၊ ယုစံဒီလိုရောဂါတက်လာပါ မလားလို့ တွေးမှာပေါ့။ ဒီလိုမှန်းသိရင် ဆိုတဲ့အခြေအနေတွေက နေရာ တိုင်းမှာရှိတာပဲ။ ဒါပေမယ့် မောင်မောင်တော်ရှာပါတယ်။ ချက်ချင်းပြန် မော့လာတယ်။

"အဲဒီနေ့က နင်မရှိဘူးလေ. . . ရွှေပိုးကောင်"

"အင်းလေ. . ."

"ဒီတော့. . ."

ကျွန်တော်ပဲ ကြားဖြတ်ဖြေပေးလိုက်တယ်. . .။



"ယုစံကိစ္စအဝဝကို ကျွန်တော်နဲ့ ပြဿဒါးတို့ စီစဉ်ပေးခဲ့ပါ တယ်"

"ကျွန်တော့်အလှည့်ကျရင်လည်း အစ်ကိုတို့ပဲ စီစဉ်ပေးပေါ့"

အဲလိုပြောလိုက်တဲ့ မောင်မောင့်အသံက. . . အားငယ်စိတ် လျှော့သံ မဟုတ်ဘူး။ တစ်နေ့ကျရင် သူလည်း ဒီခရီးစဉ်ကိုသွားရမှာမို့ လက်မှတ်ဖြတ်ပေးပါလို့ ပြောတဲ့ခရီးသည်လိုပဲ။

"ပြဿဒါးတို့ကိုလည်း ကျွန်တော်သတိရတယ်. . . ကျွန်တော့် ကားတွေရေးပြီးရင် အစ်ကိုက ပြပွဲတစ်ခုလုပ်ပေးမှာ. . . အဲဒီအခါကျ ကျွန်တော်. . . ပြဿဒါးတို့နဲ့ ပြန်ဆက်သွယ်မယ်လို့ အစ်ကို့ကိုပြောထား တယ်"

တတ်လည်း တတ်နိုင်တဲ့ပုဂ္ဂိုလ်ပါပဲ။ သူကြည့်ရတာတို့အ အတော်ငြိမ်းချမ်းတာပါ။ လူတစ်ဖက်သားအတွက် လူဖြစ်လာရတာကို ကျေနပ်နေတဲ့ပုံမျိုး။

တစ်ခေတ်တစ်ခါက ဇီဝကဆိုတာ ဘယ်လိုလဲ ကျွန်တော် မသိ ပါဘူး။ ခု. . . ဒီဆရာဝန်ကိုတော့ ကျွန်တော်ကြည်ညိုလေးစားမိသွား တယ်။

ကျွန်တော်တို့စကားဝိုင်းလေး တိတ်သွားတယ်။

ခဏကြာမှ. . . ဆရာဝန်က. . .

"ပိုးပိုး. . . နောက်တစ်ချက်ကျန်သေးတယ်လေ. . ."လို့ သတိ ပေးတယ်။ ဟုတ်ပါရဲ့။ ရွှေပိုးမျှင်ရဲ့ဒုတိယအချက်ကို ကျွန်တော်လည်း စိတ်ဝင်စားတယ်။ မောင်မောင်လည်း စကားလမ်းကြောင်းလွှဲသွားတဲ့ အတွက် သက်သာမှုတစ်ခုခုရနိုင်တာပေါ့။

"နောက်တစ်ချက်က. . ."

ရွှေပိုးမျှင်က. . . စကားကိုခဏရပ်ထားပြီး ကျွန်တော့်ကိုကြည့် တယ်. . .။

www.burmeseclassic.com



"ရှင့်ကို. . . ကိုကိုနဲ့မိတ်ဆက်ပေးချင်တာ. . . "

"မင်းနာမည်ကိုတော့ ကြားဖူးနေတာကြာပါပြီ. . . ခုမှပဲတွေ့ဖူးတော့တယ်"

"ဟုတ်ကဲ့. . . "

ဘာလို့ကြားဖူးနေရတာလဲဆိုတာ သိချင်လာရပြန်တယ်။ ကျွန်တော်ကတော့ သူ့ကိုတွေ့ဖူးနေတာကြာပြီလို့တော့ မပြောလိုက်တော့ပါဘူး။ ရွှေပိုးမျှင်ရဲ့ ဒုတိယအချက်ဖြစ်တဲ့မိတ်ဆက်ခန်းက တိုတိုနဲ့ပြီးသွားသလိုပဲ။ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် ရင်ထဲတည့်လိုက်ကြလားတော့ မသိပါဘူး။

"ဒါက. . . ကိုယ့်အမျိုးသမီး. . . ဖြူနု. . . တဲ့"

"ဟုတ်ကဲ့. . . "

"ဖြူနုက. . . accident တစ်ခုကြောင့် ခြေနှစ်ချောင်း ဖြတ်ထားရတယ်. . . "

"ဟင်. . . ဟုတ်လား"

ကျွန်တော်တအံ့တဩဖြစ်မိတယ်. . .။ သူမရဲ့ခြေထောက်တွေကို ကျွန်တော်မြင်နေရတာပဲ။ ဒါဆို. . . ခြေတုတွေပေါ့။ သူမကြည့်ရတာတော့ ဘာကိုမှ စိတ်ပျက်အားငယ်နေပုံမရဘူး။ အင်းလေ. . . ဒီလူရဲ့အမျိုးသမီးဖြစ်ရတဲ့ဘဝမှာ ဘာမှစိတ်ညစ်စရာမလိုတော့တာ သေချာနေပြီပဲ။ ကျွန်တော်ကရော. . .။ ကျွန်တော်က စိတ်ဓာတ်ကျလွယ်တဲ့သူမဟုတ်ပေမယ့်. . . သူတစ်ပါးကိုဖေးကူတတ်မှု၊ နားလည်ပေးနိုင်မှု အားနည်းတာတော့အမှန်ပဲ။ ဒါဆို. . . ကျွန်တော့်ဘဝထဲဝင်လာမယ့် လက်တွဲဖော်မိန်းကလေးကိုကော. . . ကံကောင်းတယ်ဆိုနိုင်ပါ့မလား။ မဖြူနုက ကျွန်တော့်ကိုကြည့်ရင်းပြောတယ်။

"မောင့်ညီမက. . . တော်ရုံသံယောဇဉ်ရှိလို့ ခေါ်မိတ်ဆက်ပေးတာ မဟုတ်ဘူး. . . သိလား. . . ရှင်. . . ကျွန်မတို့ညီမလေးကို. . .



ဂရုစိုက်ပါနော်. . . "

မြတ်စွာဘုရား။

ဒီစကားရဲ့အဓိပ္ပာယ်က ဘာလဲ။ နွေးနွေးလေးခုန်သွားတဲ့. . . ရင်ကိုအသာထိန်းလိုက်ရင်း. . . ကျွန်တော်. . . ရွှေပိုးမျှင်ကိုကြည့်မိတယ်။ ကျွန်တော့်ကိုကြည့်မနေဘဲ. . . စားပွဲပေါ်က. . . ဟင်းခွက်တချို့ကို အာရုံပို့ထားတဲ့ပုံဖမ်းနေတာမို့. . . ကျွန်တော် မဖြူနုကို. . . ကပျာကယာပဲ ခေါင်းညိတ်ပြလိုက်ရတယ်။

"စိတ်ချပါ. . . အစ်မ. . . "

ကျွန်တော်တို့စကားစ,တွေကို ခဏဖြတ်ပြီး ထမင်းစားကြတယ်။ ထမင်းစားတော့လည်း ရွှေပိုးမျှင်က. . . အားလုံးကို ဂရုတစိုက်နဲ့ ဟင်းထည့်ပေးနေတာမို့ သိပ်တောင်စားဖြစ်ပုံမရဘူး။ ခုမှ သတိရတာက ဒီနေ့ဟာ. . . ဘယ်သူ့ မွေးနေ့လဲ. . . ဆိုတာပဲ. . .။

"ဒါနဲ့. . . "

"ပြောလေ. . . "

ကျွန်တော့်စကားကို "ကိုကို"က. . . ဝင်ထောက်ပေးတယ်။

"ဒီနေ့က. . . ဘယ်သူ့မွေးနေ့လဲ"

"ကျွန်တော့်မွေးနေ့ပါ. . . "

"သြော်. . . ဒါဆို. . . Happy Birthday ပါအစ်ကို. . . "

"ရပါတယ်. . . ဒါပေမယ့်. . . ဒီနေ့ဟာ. . . တကယ့် **Happy** Birthday ပါပဲ. . . မောင်မောင့်အတွက်ကော. . . ပိုးပိုးအတွက်ကော ကျွန်တော်စိတ်အေးရပြီပေါ့. . . "

မောင်မောင့်အတွက်က. . . ထားပါတော့။ ပိုးပိုးဆိုတဲ့ ရွှေပိုးမျှင်အတွက် စိတ်အေးရတယ်ဆိုတာက ဘာကိုပြောတာလဲ။ ကျွန်တော်နားမလည်ဘူး။ ကျွန်တော်က ရွှေပိုးမျှင်ကို ဂရုစိုက်ပေးမယ် ဆိုတဲ့ကတိကြောင့်လား။ သူတို့က ဘယ်လိုဂရုစိုက်ပေးတာကိုလိုချင်တာ

www.burmeseclassic.com

www.burmeseclassic.com



လဲ။ မိတ်ဆွေသူငယ်ချင်းတစ်ယောက်လိုလား၊ မောင်နှမရင်းချာလိုလား၊ ချစ်သူတစ်ယောက်လိုလား. . . ၊ ဘဝလက်တွဲဖော်တစ်ယောက်လိုလား၊ ကျွန်တော်သိချင်နေတယ်။ ခက်တာက ဘယ်သူ့ကိုမေးရမလဲ မသိတာပါပဲ။

❊ ❊ ❊

BURMESE CLASSIC

## နေ့ရာသီ (၃၁)

အဲဒီညက ကျွန်တော့်ကို ရွှေပိုးမျှင်ကို ပြန်ပို့ဖို့ ကိုကိုဆိုတဲ့ ပုဂ္ဂိုလ်က အမိန့်ချတယ်။ သူ့အမိန့်မချလည်း ကျွန်တော်က ပို့မှာပါပဲ။

အပြန်လမ်းမှာ တိတ်ဆိတ်နေတဲ့ ရွှေပိုးကောင်လေးကို ကျွန်တော်ကပဲ မနေနိုင်စွာမေးရတယ်။

"ရွှေပိုးမျှင်. . ."

"ဟုတ်ကဲ့. . ."

"ကျွန်တော့်ကို. . . ကိုကိုနဲ့မိတ်ဆက်ပေးတာက. . ."

ကျွန်တော့်ကို. . . မျက်စောင်းချိတ်ကြည့်တယ်။

"ဘာဖြစ်လဲ. . . မသိချင်လို့လား"

"သိချင်ပါတယ်. . ."

"ဒါဆိုလည်းပြီးတာပဲ. . ."

www.burmeseclassic.com

www.burmeseclassic.com



"မပြီးဘူး. . . တခြားအဓိပ္ပာယ်ပါသေးလားလို့. . ."

ရွှေပိုးမျှင်က ရယ်တယ်. . .။ ခပ်ဖွဖွလေးရယ်တာပါ။

"တခြား ဘာအဓိပ္ပာယ်ရှိစေချင်သေးလို့လဲ. . ."

"မသိဘူး. . . ကျွန်တော်ကတော့ ရှိစေချင်တာပဲ. . ."

"ရှိစေချင်ရင်ရှိလိုက်ပေါ့. . . ရှင်းရှင်းလေးကိုရှုပ်နေပြန်ပြီ"

"တကယ်ပြောတာလား"

"တကယ်. . ."

"ဒါဆို. . . ရှိလိုက်ပြီ. . ."

ဒီလိုကျတော့လည်း သူမက ဘဝင်မကျပြန်ဘူး။

"ဘယ်လိုရှိလိုက်တာလဲ. . . ပြောဦးလေ. . ."တဲ့။

"ကျွန်တော့်ကို. . . လူကြီးစုံရာရှေ့ခေါ်ပြတာ. . . လို့. . ."

ရွှေပိုးမျှင်က တခစ်ခစ်ရယ်တယ်။ ရယ်လို့ဝမှ. . .

"အဓိပ္ပာယ်က နည်းနည်းလွဲနေသေးတယ်. . ."

"ဟာ. . . ဒါဆိုနီးစပ်တယ်ပေါ့"

နီးစပ်တယ်ဆိုတာနဲ့တင် ကျွန်တော်ဝမ်းသာအားရဖြစ်သွားပုံကို စာမဖွဲ့တတ်ဘူး. . . ရွှေပိုးမျှင်က. . . ခေါင်းညိတ်ပြတယ်။

"ဒါဆို. . . အဓိပ္ပာယ်အတိအကျကိုပြောပါဦး"

"မပြောပြဘူး. . ."

"မပြောပြလည်းနေ. . . ကျွန်တော်လိုချင်တာရပြီ ဆိုတာတော့ သေချာတယ် မဟုတ်လား. . ."

ရွှေပိုးမျှင်က. . . မျက်စောင်းလှလှလေးထိုးတယ်။ အဲဒီမျက်စောင်းရဲ့အဓိပ္ပာယ်က negative သဘောမဆောင်တာတော့ သေချာပါတယ်။

သေချာမှုတစ်ခုကို. . . ရလိုက်တဲ့အချိန်မှာ. . . ကျွန်တော် ပြေးသတိရမိတာက. . . ဇာနည်ပါ။ ဇာနည်ကျေနပ်မှာပ်လို့ တွေးမိမှ



ကျွန်တော်လွတ်လွတ်လပ်လပ်ပျော်ရတော့တယ်။ ကျွန်တော့်ကို ဒီကောင်မလေးရှေ့အရောက်ပို့ပေးခဲ့တဲ့. . . သွားလေသူ ယုစံကိုလည်း ကျေးဇူးတွေတင်နေမိသေးတယ်။

ကျွန်တော့်ဘဝမှာက ပူပြင်းခြောက်သွေ့ပြီး စိတ်ပျက်စရာကောင်းတဲ့နွေတွေကိုပဲ ရရှိခဲ့ဖူးတာပါ။ ခု. . . ကျွန်တော့်ရဲ့ (၃၁)ခု မြောက်နွေကတော့ အတော်လေးလှပနေခဲ့တယ်။ အချစ်ဟာ. . . အပူရောင်တွေကို. . . ဖယ်ရှားနိုင်စွမ်းရှိတယ်ထင်ပါရဲ့။

"ကျွန်တော် တကယ်ဝမ်းသာနေတယ်သိလား"

ကျွန်တော်ကားကို ရုတ်တရက်ထိုးရပ်လိုက်ပြီး. . . သူမရဲ့ လက်ကလေးကို လှမ်းဆွဲပြီး ရင်ဘတ်မှာအပ်ထားလိုက်တယ်။ သူမ. . . မရုန်းပါဘူး။ ထင်မှတ်မထားတဲ့ အိပ်မက်တွေကို မက်ခွင့်ရလိုက်လို့ ကျွန်တော်ပျော်နေတယ်။ သူမကော. . . ကျွန်တော်လိုပျော်နေမှာပဲ လား။ ကျွန်တော် မသိဘူး။ သူမမျက်နှာကလေး အေးငြိမ်းလှပနေတာ တော့ သေချာတယ်။

ကျွန်တော်တို့ အဲဒီအတိုင်း. . . အကြာကြီးငြိမ်သက်နေမိကြ တယ်။

အဲဒီတဒင်္ဂဟာ. . . တကယ့်ကို အဖိုးမဖြတ်နိုင်တဲ့ တဒင်္ဂပါပဲ။

ကြည်နူးမှုတွေ ဘဝထဲကို သယ်ဆောင်လာပေးတဲ့ ကံကြမ္မာကို ကျွန်တော်ကတော့ ကျေးဇူးတင်နေမိတယ်။ ကျွန်တော့်ရဲ့အနာဂါတ်မှာ စိုပြည်မှုတွေ၊ သာယာမှုတွေ ရရှိလာတော့မှာ. . . အသေအချာပါပဲ။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

### ~ နေ့ဆောင်နီကုန်း ~

ကျွန်မဘဝမှာတော့. . . နွေတွေကို အမှုမဲ့အမှတ်မဲ့ဖြစ် အောင် တမင်ဖြတ်သန်းခဲ့တာပါပဲ. . .။ ဒီနွေကလေးကတော့ ကျွန်မဘဝထဲကို ကြည်နူးမှုတချို့ ပြန်လည်ရရှိစေခဲ့တာဝန်ခံ ရပါလိမ့်မယ်. . .။ ကိုကို့ အပေါ်ထားခဲ့ဖူးတဲ့ စိတ်ညွှတ်ယိုင်နဲ့မှုတွေအတွက် ပိုင်နိုင်စွာ. . . အပြီးတိုင် အကုန်ပေးအပ်နိုင်ခဲ့တဲ့အတွက် ကိုယ့်ကိုယ်ကို ကျေနပ်နေသလို. . . လမ်းညွှန်မှုကောင်းတွေပေးခဲ့ပြီး စိတ်ဓာတ်ခိုင်ကျည်စေခဲ့တဲ့ ရင့်ကျက်မှုတွေရစေခဲ့တဲ့. . . ကိုကို့ကိုလည်း ကျေးဇူးတင်ပါတယ်. . .။ ယုံစံရေ မင်းစွန့်ခွာသွားခဲ့တဲ့ နွေမှာပဲ. . . ကိုယ့်ဘဝထဲကို လူတစ်ယောက်ရောက်လာခဲ့တယ်. . .။ ခုတော့. . . အဲဒီလူဟာ. . . ငါ့ဘဝ အတွက် အရေးပါဆုံးလူတစ်ယောက် ဖြစ်လာခဲ့ပြီ. . .။ နွေရာသီရဲ့ (၃၁)ရက်နေ့တွေကို ဘဝမှာ အမြဲသတိရနေမိတော့မှာ အသေအချာပါပဲ. . .။





ဧပြီလရဲ့ (၃၁)ရက်နေ့မှာ. . .
ကျွန်တော်တို့လက်ထပ်ဖြစ်ကြလိမ့်မယ်။
အဲဒီနေ့ဟာ. . . ကျွန်တော်ရဲ့ (၃၁)ခုမြောက်နွေရာသီထဲမှာ
အသေအချာရှိနေခဲ့မှာတော့ . . . သေချာတယ်. . . လို့
ကျွန်တော်ယုံတယ်. . .။

❄ ❄ ❄

ပြီးပါပြီ

မနော်ဟရီ
(19th, Nov '05)
13 : 00)

www.burmeseclassic.com